
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄-ခုနှစ်၊ ပထမအကြိမ်၊ ဇန်နဝါရီလ
အုပ်ရေ ၅၀၀
တန်ဖိုး ၁၀၀ဝိ/

ထုတ်ဝေသူ
ဒေါ်ခင်မာချို(ပန်းဝေဝေစာပေ)၊
အမှတ်(၃၆၀) ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဒေါ်အေးအေးကြူ(၀၅၆၄၄)၊
မိုးဝင်းပုံနှိပ်တိုက်၊ အမှတ် ၂၂ သိမ်ကြီးလမ်း၊
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဂ၉၅.၈၃
ကြိုသဉ်
တစ္ဆေဈေး/ ကြိုသဉ် ရန်ကုန်
ဝဏ္ဏထွန်းစာပေ၊ ၂၀၁၄
(၂၆၀) စာ၊ ၁၂.၅ x ၁၈.၃ စင်တီ
တစ္ဆေဈေး

# ကြိုသဉ်

# တစ္ဆေဈေး

ဂန္ထီရဆန်းကြယ်ဝတ္ထုရှည်

www.burmeseclassic.com

www.burmeseclassic.com

## ဒဿနလက်ဆောင်

ကမ္ဘာကြီးအား. . . .
အစဉ်မပြတ် လှည့်လည်သွားလာစေသောအရာမှာ
အင်အားကြီးသော ချစ်ခြင်းမေတ္တာမှလွဲပြီး
အခြားမရှိပါချေ. . . . ။

မေတ္တာတရားသည်
အချစ်၏နယ်နိမိတ်အကျယ်အဝန်း
တိုးတက်ကောင်းမွန်အောင်
ဆောင်ရွက်ပေးလေ့ရှိသည်။

ချစ်ခြင်းမေတ္တာမရှိသောနေရာသည်
စည်းစိမ်ချမ်းသာပြည့်ဝသော်လည်း
စိတ်ချမ်းသာမှုနှင့်ပျော်ရွှင်မှုကို
ပေးနိုင်မည်မဟုတ်ပေ. . . . ။

## ဒဿနလက်ဆောင်

အလုပ်လုပ်သောအခါ စက်ရုပ်လို မလုပ်သင့်ပေ။
ချစ်ခြင်းမေတ္တာကိုလည်း
ကျောက်ရုပ်လို မဆက်ဆံသင့်ပေ။
တာဝန်သိခြင်းနှင့်
တန်ဖိုးထားခြင်းသည် နှစ်ခုစလုံးအတွက်
အရေးကြီးဆုံး ဖြစ်ပါတယ်။

အလုပ်လုပ်နေစဉ်
နာရီနှင့်ပြက္ခဒိန်ကို မကြာခဏကြည့်နေလျှင်
အလုပ်ထဲမှာ အာရုံမရှိတော့သည်မှာ
အသေအချာဖြစ်သည်။

အလုပ်ကိုနည်းနည်းဖြစ်ဖြစ် ပိုလုပ်ပါ။
ပေးထားသောတာဝန်ကို နည်းနည်းပိုလုပ်ပါ။
တန်ဖိုးဖြတ်ထားသည်ထက်
ပိုကောင်းအောင် လုပ်ပေးနိုင်လျှင်
အောင်မြင်ခြင်းရဲ့ပထမနင်းကွက် ဖြစ်လာပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com

## ဒဿနလက်ဆောင်

ပုရွက်ဆိတ်တစ်ကောင်အတွက်
ဆန်တစ်စေ့ရဖို့ထက်
ကမ္ဘာကြီးဘယ်လောက်ကြီးသည်ဆိုသည်က
ပို၍ အရေးကြီးမည်မဟုတ်ပါချေ. . . .။

ဘေးဥပါဒ်အန္တရာယ်သည်
ခွန်အားနည်းပါးကြောက်တတ်သူများကြားမှ
စိတ်ဓာတ်ခိုင်မာသူကို
ရွေးထုတ်ပေးလေ့ရှိပါတယ်. . . .။

လူတစ်ယောက်၏ဘဝအဆင့်အတန်းဟူသည်
သူ၏အလုပ်ပေါ်တွင်
ထားရှိသောစိတ်ဓာတ်အပေါ်၌သာ
တည်ရှိနေပေသည်။

## ဒဿနလက်ဆောင်

ဆင်းရဲခြင်းအတွက်
ထောင်ထဲသွားကြည့်စရာမလိုပေ။
သေခြင်းတရားအတွက်လည်း
သုသာန်မြေသို့သွားကြည့်ရန် မလိုပါချေ။

သင့်နံဘေး၌ အဆင်သင့်ရှိနေသော်လည်း
သင်မမြင်နိုင်သောအရာနှစ်ခုရှိသည်။
ချစ်ခြင်းမေတ္တာနှင့်
သေခြင်းတရားပင် ဖြစ်ပါသည်။

တောထဲမှ မျောက်များလာစေလိုလျှင်. . . .
တောစပ်၌ မီးပုံတစ်ခုဖိုပေးရတယ်။
သို့သော် မီးတောက်လာစေရန်
ထင်းချောင်းကို ဘယ်လိုအသုံးချရပုံတော့
မျောက်များ မသိပါစေနှင့်. . . .။

www.burmeseclassic.com

www.burmeseclassic.com

# ကျမ်းဝတ္ထုတွင် ပါဝင်သောအခန်းများ


အခန်း( ၁ ) ပါလီမန်အမတ်တစ်ဦး သေဆုံးရခြင်း

အခန်း( ၂ ) အမှန်တရားဘက်မှ ရပ်တည်မည့်သူ

အခန်း( ၃ ) ဒေါက်တာမင်းထင်ကျော်နှင့် သဲလွန်စ

အခန်း( ၄ ) ထထိုင်လာသည့် အလောင်း

အခန်း( ၅ ) လောင်မီးကျစေသည့် နဂါးအဆိပ်

အခန်း( ၆ ) နတ်ဘုရားကျောင်းမှ သဲလွန်စ

အခန်း( ၇ ) နတ်ဆရာနှင့် တစ္ဆေဈေး

အခန်း( ၈ ) ဖုံးကွယ်မရသော သံယောဇဉ်

အခန်း( ၉ ) ဗိဗ္ဗစကျွကာလုနှင့် တွေ့ခြင်း

အခန်း( ၁၀ ) လောင်မီးကျလျက် မုခစက်

အခန်း( ၁၁ ) သဲလွန်စများနောက်
ခြေရာကောက်လေသော်

အခန်း( ၁၂ ) ခင်မေကြူနှင့် သေမင်းကျော့ကွင်း

အခန်း( ၁၃ ) ရွှေလီမြစ်မှ တစ္ဆေဈေးရှိသောနေရာ

အခန်း( ၁၄ ) ပဏ္ဏဝနှင့် တစ္ဆေဈေး

အခန်း( ၁၅ ) သစ္စာဖြင့်ရသော အဆိပ်ရေ

အခန်း( ၁၆ ) အမိပ္ပာယ်အရှိဆုံး အပြုံးများ




## အခန်း(၁)

## ပါလီမန်အမတ်တစ်ဦးသေဆုံးရခြင်း

တစ်နေ့သည် ရန်ကုန်မြို့အရှေ့ပိုင်းမြို့နယ်ထဲတွင် ပါဝင်သောရပ်ကွက်တစ်ခုအတွင်းသို့ ရှေ့နောက်တံခါးများ အလုံပိတ်ထားသောဗီရိုလှည်းတစ်စင်းဝင်လာလေသည်။

ထိုလှည်းဝင်လာသောလမ်းမှာ ရှေးအခါက'ကျုံးလမ်း' ဟု ခေါ်ကြပြီး ဗြိတိသျှနယ်ချဲ့များ လက်အောက်သို့ရောက်သောအခါ ကရစ်လမ်း(Creck Street) (ယခုအခေါ် ဗိုလ်မြတ်ထွန်းလမ်း)အတွင်းသို့ဖြစ်လေသည်။

အင်္ဂလိပ်များ သိမ်းပိုက်အုပ်စိုးထားစဉ်ကတည်းက ထို နေရာတစ်ဝိုက်မှာ လူနေအိမ်ခြေထူထပ်မှုမရှိလှပဲ ရွေ့ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပုံသဏ္ဍာန်ဖြင့် ဆောက်လုပ်ထားသောတိုက်ကြီးများသာရှိကြလေသည်။

အတွင်းဝန်ရုံးကြီးနှင့်နီးသောနေရာဖြစ်သောကြောင့် ထိုနေရာတစ်ဝိုက်မှာ နေထိုင်ကြသူများမှာ အစိုးရအမှုထမ်းတို့သာများလေသည်။

ပါလီမန်ခေတ်ရောက်ပြန်တော့ ပါလီမန်အမတ်အများစုနေထိုင်ကြသောရပ်ကွက်တစ်ခုလည်း ဖြစ်ပေသည်။

ထိုလမ်းတစ်လျှောက်တွင် အင်္ဂလိပ်ခေတ်လက်ရာပုံသဏ္ဍာန်မျိုးဖြင့် ဆောက်လုပ်ထားသောနှစ်ထပ်တိုက်၊ သုံးထပ်တိုက်ကြီးများဖြစ်ကာ အဝါနုရောင်၊ အစိမ်းရင့်ရောင်၊ နီညိုရောင်စသောဆေးရောင်အမျိုးမျိုးသုတ်ထားကြရာ လမ်းတစ်လျှောက်လုံးတွင် ရောင်စုံပန်းချီကားတစ်ချပ်နှင့်ပင် တူလှပေသည်။

ကရစ်လမ်း၏အားသာချက်မှာ ဗိုလ်ချုပ်အောင်ဆန်းလမ်း(ယခင်အခေါ် မောင်ဂိုမာရီလမ်း)တောင်ဘက်တစ်လျှောက်ရောက်သောအခါ လမ်းကျယ်ဖြစ်သွားလေသည်။

ရှေ့ဘက်မျက်နှာစာတွင် ကျောင်းများရှိခြင်း၊ ရေမြောင်းများရှိသောကြောင့် မျက်နှာစာရှင်းသောလမ်းတစ်လမ်းဖြစ်သည်ဆိုက မမှားပေ။

ထို့ကြောင့်လည်း ထိုလမ်းအတွင်းရှိ တိုက်များတွင်နေထိုင်ကြသူအများစုမှာ ငွေကြေးချမ်းသာသူများနှင့်ပါလီမန်အမတ်များ၊ အရာထမ်း၊ အမှုထမ်းများဖြစ်ကြလေသည်။





ရေကျော်၊ ကြက်တန်း၊ မောင်ဂိုမာရီလမ်းတစ်ဝိုက်နှင့်ဆက်စပ်မှုရှိသောနေရာတစ်ဝိုက်တွင် လူစည်ကားမှုများသော်လည်း ကမ်းနားလမ်းဘက်နှင့်ပိုနီးသောအခါ လူနေအိမ်ခြေကျဲသွားပြီး အေးချမ်းတိတ်ဆိတ်မှုများလေသည်။

ရှေ့၌ ရေးသားဖော်ပြခဲ့သည့်အတိုင်း တစ်ခုသောညနေပိုင်းအချိန်လောက်တွင် ကရစ်လမ်း၏အရှေ့ပိုင်းဘက်သို့တံခါးများ အလုံပိတ်ထားသောဇီရိုလှည်းတစ်စီးမောင်းဝင်လာလေသည်။

ဇီရိုလှည်းမှာ မင်္ဂလာရှိသောလှမ်းတော့မဟုတ်ပေ။

အသုဘတင်သောဇီရိုလှည်းမျိုးသာ ဖြစ်လေသည်။

ထို့ကြောင့် လှည်းဝင်ရိုးမြည်သံက သာယာနာပျော်ဖွယ်မရှိလှဘဲ 'တကျွိကျွိ၊ တအီအီ' နှင့်နားမချမ်းသာစရာအသံမျိုးထွက်ပေါ်နေလေသည်။

ထိုလှည်းမြည်သံကြားသောကြောင့် အချို့တိုက်များမှပြတင်းပေါက်တံခါးဟပြီး ကြည့်သည်။

အသုဘတင်သောလှည်းဖြစ်မှန်းသိသည်နှင့် တစ်ပြိုင်နက် တံခါးကိုချက်ချင်း ပြန်ပိတ်လိုက်ကြလေသည်။

တကျွိကျွိနှင့် လမ်းထဲသို့ဝင်လာသောဇီရိုလှည်းကြီးသည် ကရစ်လမ်းတစ်နေရာရှိ နှစ်ထပ်တိုက်တစ်လုံးရှေ့သို့ရောက်သောအခါ ရပ်တန့်သွားသည်။

ထိုအိမ်မှာ ပါလီမန်အမတ်ဦးရွှေကြူ၏တိုက်ပင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

လှည်းမောင်းလာသူက လက်ထဲမှာကိုင်ထားသောစာ ရွက်နှင့်အိမ်တံခါးပေါက်၌ ရေးသားသောဆိုင်းဘုတ်ပြားကိုတိုက် ကြည့်ကာ သေချာတော့မှ ဇီရိုလှည်းပေါ်မှဆင်းလေသည်။

အိမ်တံခါးအနီးသို့လျှောက်သွားပြီး တံခါးပေါက်ဝ၌ ချိတ်ဆွဲထားသောဆိုင်းဘုတ်ပြားကိုနောက်တစ်ကြိမ် ထပ်ကြည့် ပြန်သည်။

ဆိုင်းဘုတ်မှာကြေးပြားဖြင့် ဖောင်းကြွပြုလုပ်ထားခြင်း ဖြစ်ပြီး ရေးထားသောစာလုံးများမှာ. . . .

ဦးရွှေကြူ

ပါလီမန်အမတ်

အမှတ်(----)ကရစ်လမ်း၊ ဗိုလ်တစ်ထောင်မြို့နယ်

ရန်ကုန်မြို့----။

ဟူ၍ ဖြစ်သည်။

ဟောင်းနွမ်းသောအဝတ်အစားများကို ဝတ်ဆင်ထား သောသူဘရာဇာက တံခါးကိုခေါက်လိုက်သည်။

စောစောက ဇီရိုလှည်းသံကြားသဖြင့် တံခါးပေါက်ကိုဟ ကြည့်ပြီး အသုဘတင်သောဇီရိုလှည်းဖြစ်မှန်းသိသည်နှင့် ချက် ချင်း တံခါးပြန်ပိတ်လိုက်သောအိမ်သူအိမ်သားများမှာ မရှေးမ နှောင်းမှာပင် တံခါးခေါက်သံကြားရသဖြင့် များစွာ ထိတ်လန့်တုန် လှုပ်သွားကြလေသည်။





သမီးဖြစ်သူက မိခင်မျက်နှာကိုတစ်ချက်လှမ်းကြည့် လိုက်လေသည်။

"နင့်အဖေပြန်လာပြီလားမှမသိတာ. . . တံခါးသွားဖွင့် ပေးလိုက်လေ"

"အဖေ. . . ဒီအချိန်လောက်နဲ့ပြန်မလာသေးဘူး၊ စောစောက သမီးတို့အိမ်ရှေ့မှာ အသုဘတင်တဲ့လှည်းတစ်စီး ရပ်သွားတာ တွေ့လိုက်တယ်"

"အိမ်မှားတာ ဖြစ်မှာပေါ့. . . တံခါးသွားဖွင့်ပေးလိုက် လေ"

မိခင်ဖြစ်သူက ထပ်ပြောနေစဉ်မှာ နောက်ထပ်တံခါး ခေါက်သံက ပေါ်ထွက်လာသည်။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

ထိုတံခါးခေါက်သံမှာ ခင်မေကြူ၏နားထဲမှာ ဗုံးတစ်လုံး ပေါက်ကွဲသံကြားရသကဲ့သို့ တုန်လှုပ်သွားလေသည်။

သို့သော်လည်း မိခင်ဖြစ်သူက မျက်နှာရိပ် မျက်နှာကဲပြ တာ စေခိုင်းသဖြင့် တံခါးရှိရာသို့လျှောက်သွားကာ ဖွင့်ကြည့် လိုက်သည်။

တံခါးပေါက်ဝမှာတော့ စာရွက်တစ်ရွက်ကိုင်ထားသော အ ဝတ်အစားစုတ်စုတ်ပြတ်ပြတ်နှင့် ရပ်နေသည့် သူဘရာဇာ တစ်ယောက်ကိုတွေ့ရလေသည်။

"ဘာ. . . ဘာကိစ္စရှိလို့လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



အသံကတုန်ကရင်ဖြင့် မေးလိုက်သည်။

"ဒါ ပါလီမန်အမတ်ဦးရွှေကြူတို့အိမ် ဟုတ်ပါသလား ဗျာ"

"ဟုတ်. . . ဟုတ်ပါတယ်"

"ကျုပ်တို့က တာမွေသုသာန်က သုဘရာဇာတွေပါ. . . ဒီအိမ်ကို အလောင်း. . . ."

စကားမဆုံးသေးခင် ခင်မေကြူက အလန့်တကြားပြော လိုက်လေသည်။

"ရှင်. . . ရှင်တို့အိမ်မှားနေပြီ၊ လိပ်စာမှားနေပြီထင် တယ်. . . အတိတ်နိမိတ်မရှိ. . . ."

"မမှားပါဘူးဗျာ. . . ကျုပ်နာမည်တာတေလို့ ခေါ်ပါ တယ်၊ သုဘရာဇာလုပ်လာတာလည်း ကြာပါပြီ၊ ကျုပ်ပြောတဲ့စ ကားကိုဆုံးအောင်မှနားမထောင်ဘဲကိုး၊ ကျုပ်တို့က ဒီအိမ်ကအ လောင်းလာယူကြတာမဟုတ်ဘူး အလောင်းလာပို့ပေးတာဗျ"

"ရှင်. . . ဘယ်သူ့အလောင်းလည်းဟင်"

"ဦးရွှေကြူ အလောင်း"

"ရှင်. . . ."

ခင်မေကြူမှာ ပါးစပ်အဟောင်းသားဖြစ်သွားပြီးနောက် ကြက်သေသေသကဲ့သို့ဖြစ်သွားလေသည်။

"ခင်ဗျားတို့အိမ်က အလောင်းဟုတ်မဟုတ် ရထားထဲမှာ လာကြည့်ကြပါ"





ဟုပြောဆိုကာ သုဘရာဇာတာတေက ပြန်လှည့်ထွက် သွားလေသည်။

ထိုအခါမှ ဒေါ်စိန်မှုံနှင့်ခင်မေကြူတို့သားအမိနှစ် ယောက်ကြောက်ကြောက်ရွံ့ရွံ့ဖြင့် အိမ်ရှေ့မှာရပ်ထားသောရ ထားရှိရာသို့သွားကြလေသည်။

သူတို့ရောက်လာတော့ သုဘရာဇာတာတေက ခေါင်း တလားကို အပြင်ဘက်သို့ဆွဲတုတ်ပြီး အဖုံးဖွင့်ပြလိုက်သည်။

"အမယ်လေး. . . ကိုရွှေကြူရဲ့"

ခေါင်းတလားထဲမှ အလောင်းကိုမြင်သောအခါ ဒေါ် စိန်မှုံမှာ တစ်ခွန်းသာအော်နိုင်ပြီး ပုံလျက်သားလဲကျသွားလေရာ ခင်မေကြူနှင့်အိမ်ဖော်များက အမျိုးမျိုးပြုစုပေးကြရသည်။

အတန်ကြာသောအခါ အသက်မသေသော်လည်း ကောင်းစွာ နလံမထူနိုင်ဘဲ အိမ်ဖော်များက အိမ်ထဲသို့ပွေ့ခေါ် သွားကြရလေသည်။

ခင်မေကြူမှာလည်း ခေါင်းဖွင့်လိုက်ချိန်မှာ ကြည့်လိုက် ရာ ဖခင်ဖြစ်သူအလောင်းမှန်းသိသော်လည်း သေသေချာချာ တော့ မမြင်လိုက်ရပေ။

ထို့နောက် ဖခင်ဖြစ်သူကို အိမ်ထဲရောက်အောင်ပို့ပြီးမှ အရဲစွန့်ကာ နောက်တစ်ခေါက်ပြန်ဆင်းလာသည်။

ထိုအခါ သုဘရာဇာတာတေက ခေါင်းအဖုံးကိုနောက် ဆင်ကြိမ် ထပ်ဖွင့်ကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ မျက်စိအကြည့်မလွဲနိုင်တော့ပေ။

ခေါင်းတလားထဲ၌ သေဆုံးနေသောအလောင်းမှာ ဦးရွှေကြူအလောင်းပင်ဖြစ်တော့သည်။

သို့သော်လည်း ပုံမှန်အခြေအနေမျိုးဖြင့် သေဆုံးနေခြင်းမျိုးတော့မဟုတ်ပေ။

တစ်ကိုယ်လုံး မီးလောင်ကျွမ်းခံထားရသကဲ့သို့ဖြစ်ကာ ဝတ်ထားသောအဝတ်အစားများမှာပင် မီးလောင်ကျွမ်းထားလေသည်။ မျက်နှာနှင့်ဆံပင်များမှာလည်း မီးလောင်ထားကဲ့သို့ဖြစ်နေပြီး ရုပ်ပျက်ဆင်းပျက်ဖြစ်နေလေသည်။

"ကျွန်. . . ကျွန်မ အဖေ ဘယ်လိုဖြစ်ပြီး သေရတာလဲ ဟင်"

"အဲဒါတော့ ကျုပ်မသိဘူးဗျ"

"အလောင်းကို ဒီအိမ်ကို ဘယ်သူပို့ခိုင်းလိုက်တာလဲ"

"ကုလားလူမျိုးတစ်ယောက်ပဲဗျ. . . သူက ဒီအိမ်ကို အပို့ခိုင်းလို့ ကျုပ်တို့က လာပို့ပေးရတာပဲ. . . ဒါ ခင်ဗျားတို့အိမ်က အလောင်းမဟုတ်လား"

"ဟုတ်. . . ဟုတ်ပါတယ်ရှင်"

"ဒီလိုဆိုရင် ခေါင်းကို ဒီအိမ်ထဲပို့ပေးထားခဲ့မယ်. . . သုသာန်ကိုရထားနဲ့ပို့ချင်ရင်တော့ ကျုပ်တို့ကိုပဲ အကြောင်းကြားပေါ့ဗျာ"

ဟုပြောဆိုကာ ရထားနောက်ပိုင်းမှာပါလာသူနှစ်





ယောက်နှင့်သုဘရာဇာတာတေက ဦးရွှေကြူအလောင်းထည့်ထားသောခေါင်းတလားကြီးကိုမနိုင်မနင်းဖြင့် သယ်မကာ အိမ်ထဲသို့ပို့ပေးခဲ့ကြပြီးနောက် ပြန်ထွက်သွားလေတော့သည်။

အချိန်ကလည်း ညနေပိုင်းအချိန်ရောက်နေချေပြီ။

ဒေါ်စိန်မှုံတို့သားအမိခမျာ ဦးရွှေကြူရှိစဉ်က မတောင့်မတ မကြောင့်မကျနေနိုင်ခဲ့ကြသော်လည်း ယခုကဲ့သို့ ရုတ်တရက်ကြီး သေဆုံးသွားသောအခါ အားကိုးရာမဲ့သောဘဝသို့ ရောက်ကာ ဖြေမဆည်နိုင်အောင်ဖြစ်ကြရရှာသည်။

၎င်းတို့အိမ်မှာငိုကြွေးသံများကြားသဖြင့် အိမ်နီးချင်းအချို့လည်း ရောက်လာကြပြီး သတင်းမေးကြသည်။

ထိုအချိန်မှာ ဦးရွှေကြူနေအိမ်ရှေ့သို့ လင့်ရှိဘာကားတစ်စီးထိုးစိုက်ကာ ကားပေါ်မှ စုံထောက်နှင့်ပုလိပ်အချို့ဆင်းလာကြလေသည်။

ထိုအဖွဲ့ကို ဦးဆောင်လာသူမှာ ဗိုလ်တစ်ထောင်ဂါတ်ထဲ၌ တာဝန်ကျနေသည့်စုံထောက်ကျော်စွာပင် ဖြစ်ပေသည်။

၎င်းနောက်မှ ဆားပုလင်းမြဒင်နှင့်ပုလိပ်သုံးယောက်တို့လည်း ပါလာကြလေသည်။

စုံထောက်ကျော်စွာမှာ အသက် ၃၀ ပတ်ဝန်းကျင်အရွယ်ခန့်ရှိပြီး ဖျတ်လတ်သွက်လက်သည့်အမှုထမ်းဟောင်းတစ်ယောက်လည်း ဖြစ်သည်။

၎င်းတို့ရောက်လာသောအခါ မိခင်ဒေါ်စိန်မှုံမှာ နေရာ



www.burmeseclassic.com

www.burmeseclassic.com



မှပင်မထိုင်တော့သဖြင့် ခင်မေကြူကိုယ်တိုင်ပင် နေရာထိုင်ခင်းပေးကာ ဧည့်ခံရလေသည်။

"ကျွန်တော်က ဗိုလ်တထောင်ဂါတ်ထဲက စုံထောက်ကျော်စွာပါ. . . ဒါထက် ခင်ဗျားက ဘယ်သူပါလဲ"

"ကျွန်မနာမည် ခင်မေကြူပါရှင်. . . အခုသေဆုံးသွားတဲ့ဦးရွှေကြူရဲ့သမီးပါ"

ခင်မေကြူကငိုသံဖြင့်ရောနေသောအသံဖြင့် ပြန်ပြောလိုက်လေသည်၊

"ဪဗျာ. . . ကျွန်တော်တို့လည်း ဒီသတင်းကြားရတာ စိတ်မကောင်းပါဘူး၊ ကျွန်တော်တို့လည်း သတင်းကြားကြားချင်း အခင်းဖြစ်တဲ့နေရာကိုချက်ချင်း သွားကြတာပါပဲ၊ ဟိုရောက်သွားတဲ့အခါ အလောင်းကမရှိတော့ဘဲ အိမ်ပို့လိုက်ပြီဆိုလို့ ဒီကိုလိုက်လာကြတာပါ"

"ကျွန်မအဖေ ဘယ်လိုဖြစ်ပြီး မီးလောင်သေရတာလဲရှင်"

"ကျွန်တော်တို့စုံစမ်းသိရသလောက်ပြောရရင်တော့ ဦးရွှေကြူသေဆုံးရတာ အတော်အံ့ဩစရာကောင်းတယ်၊ သူ အတွင်းဝန်ရုံးကနေ အပြင်ဘက်ကိုရောက်ပြီး မကြာခင်မှာပဲ တစ်ကိုယ်လုံး မီးတောက်တွေထတောက်လာတာပါပဲ၊ မနီးမဝေးမှာရှိတဲ့လူတွေက သူ့ကိုအကူအညီပေးဖို့ပြေးသွားကြပေမယ့် မီးတောက်တွေက အရှိန်များလွန်းတာနဲ့အနားမကပ်နိုင်ကြတာနဲ့





အခုလိုသေရတာပါ"

စုံထောက်ကျော်စွာက သူစုံ စမ်းသိသမျှကို ပြန်ပြောပြလိုက်သည်။

"ဖြစ်ရလေ. . . အဖေရယ်"

"ကျွန်တော်တို့လည်း စိတ်မကောင်းပါဘူး. . . ဒါထက် မခင်မေကြူကိုမေးချင်တာလေးတွေ မေးပါရစေ"

"ဦးရွှေကြူက ပါလီမန်အမတ်တစ်ယောက် ဟုတ်တယ်နော်"

"ဟုတ်ပါတယ်"

"သူမှာ ရန်ငြိုးရန်စရှိတယ်လို့များ သိပါသလား"

"အဖေက သူ့အလုပ်ကို အိမ်သူအိမ်သားတွေတော်င်အသိပေးတာမဟုတ်တော့ ကျွန်မတို့တော့ ဘာမှမကြားမိပါဘူး၊ ပါလီမန်အမတ်ရွေးကောက်ပွဲတွေကလည်း တဖြည်းဖြည်းနီးလာပြီဆိုတော့ ပြိုင်ဘက်တွေကတော့ ရှိချင်ရှိမှာပါ"

"ဒါကတော့ ရှိမှာပါ. . . ကျွန်တော်သိချင်တာက တခြားအကြောင်းကိစ္စတွေနဲ့ပတ်သက်ပြီးတော့ ရန်ငြိုးရန်စရှိမရှိကိုသိချင်တာပါ"

"အဲဒီလိုတော့ ရှိမယ်မထင်ပါဘူး. . . အဖေကမှန်တယ်ထင်ရင် နောက်မဆုတ်တမ်း လုပ်တတ်တဲ့ဥာဉ်ရှိတာကလွဲပြီး လူဖြောင့်တစ်ဦးဆိုတော့ တခြားရန်ငြိုးရန်စတော့ ရှိမယ်မထင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါထက် သေတာက အတွင်းဝန်ရုံးဝန်းထဲမှာ. . . အဲ လောင်းက ဘယ်ပုံဘယ်နည်းနဲ့ ဒီအိမ်ပြန်ရောက်လာတာလဲ"

"ကျွန်မတို့လည်း မသိပါဘူး. . . သုဘရာဇာတွေက ရထားနဲ့လာပို့ပေးသွားလို့ အခုလိုပြန်ရောက်လာတာပါပဲ"

"ဘယ်သုသာန်က သုဘရာဇာတွေတဲ့လဲ"

"တာမွေသုသာန်ကလို့တော့ ပြောသွားတာပါပဲ"

"ကျွန်တော်တို့ ဘယ်ပုံဘယ်နည်းသေရတယ်ဆိုတာ စစ်ဆေးကြည့်ဖို့ အလောင်းကိုဆေးရုံကြီးကို သယ်ယူသွားရပါမယ်"

ခင်မေကြူက မျက်ရည်စက်လက်ဖြင့် ခေါင်းညိတ်ပြသည်။

မကြာခင်မှာ စုံထောက်ကျော်စွာမှာထားသောလူနာတင်ကားရောက်လာသဖြင့် ဦးရွှေကြူအလောင်းထည့်ထားသောခေါင်းတလားကြီးကို ကားပေါ်သို့ပြန်တင်ရန် စီစဉ်ကြရလေသည်။

ဆေးရုံကြီးမှ ကားဖြင့် တစ်ပါတည်းပါလာသောကုလားများကပင် ထိုကိစ္စကိုဆောင်ရွက်ကြလေသည်။

အလောင်းကို ကားပေါ်တင်ပြီးသောအခါ စုံထောက်ကျော်စွာလည်း ခင်မေကြူတို့ကိုနှုတ်ဆက်ပြီးနောက် အပြင်သို့ ထွက်ခဲ့လေသည်။

အိမ်ထဲမှာတော့ ငိုသံများက ကျယ်လောင်စွာ ပေါ်ထွက်လာလေသည်။





အချိန်က နေဝင်ရီတရောအချိန်သို့ရောက်နေချေပြီ. . .။

ဿဿဿ



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂)

## အမှန်တရားဘက်မှရပ်တည်မည့်သူ

လူတစ်ယောက်သေဆုံးသောကိစ္စမှာ 'သက်ဆိုင်သူမိသားစုဝင်များမှလွဲပြီး ကျန်လူများအတွက်ကတော့ အဆန်းတကြယ်ကိစ္စမျိုးတော့ မဟုတ်ပေ။

သို့သော်လည်း ဆန်းကြယ်သောသေဆုံးမှုများကြောင့် လူအများစိတ်ဝင်စားရသောသေဆုံးမှုများလည်း ရှိကြလေသည်။

ထိုအထဲတွင် ဦးရွှေကြူသေဆုံးသွားသောအမှုကို လူအများက များစွာ စိတ်ဝင်စားကြလေသည်။

အဘယ်ကြောင့်ဆိုသော် ဦးရွှေကြူမှာပါလီမန် အမတ်တစ်ဦးဖြစ်သောကြောင့်ပင်. . . .။





ထို့ထက် ၎င်းသေဆုံးရပုံက ဆန်းကြယ်သောကြောင့် စိတ်ဝင်စားမှုများကြခြင်းပင်ဖြစ်ပေသည်။

ဦးရွှေကြူသေဆုံးသွားပြီး နောက်တစ်နေ့ထုတ်ဝေသောသတင်းစာနှင့်ဂျာနယ်များတွင် ထိုသတင်းကို ရှေ့မျက်နှာဖုံးသတင်းအဖြစ် ဦးစားပေးဖော်ပြကြလေသည်။

"ထူးဆန်းစွာ သေဆုံးရသောပါလီမန်အမတ်ဦးရွှေကြူအကြောင်း. . . ."

၁၃၀၇ ခုနှစ် တန်ဆောင်မုန်းလဆုတ်(၁)ရက် အင်္ဂါနေ့(၁၉၄၅ ခု - နိုဝင်ဘာလ ၂၀ ရက်) နေ့က ရန်ကုန်မြို့ မောင်ဂိုမာရီလမ်းနှင့်စပတ်(စ်)လမ်း(Sparks Street)ထောင့်၌ရှိသော အတွင်းဝန်ရုံးဝန်းထဲတွင် ယမန်နေ့ညနေပိုင်းအချိန်လောက်က ထူးဆန်းသောလူသေမှုတစ်ခုဖြစ်ပွားခဲ့ပါကြောင်း. . .။

သေဆုံးသူမှာလည်း သာမန်အဆင့်အတန်းထဲမှမဟုတ်ဘဲ ဂုဏ်သရေရှိသော ပါလီမန်အမတ်တစ်ဦးဖြစ်ပါကြောင်း၊

ထိုပုဂ္ဂိုလ်၏အမည်မှာ ဦးရွှေကြူဖြစ်ပြီး ဗိုလ်တထောင်မြို့နယ်ကရစ်လမ်းအတွင်း အမှတ်(----)၌ နေထိုင်သူဖြစ်ပါကြောင်း၊

အခင်းဖြစ်ပွားသောနေ့က သေဆုံးသူမှာ အတွင်းဝန်ရုံး၌ အစည်းအဝေးရှိသဖြင့် သွားရောက်ခဲ့ခြင်းဖြစ်ကြောင်းသိရှိခဲ့ရပြီး ညနေပိုင်း(၃)နာရီ အချိန်ခန့်က အစည်းဝေးပြီးသဖြင့် အပြင်သို့ပြန်ထွက်လာခဲ့ကြောင်း၊



www.burmeseclassic.com

www.burmeseclassic.com



ရုံးအပြင်ဘက်တစ်နေရာရောက်သောအခါမှ မမျှော်လင့်သောအဖြစ်အပျက်နှင့်ကြုံတွေ့ခဲ့ရဟန်ရှိကြောင်း၊

ဖြစ်ပွားပုံမှာ ဦးရွှေကြူသည် အတွင်းဝန်ရုံးမှအပြင်ဘက်သို့ထွက်လာပြီး နာရီအနည်းငယ်ကြာသောအချိန်မှာပင် ကိုယ်ပေါ်မှမီးတောက်များ တောက်လောင်လာခဲ့ကြောင်း၊

ထိုမီးတောက်များ ထတောက်လာသည်ကိုတွေ့မြင်ရသဖြင့် ပတ်ဝန်းကျင်တစ်ဝိုက်မှာမြင်တွေ့ရသောသူများက အကူအညီပေးရန် အလျှင်အမြန်သွားရောက်ကြပါသော်လည်း အချိန်မမီကြတော့ပေ။

မျက်မြင်တွေ့ရှိသူများက သတင်းထောက်ကိုပြောပြရာတွင်ပါရှိသောအချက်မှာ ကိုယ်ပေါ်မှတောက်လောင်သောမီးတောက်တို့မှာ ခါတ်ဆီလောင်းပြီး မီးရှို့သည်ထက်ပင် ပိုမိုလျင်မြန်လှကြောင်း၊

မီးတောက်များတောက်လောင်ပြီး မကြာမီမှာပင် လဲကျသေဆုံးသွားပါကြောင်း၊

ဦးရွှေကြူမှာ ပါလီမန်အမတ်တစ်ဦးဖြစ်သည်နှင့်အညီ မိတ်ဆွေသင်္ဂဟပေါများသူဖြစ်ကြောင်း၊

ယခုအခါတွင် ပါလီမန်အမတ်ရွေးကောက်ပွဲရက်ကလည်း တဖြည်းဖြည်းနှင့်တစ်နေ့ တခြားပိုမိုနီးကပ်လာပြီဖြစ်ရာ ဦးရွှေကြူသေဆုံးရခြင်းမှာ ဝမ်းနည်းဖွယ်ရာဖြစ်ပါကြောင်း၊

ထိုသေဆုံးသောအမှုမှာ အများပြည်သူများက များစွာစိတ်ဝင်စားနေကြသောအမှုဖြစ်သည်နှင့်အညီ ပုလိပ်မင်းကြီး စုံထောက်မင်းကြီးတို့၏ညွှန်ကြားစေခိုင်းမှုအတိုင်း ပုလိပ်အဖွဲ့နှင့်စုံထောက်အဖွဲ့တို့မှာ အမှုမှန်လမ်းကြောင်း ဖြောင့်တန်းစွာပေါ်ပေါက်စေရန်အတွက် နေ့ရောညပါ အစွမ်းကုန်ကြိုးစားအားထုတ်မှုပြုနေပါကြောင်း၊ သတင်းကောင်းကြားသိရသဖြင့် ကျွန်ုပ်တို့သတင်းစာမှ ပြည်သူများသိရှိစေရန် အထူးတလည်ရေးသားတင်ပြပေးရခြင်းဖြစ်ပါကြောင်း. . . . ။

ဟု ရေးသားဖော်ပြကြလေသည်။

သတင်းစာနှင့်ဂျာနယ်အသီးသီးတို့မှ ထိုကဲ့သို့အသီးသီးရေးသားဖော်ပြကြရာ ပုလိပ်အဖွဲ့၊ စုံထောက်အဖွဲ့တို့မှာ ပင်ကိုမီးစနှင့်ထိုးနေသကဲ့သို့ရှိကာ အမှုမှန်ပေါ်ရေးအတွက် အစွမ်းကုန်ကြိုးစားဆောင်ရွက်ကြရလေသည်။

ထိုအချိန်က ပုလိပ်ဌာန၊ စုံထောက်ဌာနတို့တွင် တာဝန်ယူအုပ်ချုပ်နေသူတို့မှာ မျက်နှာဖြူအရာရှိများဖြစ်လေသည်။

၎င်းတို့သည် အမှုတစ်ခုပေါ်ပေါက်လာလျှင် ၎င်းတို့လက်အောက်၌ရှိသောအမှုထမ်း၊ အရာထမ်းများကိုခေါ်ပြီး အမှုမှန် အမြန်ပေါ်ရေး ကြိုးစားလုပ်ကိုင်ကြရန် ညွှန်ကြားစေခိုင်းကြသည့်ဝတ္တရားရှိသည့်အတိုင်း ယခုလည်း စုံထောက်မင်းကြီးမစ္စတာရုံးခန်းအတွင်းမှာ စုံထောက်အရာရှိများရောက်နေကြလေသည်။

စုံထောက်အရာရှိ အတော်များများမှာ မြန်မာလူမျိုးတို့ဖြစ်ကြလေသည်။







www.burmeseclassic.com

www.burmeseclassic.com



စုံထောက်မင်းကြီး မစ္စတာစမစ်(အို၊ ဘီ၊ အီး)က (Case Parade)စစ်ဆေးခြင်း။ တိုးတက်မှုအစီရင်ခံစာများ စစ်ဆေးခြင်း၊ ကြားနာခြင်း၊ ညွှန်ကြားချက်များပေးခြင်းများ ပြုလုပ်လေသည်။

ထိုကဲ့သို့ (Case Parade)ဟုခေါ်သော အမှုတွဲများ အစီရင်ခံစားများစစ်ဆေးသောနေ့ရောက်ပြီဆိုလျှင် အနည်းနှင့်အများ ဆူပူကြိမ်းမောင်းခြင်း၊ အပြစ်တင်ခြင်း၊ ရှုံ့ချပြောဆိုခြင်းက ပိုများလေသည်။

မျက်နှာဖြူများက မြန်မာလူမျိုးများဆိုလျှင် အထင်အမြင်သေးစွာဖြင့် တစ်ဆင့်နိမ့်ပြီး ဆက်ဆံပြောဆိုလေ့ရှိရာ စေခိုင်းသည့်အလုပ်အောင်မြင်ပါက အနည်းငယ်မျှ ချီးကျူးပြောဆိုရမည်ကို ဝန်လေးတတ်ကြသော်လည်း အကယ်၍ ၎င်းတို့စေခိုင်းသည့်အတိုင်း အောင်မြင်အောင် မဆောင်ရွက်နိုင်လျှင်တော့ ပြစ်တင်ကြိမ်းမောင်းသံ၊ ဆဲဆိုရေရွက်သံများက နားမခံသာအောင်ကြားကြရလေသည်။

အင်္ဂလိပ်ဘာသာနှင့်မြန်မာဘာသာ ဝေါဟာရချင်းမတူသဖြင့် ချီးကျူးပြောဆိုရန် စကားလုံးရှားပါးစေကာမူ ပြစ်တင်ကြိမ်းမောင်းခြင်းနှင့်ဆဲဆိုခြင်းစသောဝေါဟာရများကိုတော့ ဖောဖောသီသီ ပြောဆိုနိုင်ကြလေသည်။

"မောင်မင်းတို့တင်တဲ့အစီရင်ခံစာတွေ၊ မှတ်တမ်းတွေ ကြည့်လိုက်ရင် တစ်ခုမှအားရစရာမရှိဘူး၊ အမှုဖြစ်တာက တခြား





ရေးထားတဲ့အကြောင်းအရာက တခြားစီပဲ၊ ဘာနဲ့တူသလဲဆိုတော့ ယောကျ်ားကြီးတစ်ယောက်ကို သနပ်ခါးလိမ်း ပန်းပန်ပြီး ထမီဝတ်ပေးထားသလိုပဲ"

မစ္စတာစမစ်က မြန်မာပြည်မှာအနေကြာခဲ့ပြီဖြစ်သောကြောင့် မြန်မာပြည်အကြောင်းနှင့်မြန်မာတွေရဲ့အကြောင်းကို အတော်ကလေးသိသည်။

မြန်မာစကားနှင့်ဝေါဟာရတို့ကို အတော်ကလေးနားလည်သူဖြစ်သည်။

သို့ကြောင်း အချို့အရေးကြီးသောအကြောင်းအရာများဆိုလျှင် ဥပမာပေးကာပြောလေ့ရှိသည်။

"ဆူးချုံပေါ် ဆီးခက်တင်"

"ကြိုးရှုပ်တော့မှ မီးကမျှောင်"

စသောဝေါဟာရများကို ရှုပ်ထွေးသောအမှုများလိုက်ရာတွင် မဖြေရှင်းနိုင်သည့်အပြင် ပိုမိုရှုပ်ထွေးအောင်ပြုလုပ်သောအမှုလိုက်စုံထောက်များကိုပြောဆိုရာတွင် ပြောလေ့ရှိသလို. . .

အမှုကတခြား၊ ကောက်ချက်ချတာကတလွဲဖြစ်နေသောအမှုလိုက်စုံထောက်များ၊ ပုလိပ်များကိုတော့. . . .

"ကုန်းပေါ်လှေလှော်၊ ရေပေါ်လှည်းမောင်း၊

ငပိထောင်းကို သနပ်ခါးလိမ်း"

စသောဝေါဟာရများဖြင့် ပယ်ပယ်နယ်နယ်ရှုံ့ချပြောဆိုတတ်သူဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း သူ့ရုံးခန်းထဲတွင် စုံထောက်အရာရှိများ တင်ထားသော ၎င်းတို့စုံစမ်းစစ်ဆေးရသောအမှုတွဲမှတ်တမ်းများကို တစ်ခုချင်း ဖတ်ကြားပြီး ဆူပူကြိမ်းမောင်းလျက်ရှိနေသည်။

"မောင်မင်းတို့ မြန်မာလူမျိုးတွေဟာ ပညာသင်ရမှာကို အလွန်ဝန်လေးတတ်တယ်၊ ပညာတတ်တစ်ယောက်ဖြစ်ရတာကိုလည်း ဂုဏ်မယူတတ်ကြဘူး။ ဒါကြောင့် အောက်တန်းနောက်တန်းကျပြီးနေကြရတာပဲ"

ထိုစကားကြားတော့ အချို့လည်း မခံချင်ဖြစ်မိသော်လည်း ရှေ့မှာတော့ နည်းနည်းမှမလှုပ်ဝံ့ပေ။

"ကျွန်ုပ်က ဒီလိုမှန်တာပြောတော့ စိတ်ထဲကမခံချင်ဖြစ်ကြဦးမယ်၊ အမှန်တော့ ပညာမတတ်တော့ အတွေးအခေါ်မကောင်း၊ အတွေးအခေါ်မကောင်းတော့ ဘာပဲလုပ်လုပ် အမှားအယွင်းဖြစ်တာမဆန်းလှပါဘူး။ အခုလည်း မောင်မင်းတို့လိုက်တဲ့အမှုတွေကိုကြည့်လိုက်ရင် အမှုမှန်ပေါ်ဖို့တော့ ဝေးရော. . . ရှင်းတဲ့အမှု ပိုရှုပ်အောင်၊ ရှုပ်တဲ့အမှုပိုခက်အောင် လုပ်ထားတာကိုပဲတွေ့ရတယ်၊ ကြာရင် ကျွန်ုပ်ကို ဘုရင်ခံချုပ်က အင်္ဂလန်ပြန်ပို့တဲ့အထိ အပြစ်ပေးအရေးယူတော့မှာ အသေအချာပဲ"

ရုံးခန်းထဲမှာတော့ မစ္စတာစမစ်၏ဟိန်းဟောက်ပြောဆိုနေသောအသံများက ကျားတစ်ကောင်၏ဟိန်းဟောက်သံကဲ့သို့ ကျယ်လောင်စွာ ပေါ်ထွက်လျက်ရှိနေသည်။

ရှေ့၌ရပ်နေကြသောစုံထောက်အရာရှိများမှာလည်း အ



ချို့စိတ်ထဲက မကျေနပ်ကြသော်လည်း ကြောင်ရှေ့ရောက်နေသောကြွက်များကဲ့သို့ ငြိမ်သက်နေကြရသည်။

ထိုစုံထောက်အရာရှိများထဲတွင် စုံထောက်ကျော်စွာသည်း အပါအဝင်ဖြစ်လေသည်။

မစ္စတာစမစ်က အထက်အရာရှိတို့၏အကျင့်အတိုင်း မိမိလက်အောက်မှာ တာဝန်ထမ်းဆောင်နေကြသောအရာရှိ၊ အရာခံတို့ကိုတွေ့သည်နှင့်အကြောင်းမရှိအကြောင်းရှာလျက် ဆူပူကြိမ်းမောင်းခြင်း။

မလိုအပ်သည့်တိုင် 'လိုအပ်သည်များကို စီစဉ်ညွှန်ကြားပေးပြီးနောက်တွင် နောက်ဆုံးမှအရေးကြီးသောစကားကိုမေးသည်။

"အတွင်းဝန်ရုံးအတွင်းမှာ မီးလောင်သေသွားတဲ့ပါလီမန်အမတ်ရဲ့အမှုတွဲကို ဘယ်သူကိုင်သလဲ"

"ကျွန်တော်ကိုင်ပါတယ် မင်းကြီး"

ထိုစကားကြားသောအခါ စုံထောက်မင်းကြီးက စုံထောက်ကျော်စွာကိုတစ်ချက်ကြည့်လိုက်ပြီး ကျန်နေသည့်စုံထောက်အရာရှိများကို အပြင်သို့ပြန်ထွက်ခိုင်းလိုက်ရာ ထိုအခါမှပင် စုံထောက်အရာရှိများမှာ ယခုမှလွတ်လပ်ခွင့်ရသကဲ့သို့ စိတ်ပေါ့ပါးစွာဖြင့် သူ့ထက်ငါ ဦးအောင် စုံထောက်မင်းကြီးအား အလေးပြုအရိုအသေပေးကာ အခန်းထဲမှထွက်သွားကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှာတော့ စုံထောက်မင်းကြီးနှင့်စုံထောက်ကျော်စွာတို့နှစ်ယောက်တည်း ကျန်နေခဲ့လေသည်။

အခြားစုံထောက်အရာရှိများ အပြင်သို့ပြန်ထွက်သွားသောအခါတွင် စောစောကတင်းမာနေသောစုံထောက်မင်းကြီး၏မျက်နှာပေါ်တွင်တင်းမာမှုများမရှိတော့ဘဲ ပုံမှန်အခြေအနေမျိုး ပြန်လည်ရောက်နေချေပြီ။

"ထိုင်ပါ. . . စုံထောက်ကျော်စွာ"

စုံထောက်ကျော်စွာက စားပွဲရှေ့၌ရှိသောကုလားထိုင်သို့ ဝင်ထိုင်လိုက်သည်။

"စီးကရက်သောက်ချင်ရင် သောက်ပါ"

ဟု ခွင့်ပေးသဖြင့် စီးကရက်တစ်လိပ်ကိုထုတ်ယူပြီး မီးညှိကာ တစ်ဖွာနှစ်ဖွာ ဖွာလိုက်တော့မှ နေသာထိုင်သာရှိသွားလေတော့သည်။

"ပါလီမန်အမတ် ဦးရွှေကြူသေတဲ့အမှုအခြေအနေက ဘယ်လိုရှိသလဲ မောင်ကျော်စွာ"

"စုံစမ်းစစ်ဆေးနေဆဲပဲရှိပါသေးတယ် မင်းကြီး"

"မောင်မင်းရဲ့ထင်မြင်ယူဆချက်ရော ဘယ်လိုရှိသလဲ"

"သာမန်သေဆုံးမှုတော့ ဟုတ်မယ်မထင်ပါဘူး"

"မှန်ပါတယ်. . . လူတစ်ယောက်မီးလောင်ခံရတယ်ဆိုတာ သာမန်တော့ ဘယ်ဖြစ်နိုင်ပါ့မလဲ"

"မှန်ပါတယ် မင်းကြီး. . . အမှုမှန်အခြေအနေ အမြန်ဆုံးပေါ်ပေါက်လာအောင် ကျွန်တော် အမြန်ဆုံးကြိုးစားဆောင်ရွက်ပေးပါ့မယ်"



"မြန်မာလူမျိုးတွေထဲမှာတော့ မောင်မင်းဟာ အရည်အချင်းရှိတဲ့လူရွယ်တစ်ယောက်ဆိုတော့ ကျွန်ုပ်သိပါတယ်၊ ခက်ခဲရှုပ်ထွေးတဲ့အမှုမျိုးတွေကို မောင်မင်းလိုက်လို့ အမှုမှန်ပေါ်တာတွေ အများကြီးရှိပါတယ်"

"အခုလို အသိအမှတ်ပြုပေးတာ ကျေးဇူးတင်ပါတယ် . . . ဒါပေမယ့်"

"ပွင့်ပွင့်လင်းလင်းပြောပါ စုံထောက်ကျော်စွာ"

"ခက်ခဲရှုပ်ထွေးတဲ့အမှုမျိုးတွေ အဖြေမှန်ပေါ်ပေါက်ခဲ့တယ်ဆိုတာ ကျွန်တော်တစ်ယောက်တည်း အစွမ်းအစကြောင့်တော့ မဟုတ်ပါဘူး၊ ကျွန်တော်မိတ်ဆွေကြီး ဒေါက်တာမင်းထင်ကျော်ရဲ့အစွမ်းအစတွေကြောင့် ပေါ်ပေါက်ခဲ့တာဖြစ်ပါတယ်၊ ဒါကိုတော့ ဖုံးကွယ်ထားလို့မဖြစ်ပါဘူး"

ထိုစကားကြားသောအခါ စုံထောက်မင်းကြီးက မျက်မှောင်ကျုံ့လျက် နားထောင်နေရာမှလက်ခံသည့်အနေဖြင့် ခေါင်းညိတ်ပြလိုက်လေသည်။

"သူ့အကြောင်းကိုတော့ ကျွန်ုပ်ကောင်းကောင်းသိပါတယ်၊ သူ့အကူအညီပေးလို့ ခက်ခဲတဲ့အမှုကြီးပေါ်ပေါက်ခဲ့တာတိုလည်း လက်ခံပါတယ်၊ ဒီလူက တကယ့်လူတော်တစ်ယောက်ပါပဲ. . . ပညာတတ်တော့ အတွေးအခေါ်လည်း အတော်

www.burmeseclassic.com

www.burmeseclassic.com



ကောင်း တယ်၊ ချန္ဒရာဘို့(စ်)ရဲ့ရတနာသစ္စည်းတွေနဲ့ပတ် သက်တဲ့ 'မမ္မသောက'အမှုကိုပေါ်အောင် လိုက်ခဲ့တာတော့ လက်ဖျားခါလောက်တယ်"

စုံထောက်မင်းကြီးမှာ မျက်နှာဖြူလူမျိုးဖြစ်သည့်အားလျော်စွာ မြန်မာလူမျိုးများအား ချီးကျူးပြောဆိုရာမှာ ဝန်လေးတတ်သူဖြစ်သည်။

ယခုအခါ ဒေါက်တာမင်းထင်ကျော်အကြောင်းအား မိမိရှေ့မှာပင် ပြောဆိုချီးကျူးနေသည်ကိုကြားရသောအခါ စိတ်ထဲ၌ များစွာ ဝမ်းသာဂုဏ်ယူမိလေသည်။

"ဒီလို လူမျိုးတစ်ယောက်သာ ကျွန်ုပ်တို့စုံထောက်အဖွဲ့မှာရှိနေရင် စုံထောက်အဖွဲ့ကြီးအတွက် အတော့်ကို အားကိုးရမှာပဲ"

"ဒါပေမယ့် သူက ဝန်ထမ်းအလုပ်ဆိုရင် ဘယ်တော့မှ လုပ်မှာမဟုတ်တော့ ခေါ်ရင်လည်း လုပ်မှာမဟုတ်ပါဘူး၊ ဒါပေမယ့် အရေးကြီးတဲ့အမှုမျိုးတွေမှာ သူ့ကိုအကူအညီတောင်းရင်တော့ အချိန်မရွေး အကူအညီပေးပါတယ် မင်းကြီး"

"ကောင်းပြီလေ. . . အခုဖြစ်တဲ့အမှုက သာမန်လူသေမှုမျိုးမဟုတ်ဘူး မောင်ကျော်စွာ၊ ပါလီမန်အမတ်ရွေးပွဲနီးတော့မှ ပါလီမန်အမတ်တစ်ဦးသေရတာကို အားလုံးကစိတ်ဝင်စားပြီး မျက်စိဒေါက်ထောက်စောင့်ကြည့်နေကြတယ်. . . အမှုမှန် အမြန်ဆုံးပေါ်မှဖြစ်မယ် မောင်ကျော်စွာ"





စုံထောက်မင်းကြီးက စားပွဲပေါ် လက်နှစ်ဖက်ထောက်တာ ကိုယ်ကိုရှေ့သို့ကိုင်းလျှက် လေသံခပ်တိုးတိုးဖြင့် ပြောလိုက်ခြင်းဖြစ်သည်။

စုံထောက်ကျော်စွာက လက်ထဲမှတိုသွားပြီဖြစ်သောစီးတရက်ကို ဆေးလိပ်ပြာခံခွက်ထဲသို့ထိုးချေလိုက်သည်။

"ကောင်းပါပြီ ကျွန်တော် အစွမ်းကုန်ကြိုးစားပြီး အမြန်ဆုံးအမှုမှန်ပေါ်အောင် ကြိုးစားပေးပါ့မယ် မင်းကြီး"

"အမှုမှန် အမြန်ဆုံးပေါ်ပေါက်ဖို့အတွက် မောင်ကျော်စွာရဲ့မိတ်ဆွေ ဒေါက်တာမင်းထင်ကျော်ရဲ့အကူအညီကိုယူတန်ယူဖို့ ကျွန်ုပ်ကခွင့်ပေးပါတယ်"

"ကျေးဇူးတင်ပါတယ် မင်းကြီး"

ထို့နောက် စုံထောက်ကျော်စွာက ကုလားထိုင်ပေါ်မှပြန်ထကာ စုံထောက်မင်းကြီး မစ္စစမစ်အား အလေးပြုကာ အရိုအသေပေးလိုက်ပြီးနောက် အခန်းထဲမှပြန်ထွက်လာလေသည်။

အခန်းအပြင်ဘက်ရောက်သောအခါ အခြေအနေသိလိုသဖြင့် စုံထောက်အရာရှိ အချို့နှင့်တွေ့ရလေသည်။

"စုံထောက်မင်းကြီးက နှစ်ယောက်ချင်းတွေ့ပြီး ဘာတွေများမှာကြားနေလို့ ဒီလောက်တောင်ကြာနေတာလည်း ကိုကျော်စွာရဲ့"

"အမှုအကြောင်းပါပဲဗျာ"

"ပါလီမန်အမတ် မီးလောင်သေတဲ့အမှုက ခင်ဗျား

www.burmeseclassic.com



လိုက်နေတယ်မဟုတ်လား"

စုံထောက်ကျော်စွာက ခေါင်းညိတ်ပြလိုက်သည်။

"ဒီအမှုက ဘူးသီးခေါင်းနဲ့ထိုးတဲ့အမှုမျိုးပါဗျာ. . . ဒီလောက်မခက်ခဲလှပါဘူး"

အိုင်ပီဇော်ဝင်းကပြောသဖြင့် စုံထောက်ခင်မောင်ကြီးကပါ ခေါင်းညိတ်ထောက်ခံလိုက်လေသည်။

"အမှန်ပေါ့ဗျာ. . . ဒီလူကြီးက အသက်ကြီးကောင်ကြီးမားရောက်ကာမှ မီးကိုမဆင်မခြင်ကိုင်လို့ မီးလောင်ပြီးသေတဲ့အမှု ဖြစ်မှာပေါ့"

"ခင်ဗျားပြောတာလည်း ဖြစ်နိုင်တယ်. . . နောက်တစ်ချက်က ပါလီမန်ရွေးကောက်ပွဲမှာ နိုင်ခြေမရှိတော့မယ့်အတူတူ စိတ်ညစ်ပြီးတော့ ကိုယ့်ကိုယ်ကို မီးရှို့သတ်သေတာလည်း ဖြစ်နိုင်တာပေါ့၊ ဒီလိုအမှုမျိုးကိုလိုက်ရတော့ ကိုကျော်စွာအတွက်တော့ နာမည်ကောင်းလက်မှတ်တစ်ခုထပ်ရဦးတော့မှာ အသေအချာပဲဗျို့"

ထိုသို့ပြောဆိုကာ တဟားဟားနှင့်ရယ်မောနေကြလေသည်။

၎င်းတို့၏မျက်နှာအမူအယာများမှာ စောစောကကဲ့သို့ ကြောင်ရှေ့ရောက်နေသည့်ကြွက်မျက်နှာမျိုး မဟုတ်တော့ဘဲ လူကိုမြင်သဖြင့် သစ်ပင်ပေါ်မှပြောင်လှောင်ပြနေသော မျောက်မျက်နှာမျိုးနှင့်ပင် တူနေလေတော့သည်။





စုံထောက်ကျော်စွာကတော့ ၎င်းတို့အကြောင်းများကို သိထားပြီးသားဖြစ်သောကြောင့် ပြုံးရုံသာပြုံးနေလေသည်။

ပြီးမှ စကားတစ်ခွန်းလောက်သာ ပြန်ပြောလိုက်သည်။

"Rochefoucauld (ရိုချီဖိုကော(လ်)ပြောခဲ့တဲ့စကားတစ်ခွန်းလိုပေါ့ဗျာ. . .

"The love of justice in most men is nothin but the fear of suffering injustice"

တရားမျှတမှုကို ချစ်ခင်မြတ်နိုးတဲ့စိတ်သည် အမှန်စင်စစ် လူအများတွင် မတရားမှုကိုခံကြရမှာကိုစိုးရိမ်တဲ့စိတ်မျှသာ ဖြစ်သည်၊

ဆိုတဲ့စကားလိုပါပဲ ကျွန်တော်လုပ်သမျှ အလုပ်တွေက အမှန်တရားအတွက်ပဲဖြစ်ပါတယ်"

တခြားရည်ရွယ်ချက်၊ မျှော်လင့်ချက်တွေတော့ ဘာမှမရှိပါဘူး"

စုံထောက်ကျော်စွာက အင်္ဂလိပ်စကားပုံတစ်ခုကို လေယူလေသိမ်းကောင်းမွန်စွာဖြင့် ပြောဆိုကာ ထိုနေရာမှထွက်ခွာလာရာ နောက်ဘက်မှာတော့ ၎င်းကိုလှောင်ပြောင်ပြောဆိုနေကြသူများအားလုံး ပါးစပ်အဟောင်းသားဖြင့် ကျန်ခဲ့ကြလေတော့သည်။

ဆဆဆ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

## ဒေါက်တာမင်းထင်ကျော်နှင့်သဲလွန်စ

တစ်နေ့သောနံနက်ပိုင်းအချိန်တွင် ဒေါက်တာမင်းထင်ကျော်သည် ထိုရက်ပိုင်းအတွင်း ထုတ်ဝေထားသောသတင်းစာနှင့်ဂျာနယ်အချို့တို့ကို ဝယ်ယူထားပြီးဖြစ်ရာ နံနက်ပိုင်းအချိန်တွင် ကော်ဖီသောက်ရင်းနှင့် အေးအေးဆေးဆေးဖတ်ရန် စိတ်ကူးရှိသဖြင့် ဧည့်ခန်းစားပွဲပေါ် သို့တင်ထားလိုက်သည်။

ဒေါက်တာမင်းထင်ကျော်သည် အသက် ၃၀ ကျော်အရွယ်သို့ရောက်နေပြီဖြစ်သော်လည်း မိဘများအမွေပေးထားသောရွှေတောင်ကြားဘက်ရှိ ခြံနှင့်အိမ်ကြီးတွင် လူပျိုလူလွတ်ဘဝနှင့်ပင် တပည့်များဖြင့်နေထိုင်ကာ ဝါသနာပါသောအလုပ်များ





ကို လုပ်ကိုင်နေသူဖြစ်သည်။

သူသည် ရန်ကုန်တက္ကသိုလ်မှ ဘူမိဗေဒဘာသာဖြင့်ဘွဲ့ရပြီးနောက် နိုင်ငံခြားတက္ကသိုလ်တွင် ရှေးဟောင်းသုတေသနလုပ်ငန်းများနှင့်ပတ်သက်ပြီး နှစ်အတော်ကြာအောင် လေ့လာဆည်းပူးခဲ့ရာ နောက်ဆုံးဒေါက်တာဘွဲ့ရခဲ့ပြီးသူဖြစ်သည်။

သူသည် ကမ္ဘာနေရာအနှံ့အပြား၌ တိမ်မြုပ်ပျောက်ကွယ်နေသောရှေးဟောင်းနေရာများ၊ မြို့တော်ကြီးများနှင့်၊ ရတနာသိုက်ကြီးများကိုလိုက်လံရှာဖွေခဲ့ရာ အတန်သင့်အောင်မြင်မှုရခဲ့လေသည်။

သူသည်ရရှိသောရတနာများကို ကိုယ်ကျိုးအတွက်သုံးစွဲသည်မရှိလှဘဲ အကျိုးရှိသောနေရာများသို့ပံ့ပိုးလှူဒါန်းခဲ့သူလည်း ဖြစ်သည်။

နောက်ပိုင်း မြန်မာပြည်သို့ပြန်ရောက်လာခဲ့ပြီးနောက်တွင်လည်း ထိုအလုပ်များကို ဆက်လုပ်မြဲလုပ်နေလေသည်။

စိတ်တူကိုယ်တူရှိသောခရီးသွားဖော်များနှင့်အတူ မြန်မာနိုင်ငံနေရာအနှံ့အပြားသို့ စွန့်စွန့်စားစားသွားရောက်ကာ ရတနာရှာဖွေသောအလုပ်များနှင့်အခြားဝါသနာပါသောအလုပ်များကို လုပ်ကိုင်နေသူဖြစ်၏။

မြန်မာနိုင်ငံသာမဲ အိန္ဒိယ၊ တိဘက်၊ ဘူတန်၊ တရုတ်၊ အီဂျစ်စသော ဂမ္ဘီရဆန်သောနေရာများသို့မကြာခဏ ခရီးထွက်လေ့ရှိသူဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်သည် စွန့်စားမှုများကိုစိတ်ဝင်စားသလို လျှို့ဝှက်ဆန်းကြယ်သောကိစ္စများကိုလည်း အထူးပင် စိတ်ဝင်စားလေသည်။

အထူးသဖြင့် ပျောက်ဆုံးနေသောနေရာများ ရတနာသိုက်ကြီးများကိုရှာဖွေရသည်ကို စိတ်ဝင်စားမှုရှိသလို၊ လူသတ်သမားများ၊ လူဆိုးလူမိုက်များနှင့်ဉာဏ်ချင်းပြိုင်ရသောကိစ္စများကိုလည်း အထူးပင် စိတ်ဝင်စားသူဖြစ်သည်။

ထို့ကြောင့်လည်း ကမ္ဘာကျော်စုံထောက်ဝတ္ထုများ၊ စပိုင်ဝတ္ထုများ၊ စွန့်စားမှုအသားပေးကာ ရေးသားထားသောစာအုပ်စာတမ်းများကို လက်လှမ်းမီသမျှ ဝယ်ယူစုဆောင်းကာ လေ့လာဖတ်ရှုခဲ့လေသည်။

မြန်မာနိုင်ငံအတွင်းမှာလည်း ထင်ရှားကျော်ကြားသော စာရေးဆရာကြီးများရှိရာ ဆရာကြီးရွှေဥဒေါင်းရေးသားသော စုံထောက်ဦးစံရှားပါဝင်သော စုံထောက်ဝတ္ထုများနှင့်အခြားစွန့်စားခန်းပတ္ထုများ၊

ဆရာကြီးဒဂုန်ရွှေမျှားရေးသားသော စုံထောက်ဦးထင်ကျော်ပါဝင်သောစုံထောက်ဝတ္ထုများနှင့် အခြားစွန့်စားခန်းဝတ္ထုများကိုရှာဖွေဝယ်ယူစုဆောင်းကာ ကြောင်ပုစွန်စား ကြွပ်ကြွပ်ဝါးသကဲ့သို့ ကျေညက်အောင် ဖတ်ရှုထားသူလည်းဖြစ်သည်။

ထို့ပြင် အသက်အရွယ်ကြီးရင့်ပြီး အတွေ့အကြုံများသောပုလိပ်များ၊ စုံထောက်များ၊ ဝတ်လုံတော်ရများ ဥပဒေပညာရှင်များ၊ မှုခင်းဆရာဝန်ကြီးများထံမှလည်း မှုခင်းနှင့်ပတ်သက်သောအတွေ့အကြုံတို့ကို လေ့လာသင်ယူထားခဲ့သူဖြစ်သည်။



ထို့ကြောင့် ဒေါက်တာမင်းထင်ကျော်မှာ စုံထောက်တစ်ယောက်မဟုတ်စေကာမူ စုံထောက်ပညာ၊ အမှုအခင်းနှင့်ပတ်သက်သည့်ပညာများကို နားလည်တတ်ကျွမ်းမှုရှိပြီး စီအိုင်ဒီမှစုံထောက်များကဲ့သို့ပင် လျှို့ဝှက်ရှုပ်ထွေးသောအမှုအခင်းတို့ကို ဖော်ထုတ်ပေးနိုင်လေသည်။

အင်္ဂလိပ်အစိုးရလက်အောက်၌ အမှုထမ်းနေကြသောပုလိပ်များ၊ စုံထောက်များမှာ အလုပ်ကိုဝတ်ကျေတမ်းကျေမျှသာ လုပ်ကြသဖြင့် ၎င်းတို့၏ပင်ကိုယ်အရည်အသွေးများမပေါ်ဘဲ မှေးမှိန်လျက်ပင် ရှိကြလေသည်။

အချိန်တန်လျှင် သက်စွန့်ဆံဖျားလုပ်လျှင်လည်း သတ်မှတ်ထားသောလခသာရပြီး မလုပ်လျှင်လည်း ထိုလခကိုပင်ရမည်ဖြစ်ရာ ရေသာခို အချောင်နေချင်စိတ်များဝင်လာကြပြီးနောက် သက်တောင့်သက်သာပင်နေကြလေသည်။

အချိန်တန်၍ အမှုမပေါ်လျှင် ပုလိပ်မင်းကြီးနှင့်စုံထောက်မင်းကြီးတို့၏အဆူအဆဲ၊ အကြိမ်းအမောင်းခံရရုံကလွဲပြီး အခြားမရှိပေ။

ခက်ခဲသော အမှုအခင်းများကိုဝင်ရောက်ဖြေရှင်းသောအခါ အခန့်မသင့်ပါက အသက်အန္တရာယ်နှင့်တွေ့နိုင်သော




www.burmeseclassic.com

www.burmeseclassic.com



ကြောင့်လည်း စွန့်စွန့်စားစားမလုပ်ကြခြင်းဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်ကတော့ မျက်နှာဖြူအစိုးရ လက်အောက်၌ အမှုထမ်းနေသူမဟုတ်ပဲ ဝါသနာပါသဖြင့် ဝင်ရောက်အကူအညီပေးနေသူဖြစ်ရာ မည်သည့်အမှုမျိုးမဆို၊ မည်သည့်အလုပ်မဆို တစ်စုံတစ်ရာမျှော်ကိုးပြီး လုပ်ခြင်းမျိုးမဟုတ်ပဲ စိတ်ရောကိုယ်ပါ နှစ်ပြီး လုပ်ကိုင်ပေးသဖြင့် ၎င်းဝင်ရောက်အကူအညီပေးခဲ့သောအမှုအခင်းတိုင်းလိုလို အမှုမှန်မပေါ်ခဲ့သည်မရှိ၊ တရားခံမပေါ်သည်မရှိခဲ့ပေ။

ထို့ကြောင့်လည်း အစိုးရဝန်ထမ်းတစ်ဦးဖြစ်သောစုံထောက်ကျော်စွာဆိုလျှင် ၎င်းကိုယ်တွယ်ရသောခက်ခဲရှုပ်ထွေးလှသောအမှုအခင်းများဆိုလျှင် ဒေါက်တာမင်းထင်ကျော်ထံသို့ လာရောက်အကူအညီတောင်းလေ့ ရှိသည်။

ဒေါက်တာမင်းထင်ကျော်ကလည်း အကူအညီပေးလေ့ရှိသည်။

ယခုလည်း တစ်ခုသောနံနက်ခင်းအချိန်တွင် ဒေါက်တာမင်းထင်ကျော်သည် ယခုရက်ပိုင်းအတွင်း ထုတ်ဝေဖြန့်ချီထားသောသတင်းစာနှင့်ဂျာနယ်များကို စားပွဲပေါ် စုပုံတင်ထားပြီး ကော်ဖီသောက်ရင်းနှင့်စိတ်ဝင်စားစွာ ဖတ်ရှုနေလေသည်။

ထိုသို့ဖတ်နေရင်းမှပင် အရေးကြီးသောအကြောင်းအရာများတွေ့လျှင် မှင်နီဖြင့် မျဉ်းသားထားလေသည်။

ယခုရက်ပိုင်းထွက်သော သတင်းစာနှင့်ဂျာနယ်များတွင် ပါလီမန်အမတ်ဦးရွှေကြူသေဆုံးသောသတင်းကိုပင် အကျယ်တဝင့်ဖော်ပြထားပေရာ ဒေါက်တာမင်းထင်ကျော်စီးကရက်တစ်ရှိုက်၊ ကော်ဖီတစ်ကျိုက်သောက်ရင်းနှင့်စိတ်ဝင်စားစွာ ဖတ်ရှုနေလေသည်။

ထိုအချိန်မှာပင် အိမ်ရှေ့သို့ကားတစ်စီးရောက်လာကာ ရပ်လိုက်သည်။

တံခါးဖွင့်ပြီးဆင်းလာသူမှာ စုံထောက်ကျော်စွာပင်ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က ပြတင်းပေါက်မှလှမ်းမြင်နေရသောကြောင့် စီးကရက်သောက်ရင်းနှင့်စောင့်နေလိုက်သည်။

"လာဗျာ. . . ကိုကျော်စွာ"

"ဆရာနဲ့အခုလို အဆင်သင့်တွေ့ရတာ သိပ်ဝမ်းသာတာပဲ. . . ဆရာက မကြာခဏ ခရီးထွက်နေတာဆိုတော့ တွေ့မတွေ့ပါ့မလားလို့ စိတ်ပူနေတာ. . . အခုမှပဲ"

ပြောပြောဆိုဆိုနှင့်စုံထောက်ကျော်စွာက ရှေ့၌ဝင်ထိုင်ရင်း စားပွဲပေါ်မှာချထားသည့်ဂျာနယ်နှင့်သတင်းစာများကို တစ်ချက်ကြည့်လိုက်သည်။

ဒေါက်တာမင်းထင်ကျော်က ၎င်းအတွက် ကော်ဖီတစ်ပန်းကန်ထည့်ပေးလိုက်သည်။

"အခုတလော ပါလီမန်အမတ်ဦးရွှေကြူသေတဲ့အမှုက







www.burmeseclassic.com

www.burmeseclassic.com



တော့ သတင်းစာတွေက အတော်ကလေး ဦးစားပေးပြီး ဖော်ပြနေတာတွေ့ရတယ်"

"အမှန်ပါပဲ ဆရာ. . . အဲဒီအမှုက ကျွန်တော့်လက်ထဲရောက်နေပါပြီ"

"ကောင်းတာပေါ့. . . ဒီလောက်နာမည်ကျော်တဲ့အမှုမျိုးကိုကိုင်တွယ်ရတော့ တကယ်လို့ အမှုမှန်ပေါ်ရင် ကိုကျော်စွာလည်း နာမည်ကောင်းရတာပေါ့"

"နာမည်ကောင်းရတာက နောက်မှပါ ဆရာရယ်. . . လောလောဆယ်ကတော့ အတော်ခေါင်းရှုပ်ရတဲ့အမှုမျိုးပါ"

"ပြောပါဦး. . . ဘာတွေများ ဒီလောက်ရှုပ်နေရတာလဲ. . . သတင်းစာမှာတော့ အတွင်းဝန်ရုံးထဲမှာ မီးလောင်သေရတယ်လို့ ရေးထားတယ်မဟုတ်လား"

"ဒါပေမယ့် ကျွန်တော်လေ့လာကြည့်သလောက်တော့ ဦးရွှေကြူသေတာ သွေးရိုးသားရိုးမဖြစ်နိုင်လောက်ဘူးထင်တယ်"

"ပါလီမန်အမတ်ရွေးကောက်ပွဲနီးတော့ ပြိုင်ဘက်တွေရဲ့လက်ချက်လို့ ပြောချင်တာလား. . . ဒါမျိုးတွေကတော့ ကမ္ဘာနေရာအနှံ့အပြားမှာရှိနေကြတာပဲ. . . သိပ်တော့ မထူးဆန်းလှပါဘူး"

ဒေါက်တာမင်းထင်ကျော်က စီးကရက်ကိုပြန်ချပြီးနောက် ကော်ဖီပန်းကန်ကိုယူသောက်နေသည်။

စုံထောက်ကျော်စွာကလည်း ၎င်းရှေ့မှာရှိနေသော





ကော်ဖီပန်းကန်ကိုယူပြီး တစ်ကျိုက်သောက်လိုက်ပြီးမှပြန်ချထားလိုက်သည်။

"အများကတော့ အခြေအနေကိုကြည့်ပြီး ဒီလိုပဲ ထင်ကြမှာပါပဲ. . . ကျွန်တော့်အမြင်ကတော့ ဒီလိုမဟုတ်ဘူး။ နေ့ခင်းကြောင်တောင်ကြီး လူသွားလူလာရှိနေတဲ့အတွင်းဝန်ရုံးဝန်းထဲမှာ တစ်ယောက်တည်း မီးလောင်ပြီးသေရတာကို ထူးဆန်းတယ်လို့ ထင်နေမိတယ်"

"ကိုကျော်စွာက ဘယ်လိုထင်မြင်ယူဆနေလို့လဲ ပြောပြပါဦး"

"မီးလောင်တယ်ဆိုတာ အဆောက်အဦးတစ်ခုထဲမှာ ပိတ်မိနေတာမျိုးတို့၊ ကိုယ်ပေါ်ကို ဓာတ်ဆီလောင်းပြီး မီးရှို့ခံရတာမျိုးဆိုရင်တော့ တခြားစဉ်းစားစရာမရှိပါဘူး။ ကျွန်တော်စုံစမ်းရသလောက်တော့ အဲဒီလိုမဟုတ်ဘူး"

ဟု စုံထောက်ကျော်စွာက ၎င်းစုံစမ်းထားသမျှ အချက်အလက်အချို့ကို ပြောပြလေသည်။

ထိုနေ့က ပါလီမန်အမတ်များ အစည်းအဝေးရှိသဖြင့် ဦးရွှေကြူအပါအဝင် ပါလီမန်အမတ်များမှာ အတွင်းဝန်ရုံး အပေါ်ထပ်၌ရှိသောအစည်းအဝေးသို့သွားကြရလေသည်။

၎င်းတို့သည် ရွေးကောက်ပွဲနှင့်သက်ဆိုင်သောအကြောင်းအရာများကို အစည်းအဝေးပြုလုပ်ကြရာ ညနေ ၃ နာရီအချိန်ခန့်၌ ပြီးသွားသဖြင့် အခြားသူများ ပြန်ဆင်းသွားသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ဦးရွှေကြူကတော့ ငုင်းပေးရမည့်စာရင်းဇယားအချို့မပြီး သေးသောကြောင့် ငုင်းတစ်ယောက်တည်း အခန်းထဲမှာထိုင်ပြီး လုပ်ရလေသည်။

ငုင်းအခန်းထဲမှာအလုပ်လုပ်နေသဖြင့် စန္ဒရီအစောင့် နှစ်ယောက်က တံခါးပိတ်၍မရသေးသောကြောင့် အခန်းပေါက် ဝမှပင် စောင့်ပေးကြရသည်။

ဦးရွှေကြူသည် ငုင်းပြုလုပ်ရန်ရှိသောအလုပ်များ လက် စသပ်တော့မှ အခန်းထဲမှထွက်ကာ အစောင့်နှစ်ယောက်ကိုပြော သည်။

"စောစောက အပြင်မှာ မိုးရွာသလား"

"မရွာဘူး ဆရာကြီး"

"အပေါ်ထပ်မှာ ရေတိုင်ကီရှိသလား"

"မရှိပါဘူး ဆရာကြီး. . . ဘာဖြစ်လို့လဲ"

"စောစောက မျက်နှာကျက်ကနေ ငါ့ကိုယ်ပေါ်ရေစက် တွေကျလာတယ်. . . ကိုယ်လည်းစိုတယ်၊ အင်္ကျီမှာတောင် စို သွားသေးတယ်၊ မင်းတို့မျက်နှာကျက်ပေါ်တက်ပြီး စစ်ကြည့် လိုက်ကြဦး"

"ကောင်းပါပြီ ဆရာကြီး"

စန္ဒရီကုလားနှစ်ယောက်က သူ့ကိုအရိုအသေပေးလိုက် ကြပြီးနောက်တွင် ဦးရွှေကြူလည်း ရုံးအောက်ထပ်သို့ဆင်းလာခဲ့ လေသည်။





အပေါက်ဝမှထွက်ကာနီး အပြင်သို့ကြည့်လိုက်တော့ သစ်ပင်များကြားမှ နေရောင်ခြည်များတောက်ပနေသည်ကိုလှမ်း မြင်ရသဖြင့် အပြင်သို့ထွက်လာခဲ့သည်။

အပြင်ဘက်ရောက်တော့ နေရောင်ခြည်အောက်မှပင် သူ့မော်တော်ကားရပ်ထားသောနေရာဘက်သို့ ဖြတ်လျှောက် သွားလေသည်။

နံဝင်ဘာလပင်ဖြစ်သော်လည်း မိုးသားတိမ်တိုက်များ ကင်းစင်ကာ နေရောင်ခြည်က ဦးရွှေကြူကိုယ်ပေါ်သို့ စူးစူးရဲရဲ ကျရောက်နေလေသည်။

မကြာမီ ငုင်းကိုယ်ပေါ်မှ မီးခိုးငွေ့များထွက်လာသည်။

"ဟင်. . . . "

ဦးရွှေကြူက အထိတ်တလန့်ဖြင့် ငုံ့ကြည့်လိုက်သည်။

အမှန်ပင် သူ့ကိုယ်ပေါ်မှ မီးခိုးငွေ့များထွက်လာလေ သည်။

ပထမတော့ အင်္ကျီလုံချည်တို့ကို ဆေးလိပ်မီးပေါက် သည်အထင်နှင့်ဟိုဟိုဒီဒီရှာကြည့်နေစဉ်မှာ အဝတ်အစားများက မီးကျွမ်းသကဲ့သို့ဖြစ်လာသည်။

တစ်ကိုယ်လုံးမှာလည်း ပူပြင်းသောမီးပုံထဲရောက်သ ကဲ့သို့ မခံမရပ်နိုင်အောင်ဖြစ်လာသောကြောင့် ပတ်ဝန်းကျင်ကို အော်ဟစ်အကူအညီတောင်းလိုက်လေသည်။

"လုပ်ကြပါဦး. . . ကျုပ်တစ်ကိုယ်လုံး မီးလောင်နေလို့



www.burmeseclassic.com

www.burmeseclassic.com



ကယ်ကြပါဦး"

ထိုအသံကြားသဖြင့် အချို့နေရာတွင် ရောက်နေကြသူ များက အလန့်တကြားဖြင့် လှည့်ကြည့်ကြရာ ဦးရွှေကြူတစ်ကိုယ် လုံးမှမီးတောက်များ တက်လာသည်ကိုမြင်တွေ့ကြရလေသည်။

"ဟာ. . . ဟိုမှာ လူတစ်ယောက်မီးလောင်နေတယ် . . . လုပ်ကြပါဦး"

ဟုပြောဆိုကာ ထိုနေရာသို့ပြေးလာကြသော်လည်း နောက်ကျသွားပေပြီ။

အနီးရောက်သော်လည်း အနားမကပ်နိုင်ကြတော့ပေ။

ထို့နောက်မှာတော့ လူသေကောင်ကို မီးရှို့သကဲ့သို့ တစ် ကိုယ်လုံး မီးတောက်များက ဝါးမြိုသွားကာ စူးစူးဝါးဝါးအော်ဟစ် ရင်းနှင့်မြေပေါ်သို့ လဲကျသွားလေသည်။

ဘေးမှာရောက်နေသူများမှာလည်း ဘာမှမတတ်နိုင်ကြ တော့ပေ။

နောက်တော့ တစ်ကိုယ်လုံး မီးသွေးတုံးကဲ့သို့ ရုပ်ပျက် ဆင်းပျက်ဖြစ်ကာ သေဆုံးသွားလေတော့သည်။

ဦးရွှေကြူသေဆုံးသွားပြီးနောက် မရှေးမနှောင်းမှာပင် ထိုနေရာသို့လူတစ်ယောက်ရောက်လာသည်။

ကုလားတစ်ယောက်ကဲ့သို့ အဝတ်အစားများဝတ်ဆင် ထားလေသည်။

ထိုသူက ဦးရွှေကြူအလောင်းနားတွင် ဝမ်းနည်းပူဆွေး



သောအမူအယာဖြင့်ကြည့်နေစဉ် မရှေးမနှောင်းမှာပင် ဖာတွင်း ခန့်ရုံးဂိတ်ပေါက်ဝသို့ အလောင်းသယ်သောဗီရိုလှည်းတစ်စီး ရောက်လာလေသည်။

အစောင့်များက မေးမြန်းစစ်ဆေးသောအခါ အ လောင်းသယ်ရန်ရောက်လာသည်ဆိုသဖြင့် နောက်ထပ်တွေ့ သွေ့ထူးထူးမေးမြန်းမနေတော့ဘဲ ဝင်ပေါက်တံခါးဖွင့်ပေးလိုက် ကြသည်။

အလောင်းတင်သောလှည်းက ဦးရွှေကြူသေဆုံးနေ သောနေရာသို့တောက်လျှောက်မောင်းလာလေသည်။

ထိုနေရာရောက်သောအခါ အရင်ရောက်နှင့်နေသူက ပင် ဦးဆောင်ပြီး လှည်းပေါ်တွင်အသင့်ပါလာသောခေါင်းတ သားအလွတ်တစ်လုံးထဲသို့ အလောင်းကိုထည့်၍ လှည်းပေါ် တင်ကာ အပြင်သို့ပြန်မောင်းသွားလေတော့သည်။

"နောက်တော့ အဲဒီအလောင်းတင်တဲ့လှည်းက ကရစ် သမ်းမှာရှိတဲ့ ဦးရွှေကြူအိမ်ကို အလောင်းသွားပို့ကြတယ်ဆရာ"

စုံထောက်ကျော်စွာက သူသိသမျှ အချက်အလက်တို့ကို အတိုချုပ်ပြီးပြောပြလိုက်သည်။

"ဒါထက် မေးပါရစေဦး. . . အလောင်းလာပို့တော့ ဘယ်သူတွေပါသေးသတဲ့လဲ"

"တာမွေသုသာန်က သုဘရာဇာတောတို့အဖွဲ့တွေပဲ လို့ပြောတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော်စွာပြောတဲ့အထဲမှာပါတဲ့ ကုလားအဝတ်အ
စားဝတ်ထားတဲ့လူရော မပါဘူးလား"

"သူပါလာတယ်လို့တော့ မပြောကြဘူး"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်က
စီးကရက်ဖွာရင်း အချိန်အတော်ကြာအောင် စဉ်းစားနေလေ
သည်။

အတန်ကြာတော့မှ. . . .

"ဒါ သာမန်သေဆုံးတဲ့အမှုမျိုးတော့ မဟုတ်ဘူး. . .
ကြိုတင်ကြံစည်တဲ့အမှုဖြစ်ဖို့ များတယ်"

ဟု မှတ်ချက်ချသည်။

"ကျွန်တော်လည်း ဒီလိုပဲယူဆမိပါတယ်. . . ဦးရွှေကြ
နဲ့ပြိုင်ဘက်တွေထဲက တစ်ဦးဦးက ကြိုတင်ကြံစည်တာပဲဖြစ်မှာ
ပါ"

"ဒီလိုလည်း ယူဆလို့ရနိုင်ပါတယ်. . . နောက်ထ
လျှို့ဝှက်တွေလည်း ရှိနိုင်ပါသေးတယ်၊ ခြုံပြီးပြောရရင်တော့ န
နဲ့ရှုပ်ထွေးတဲ့အမှုတစ်ခုဆိုတာ ကတော့ သေချာပါတယ်"

"ဒါကြောင့် ဆရာ့ဆီရောက်လာပြီး အကူအညီတောင
ရတာပါပဲ၊ ကျွန်တော်ကိုလိုက်ပြီး အကူအညီပေးပါဦး၊ အခုလ
ရောက်လာပြီး အကူအညီတောင်းရတာလည်း အားနာလှ
တယ်"

"အားနာစရာမလိုပါဘူး ကိုကျော်စွာရယ်. . . ကျွ





တော်လည်း တခြားအလုပ်ကိစ္စတွေ အစီအစဉ်တွေမရှိသေးတဲ့
အခိုက်အတံ့နဲ့ကြုံနေတာပဲ အကူအညီပေးရမှာပေါ့၊ ဒါပေမယ့်
တရားခံက သာမန်မဟုတ်တော့ အတော်သတိထားပြီး လုပ်ကြရ
လိမ့်မယ်"

"ဘယ်လိုသာမန်မဟုတ်တာလည်း ဆရာ"

"ကြံရည်ဖန်ရည်လည်းကောင်း သတ္တိလည်း အတော်
ကောင်းမယ့်ပုံပါပဲ၊ ဘာကြောင့်လည်းဆိုတော့ လူအများရှေ့မှာ
ဦးရွှေကြူအလောင်းကို သူ့အိမ်ရောင်အောင် ပြန်ပို့ပေးလိုက်တာ
သာ ကြည့်ပေတော့"

"ဟင်. . . ဒါဖြင့် ကုလားလိုဝတ်ထားတဲ့လူက လူသတ်
သမားလို့ ဆိုချင်တာလားဆရာ"

"သူကိုယ်တိုင် လူသတ်မှုမကျူးလွန်ဘူးဆိုရင်တောင် ဒီ
အချိန်မှာ ဦးရွှေကြူသေတော့မှာကို ကြိုတင်သိနေတဲ့လူတစ်
ယောက်ပဲဖြစ်မှာ သေချာပါတယ်၊ ဒါကြောင့်သေပြီး မရှေးမ
နှောင်းမှာ အလောင်းတင်တဲ့လှည်းနဲ့သူဘာရာဇာတွေ ရောက်လာ
တာပေါ့"

ဟု ပြောပြလေသည်။

ထို့နောက်တွင် ဒေါက်တာမင်းထင်ကျော်က အစားအ
သောက်များကိုလက်စသပ်လိုက်ပြီး အဝတ်အစားလဲရန် အခန်း
ထဲဝင်သွားလေသည်။

အတန်ကြာတော့မှ အဝတ်အစားလဲလှယ်ပြီး ခေါ်နတ်



www.burmeseclassic.com

www.burmeseclassic.com



နှင့်အခြားအသုံးအဆောင်ပစ္စည်းများကိုပါ တစ်ပါတည်းယူလျက် ပြန်ထွက်လာသည်။

သူသည် ဘောင်းဘီ၊ ဂျာကင်အင်္ကျီနှင့်ဦးခေါင်းပေါ်မှာ သက္ကလပ်ဦးထုပ်အပျော့ကိုဆောင်းထားသည်။

သေနတ်က အတွင်း၌ အဆင်သင့်ထည့်ထားလေသည်။

"သွားကြစို့ရဲ့ ကိုကျော်ဇွာ"

"ဘယ်ကိုသွားမလဲ ဆရာ"

"အလောင်းက မသင်္ဂြိုဟ်ရသေးဘူးမဟုတ်လား. . . ဆေးရုံကြီးမှာပဲဆိုတော့ အဲဒီကို အရင်သွားကြည့်ကြရမယ်"

ဟုပြောဆိုပြီး နှစ်ယောက်သား အပြင်ဘက်၌ရပ်ထားသော ကားရှိရာသို့ထွက်လာကြလေသည်။

ဿဿဿ





## အခန်း(၄)
## ထထိုင်လာသည့်အလောင်း

ရန်ကုန်မြို့၌ လူနာများကိုဆေးကုပေးရန်အတွက် ဦးစွာ ဆေးရုံအဆောက်အဦးဆောက်လုပ်ခဲ့သောနေရာမှာ ယခုလေ တာပြင်ဈေးနေရာ၌ ဖြစ်သည်။

မူလဆောက်လုပ်ခဲ့သောအဆောက်အဦးမှာ သစ်သား ဖြင့် ဆောက်လုပ်ထားသောအဆောက်အအုံကလေးများသာ ဖြစ်သည်။

လူနာများကိုပြုစုကုသပေးသော ထိုအဆောက်အအုံက လေးများရှိသောနေရာကို'သူနာတန်း'ဟု ခေါ်ကြသည်။

နောက်ပိုင်း အဆောက်အအုံရှိသည်နှင့်လာရောက်ကု

သသော လူနာဦးရေက မများသောကြောင့် ဆေးရုံအဆောက်အဦးဆောက်လုပ်ရန်နေရာရှာသောအခါ စိုက်ပျိုးပန်းဥယျာဉ်ရှိသောနေရာကို ရွေးချယ်ကြသည်။

ထိုနေရာ၌ရှိသော စိုက်ပျိုးပန်းဥယျာဉ် (Agrihorti cultural society)ကို ကန်တော်လေးရပ်သို့ရွှေ့ပြောင်းခဲ့ကြပြီး ထိုနေရာတွင် ဆေးရုံသစ်ကြီးကိုဆောက်လုပ်ခဲ့ကြသည်။

ထိုဆေးရုံကြီးဆောက်လုပ်သောနည်းစနစ်မှာ မြန်မာနိုင်ငံ၌ ပထမဆုံးတည်ဆောက်ခဲ့သည့်အားဖြည့် ကွန်ကရစ်စနစ်ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၁၉၁၁ ခုနှစ်တွင် ပြီးစီးခဲ့လေသည်။

ဆေးရုံကြီးဆောက်လုပ်မှုအတွက် ထိုခေတ်အခါက ကုန်ကျစားရိတ်မှာ ကျပ်သိန်းပေါင်း ၄၀ ကျော် ကုန်ကျခဲ့လေသည်။

ထိုအချိန်က ဆေးရုံကြီးတွင် တာဝန်ယူနေရသောဆရာဝန်ကြီးမှာ မစ္စတာဆင်းဖြစ်သည်။

မစ္စတာဆင်းသည် အင်္ဂလိပ်နှင့်အိန္ဒိယသွေးရောနေသော ကပြားဖြစ်သော်လည်း မြန်မာပြည်မှာအနေကြာခဲ့ပြီဖြစ်သောကြောင့် မြန်မာစကားကိုကောင်းစွာ နားလည်တတ်ကျွမ်းသူဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်၊ စုံထောက်ကျော်စွာတို့နှင့်လည်း အလုပ်သဘောအရ မကြာခဏ တွေ့ဆုံနေရသဖြင့် အ



န်အသင့် ခင်မင်ရင်းနှီးမှုရှိလေသည်။

အကြောင်းကိစ္စရှိ၍ သွားရောက်အကူအညီတောင်းလျှင် တတ်နိုင်သမျှ အကူအညီပေးရန် ဝန်မလေးသူဖြစ်လေသည်။

ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက် ဆေးရုံကြီးသို့ရောက်သွားသောအချိန်မှာ နံနက်ပိုင်း ၁၀ နာရီကျော်ကျော်ခန့်ရှိနေပြီဖြစ်သောကြောင့် မစ္စတာဆင်းတစ်ယောက်လူနာများကိုလှည့်လည်ကြည့်ရှုပြီးနောက် ရုံးခန်းသို့ပြန်ရောက်စအချိန်လည်း ဖြစ်လေသည်။

"အော်. . . ဒေါက်တာတို့ပါလား၊ ဝင်ခဲ့ကြဗျာ"

ဟု ခေါ်သဖြင့် အခန်းထဲသို့ဝင်ကာ စားပွဲရှေ့၌ ချထားသောကုလားထိုင်များတွင် ဝင်ထိုင်လိုက်ကြသည်။

"ဒီကိုလာတာကိစ္စရှိလို့ များလား"

"ဆရာကြီးဆီမှာအကူအညီတောင်းစရာ ရှိလို့ပါ"

"ပြောပါဗျာ. . . ပေးနိုင်တဲ့အကူအညီမျိုးဆိုရင် ပေးပါ့မယ်"

"တခြားတော့ မဟုတ်ပါဘူး. . . ဟိုရက်က ရင်ခွဲရုံမှာပို့ထားတဲ့အလောင်းနဲ့ပတ်သက်ပြီး ဆရာကြီးတို့စစ်ဆေးတွေ့ရှိတာများရှိရင် သိချင်ပါတယ်"

"ပါလီမန်အမတ်ဦးရွှေကြူအလောင်းကိုပြောတာ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါတယ်"

"သူက မီးလောင်သေတယ်ဆိုပေမယ့် တခြားမီးလောင်လို့သေတဲ့ အလောင်းတွေနဲ့မတူဘူး၊ တစ်ကိုယ်လုံး လောင်ကျွမ်းခံရလို့သေတာဗျ"

"ဟုတ်ကဲ့"

"ကျွန်တော်တို့က အသေးစိတ်ခွဲကြည့်ပြီးပါပြီ. . . မီးလောင်ခံရတဲ့လူနာအတော်များများက အပေါ်ယံအဝတ်အစားတွေကမှတစ်ဆင့် အရေပြားကိုလောင်တယ်၊ နောက်မှ မီးအပူရှိန်များရင် တစ်ကိုယ်လုံး ကျွမ်းတဲ့အထိလောင်လေ့ရှိတယ်"

"မှန်ပါတယ်"

"သူ့ကိုလောင်တာက အပြင်ဘက်က အပူမီးလောင်တာမဟုတ်ဘူးဗျ. . . အတွင်းကစပြီးလောင်တာ"

"ဆရာကြီးပြောတာသိပ်ပြီး သဘောမပေါက်လို့ရှင်းပြပေးပါဦး"

"ဒီလိုဗျ. . . မီးလောင်ခံရသူအတော်များများဟာ အပြင်ဘက်က မီးတောက်တွေ အလောင်ခံရတာမဟုတ်လား၊ သူ့ကိုလောင်တဲ့မီးက ကိုယ်တွင်းကနေတောက်လောင်ပြီး အပြင်ဘက်ကိုရောက်လာတာဗျ"

"ဒီလိုဆိုရင် အဆိပ်တစ်မျိုးမျိုးကြောင့်ဖြစ်တာများလားဆရာကြီး"

"ဓာတုဗေဒဆရာဝန်ရဲ့ စစ်ဆေးချက်မှတ်တမ်းမှာတော့





ခန္ဓာကိုယ်ထဲမှာ အဆိပ်သင့်တဲ့လက္ခဏာမျိုးမတွေ့ရဘူးလို့ဖော်ပြထားတယ်၊ ကိုယ်ခန္ဓာထဲက တစ်ရှူးတွေနဲ့အစာအိမ်မှာ အဆိပ်သင့်တဲ့လက္ခဏာမျိုးမတွေ့ရဘူးလို့ ရေးထားတယ်၊ အပြင်ဘက်မှာလည်း ဓာတ်ဆီလောင်းပြီး မီးရှို့ခံရတာမျိုးမရှိဘူးတဲ့ဗျ. . . အံ့သြစရာပဲ"

ဆရာဝန်ကြီးမစ္စတာဆင်းက အမှန်ပင် အံ့သြနေသောအမူအယာမျိုးဖြင့် ပြောပြလေသည်။

"ဒါဖြင့် သူ ဘယ်လိုကြောင့်သေရတယ်လို့ ယူဆနိုင်ပါသလဲ"

"ယေဘူယျပြောရရင်တော့ မီးတောက်တွေရဲ့လောင်ကျွမ်းမှုကြောင့် သေရတယ်လို့ပဲပြောရမှာပါပဲ၊ ဒါပေမယ့် ထူးဆန်းတဲ့မီးလောင်မှုမျိုးလို့တော့ ပြောရမှာပဲ၊ အလောင်းက ရင်ခွဲရုံထဲမှာပဲရှိပါသေးတယ် သွားကြည့်မယ်ဆိုရင် ကြည့်နိုင်ပါတယ်"

ဟု ခွင့်ပေးသဖြင့် ဒေါက်တာမင်းထင်ကျော်တို့လည်း မစ္စတာဆင်းအား နှုတ်ဆက်ပြီးနောက် အခန်းအပြင်ဘက်သို့ ပြန်ထွက်ကာ ရင်ခွဲရုံရှိသောအနောက်ဘက်သို့ လျှောက်လာကြသည်။

"ဆရာ ဘယ်လိုယူဆသလဲ. . . ကျွန်တော်တော့ စဉ်းစားရင်းနဲ့ပိုရှုပ်လာသလိုပဲ"

"ရှုပ်ထွေးနေတဲ့ချည်ခင်တစ်ခုမှာ အစနဲ့အဆုံးဆိုတဲ့ ချည်စနှစ်စပဲရှိတယ်၊ အဲဒီနှစ်စကိုတွေ့အောင် မရှာနိုင်မချင်း



www.burmeseclassic.com

www.burmeseclassic.com



ချည်ခင်က ရှုပ်ထွေးနေတာပါပဲ၊ အစတစ်စကိုရှာတွေ့ရင် ရှင်းဖို့ မခက်လှပါဘူး၊ အမှုတစ်ခုလည်း ဒီလိုပါပဲ. . . ဘယ်လောက် ရှုပ်ထွေးတဲ့အမှုမျိုး ဖြစ်ပါစေ အစနဲ့အဆုံးဆိုတဲ့ရလာဒ်နှစ်မျိုးပဲရှိ တယ် မဟုတ်လား"

"ဟုတ်ပါတယ်ဆရာ"

"ဘယ်လောက်ပဲရှုပ်ထွေးတဲ့အမှုမျိုးဖြစ်နေပါစေ သဲ လွန်စတစ်ခုတွေ့အောင်ရှာနိုင်ဖို့ပဲ အရေးကြီးပါတယ်၊ ချည်စကို ရှာနိုင်ရင် ရှုပ်နေတဲ့ချည်ခင်ကိုရှင်းဖို့မခက်သလို သဲလွန်စတစ်ခု တွေ့ရင်လည်း အဲဒီသဲလွန်စနောက် ခြေရာကောက်ပြီးလိုက်ရင် အမှုမှန်ပေါ်ဖို့မခက်ခဲလှပါဘူး"

"မှန်ပါတယ်ဆရာ. . . ဆရာပါနေမှတော့ ဘယ် လောက်ခက်ခဲတဲ့အမှုမျိုး ဖြစ်ပါစေ စိတ်ပူစရာမရှိလှပါဘူး"

နှစ်ယောက်သား စကားတပြောပြောနှင့်လျှောက်လာ ကြရာ ရင်ခွဲရုံရှိရာသို့ရောက်လာလေသည်။

ထိုနေရာရောက်တော့ အစောင့်ကုလားကို အကျိုးအ ကြောင်းပြောပြရာ တံခါးဖွင့်ပေးသဖြင့် အတွင်းသို့ဝင်ကြည့်ကြ သည်။

အခန်းအလယ်နေရာ၌ ရှိသောလူနာခွဲစိပ်သောစင် ပေါ်တွင် အလောင်းကရှိနေပြီး ပိတ်ဖြူစဖြင့် ဖုံးထားလေသည်။

အနားရောက်သွားတော့ သွေးညှီနံ့များရသည်။

ဒေါက်တာမင်းထင်ကျော်က ဖုံးထားသောအဝတ်စကို





ဆွဲသာလှန်ချလိုက်သည်။ မြင်ကွင်းက မကောင်းလှပေ။

တစ်ကိုယ်လုံး မီးလောင်ကျွမ်းထားသောကြောင့် ရုပ် ပျက်ဆင်းပျက်ဖြစ်နေလေသည်။

အဆိုးဆုံးနေရာများက လည်ပင်းနှင့်ခန္ဓာကိုယ်အပေါ် ပိုင်းနေရာများ ဖြစ်သည်။

ထိုနေရာများမှာ မီးလောင်ကျွမ်းထားသောကြောင့် မီး သွေးတုံးကဲ့သို့ဖြစ်နေလေသည်။

သွေးညှီနံ့နှင့်အသားကို မီးလောင်ထားသောအညှော်နံ့ များရနေသေးသည်။

ဒေါက်တာမင်းထင်ကျော်က အလောင်းအနီးသို့ကပ် ကာ အသေအချာကြည့်ရှုစစ်ဆေးနေသည်။

မီးလောင်ထားပုံမှာ အတော်ကလေးထူးဆန်းသည်။

ပေါက်ကွဲမှုတစ်ခုခုကြောင့်သော်လည်းကောင်း အပူရှိန် များသောရေနွေးပူစသော လောင်စာတစ်မျိုးမျိုးကြောင့်သော် လည်းကောင်း၊ လောင်ကျွမ်းခံရခြင်းမျိုးမဟုတ်ပဲ သာမန်မီး တောက်များကြောင့် သေဆုံးရခြင်းဖြစ်ကြောင်းတွေ့ရလေသည်။

အဆောက်အဦးထဲမှာ မီးလောင်ခံရခြင်းမဟုတ်ပဲ အ ပြင်ဘက်တွင် ရုတ်တရက် မီးထတောက်ခြင်းမှာ ဆန်းကြယ်လှ သည်။

ထိုကဲ့သို့ဖြစ်နိုင်ရန် အကြောင်းနှစ်ချက်လောက်သာရှိ လေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုက ကိုယ်ပေါ်သို့ မီးလောင်စေနိုင်သောခတ်ဆီ သို့မဟုတ် ခတ်ငွေ့ရည်တစ်မျိုးမျိုးလောင်းထား၍သော်လည်း ကောင်း၊ ဒါမှမဟုတ် လေနှင့်ထိရုံဖြင့် မီးတောက်စေနိုင်သော ခတ်ပစ္စည်းတစ်မျိုးမျိုးကြောင့်သော်လည်းကောင်း ထိုကဲ့သို့ဖြစ် နိုင်ချေရှိသည်။

ဒေါက်တာမင်းထင်ကျော်က ထိုအနံ့များရှိမရှိ သိစေရန် အလောင်းကိုယ်ပေါ်အနံ့သို့ အနံ့ခံကြည့်သော်လည်း ထူးခြားမှုမ တွေ့ရပေ။

"ဘာထူးသလဲ ဆရာ"

"အခုထိတော့ ရုတ်တရက် မီးထတောက်စေတဲ့အနံ့မျိုး မရသေးဘူး. . . အံ့ဩစရာပဲ"

"ခတ်ဆီနံ့ ဒါမှမဟုတ် ဂက်(စ်)လို့ခေါ်တဲ့ ခတ်ငွေ့ ရည်အနံ့မျိုးပြောတာလား ဆရာ"

"ဟုတ်တယ်. . . ဒါက သဘာဝခတ်ငွေ့ကဖြစ်တဲ့ လောင်စာတွေပဲ၊ မြန်မာ့ခတ်ပညာမှာ ရုတ်တရက် မီးထ တောက်စေတဲ့ပညာတွေရှိသေးတယ်"

"အံ့ဩစရာပါလား. . . ဘယ်လိုခတ်မျိုးတွေလည်း ဆရာ"

စုံထောက်ကျော်စွာက အံ့ဩသွားသဖြင့် မေးလိုက် သည်။

"ဒီနည်းတွေက ကျွန်တော်တို့မိတ်ဆွေ ခတ်ပညာဆရာ





ကြီး ဦးဗန်ကောင်းအသုံးပြုလေ့ရှိတဲ့နည်းတွေပါပဲ၊ ခတ်ဆရာ တွေ မျက်လှည့်ဆရာတွေ ပညာစွမ်းပြတဲ့နည်းတွေပါပဲ"

ဒေါက်တာမင်းထင်ကျော်က အလောင်းကိုလေ့လာ ကြည့်ရှုနေရင်းမှပင် အောက်ပါမီးတောက်စေသောနည်းအချို့ ကိုပြောပြလေသည်။

ပထမနည်းမှာ. . . .

သူ့အလိုလို (ပုံ့သကူ) သေသော ကျီးတစ်ကောင်၏ သည်းခြေကိုသော်လည်းကောင်း၊ လင်းယုန်တစ်ကောင်၏သည်း ခြေကိုသော်လည်းကောင်းရှာဖွေ၍ အသင့်ဆောင်ထားရမည်။

ထိုသည်းခြေနှစ်မျိုးရလျှင် တစ်ခုနှင့်တစ်ခုမထိမိစေရန် သတိပြုလျှက် သီးခြားစီထားရမည်။

အသုံးပြုလိုပါက သည်းခြေနှင့်လင်းယုန်သည်းခြေတို့ကို ချည်ခင်ထိပ်ဖျားတွင် သုတ်ထားပြီးနောက် ပြလိုသောနေရာ ရောက်ပါက ထိုနှစ်ခုကိုထိလိုက်ရုံမျှဖြင့် သူ့အလိုအလျောက် မီး ထတောက်စေသည်။

အခြားနည်းတစ်ခုမှာ ကန့်ဆီကို မီးစာ၌သုတ်လိမ်းထား ပြီးနောက် လေလုံသောနေရာ၌ထားရသည်။

ကန့်ဆီ၏သဘောမှာ လေထိသည်နှင့်မီးတောက်သည့် သဘောရှိရာအများအားဖြင့်တော့ ကန့်ဆီကို လေမဝင်နိုင်သည့် ရေထဲ၌ စိမ်ထားကြရပေသည်။

အသုံးပြုလိုသောအခါ ရေစိမ်ထားသောကန့်ဆီကိုထုတ်



www.burmeseclassic.com

www.burmeseclassic.com



ယူ၍ မီးစာကိုဆွတ်လျှက် လေထိသောနေရာသို့ထုတ်လိုက်သည်နှင့်သူ့အလိုလို မီးထတောက်စေသောနည်းဖြစ်သည်။

ကန်တော့ပွဲ၊ အစီအရင်ပြုလုပ်သောနေရာ၊ မျက်လှည့်ပွဲများ၌ ဖယောင်းတိုင်မီးများ သူ့အလိုအလျောက်မီးထတောက်သောနည်းမှာ ထိုနည်းနှစ်မျိုးမှတစ်မျိုးမျိုးကိုအသုံးပြုကြောင်း စာဖတ်သူများ သဘောပေါက်ထားစေလိုပါသည်။

"ဒါဖြင့် ဦးရွှေကြူက အပြင်ဘက်ထွက်လာပြီးမှမီးထတောက်တယ်ဆိုတော့ ကိုးသည်းခြေသုတ်ထားတဲ့အဝတ်နဲ့လင်းယုန်သည်းခြေသုတ်ထားတဲ့အဝတ်တွေများ ပတ်ပေးလိုက်လို့များလား၊ ဒါတော့ မဖြစ်နိုင်ဘူး. . . ပါလီမန်အမတ်တွေ အစည်းအဝေးလုပ်နေတဲ့အချိန်မျိုးမှာတော့ ဘယ်သူကမှ ဒီလိုလာလုပ်မှာမဟုတ်ဘူး"

"ဒါဖြင့်. . . ."

"ဆရာပြောတဲ့ကန့်ဆီတွေလောင်းချလိုက်တာပဲ ဖြစ်ချင်ဖြစ်နိုင်တယ်"

"ကန့်ဆီရဲ့သဘောက လေနဲ့ထိတဲ့အချိန်မှာတင် မီးလောင်တာမျိုးဆိုတော့ အပြင်ရောက်တဲ့အထိ ဘယ်နေပါ့မလဲ၊ နေရာမှာတင် မီးလောင်မှာပေါ့. . . နောက်ပြီး စောစောက အလောင်းနားကိုကပ်ကြည့်တဲ့အချိန်မှာ ဓာတ်ဆီနံ့၊ ဂက်(စ်)နံ့တွေမရသလို ကန့်ဆီနံ့လည်း မရဘူးဗျ"

ထိုသို့ပြောလိုက်သောအခါ စုံထောက်ကျော်စွာလည်း





ဒီအကြောင်းကိုစကားမဆက်တော့ဘဲ ရှိလေသည်။

ထို့နောက်မှာတော့ ဒေါက်တာမင်းထင်ကျော်က အလောင်းကို အသေအချာထပ်မံစစ်ဆေးပြီးနောက် စိတ်ကျေနပ်သွားသောအခါ အလောင်းပေါ်မှအဝတ်စကို ပြန်ဖုံးပေးလိုက်သည်။

နှစ်ယောက်သား ရင်ခွဲရုံထဲမှမထွက်သေးဘဲ စီးကရက်တစ်လိပ်စီ မီးညှိကာ သောက်နေကြသည်။

"ဆရာထင်မြင်ချက်လည်း ပြောပါဦး"

"အခုလောလောဆယ်တော ဘာမှထင်မြင်ချက်ပေးလို့ရသေးဘူးဖြစ်နေတယ်၊ ရှုပ်နေတဲ့ချည်လုံးထဲက ချည်စကိုရှာတွေ့ရသေးသလို အမှုနဲ့ပတ်သက်တဲ့သဲလွန်စလည်း ဘာတစ်ခုမှမတွေ့ရသေးဘူး ဖြစ်နေတယ်. . . ဒါပေမယ့် စိတ်လျှော့စရာတော့မရှိသေး ပါဘူး. . . နောက်ထပ်တွေ့ရမယ့်လူတွေဆီက ကျွန်တော်တို့လိုချင် တဲ့သဲလွန်စတွေ ထပ်ရချင်ရလာမှာပါ"

ဟုပြောဆိုကာ ဒေါက်တာမင်းထင်ကျော်က လက်မှနာရီသို့ကြည့်လိုက်ရာ နေ့လည်ဘက် ၁၂ နာရီသို့ရောက်နေပေပြီ။

ထိုအခိုက်မှာပင်. . . .

"ဆရာ. . . ဆရာ ဟိုမှာကြည့်ပါဦး"

စုံထောက်ကျော်စွာက အထိတ်တလန့်ပြောလိုက်သဖြင့် နောက်သို့လှည့်ကြည့်လိုက်သည်။

စောစောက ရင်ခွဲစင်ပေါ်မှာပက်လက်အနေအထား



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် တင်ထားသောအလောင်းက ထထိုင်နေလေပြီ။

ဖုံးထားသောအဝတ်စက အောက်သို့လျှောကျနေပြီး တစ်ကိုယ်လုံးမှ မီးခိုးငွေ့များ စိမ့်ထွက်နေသည်။

ထို့ကြောင့် အသားမီးလောင်းသဖြင့် ကျွမ်းနေသော ညှော်နံ့များထွက်နေလေသည်။

"ဖုတ်ဝင်ပြီး ထထိုင်လာတာလား ဆရာ"

"ဒီလိုတော့ ဟုတ်မယ်မထင်ဘူး"

ဒေါက်တာမင်းထင်ကျော်က အခန်းတွင်းမှာရှိနေသော အခြေအနေများကို လေ့လာကြည့်လိုက်သည်။

ထူးခြားချက်တစ်ခုမှာ ရင်ခွဲရုံအပေါ်မှာရှိနေသောမှန်ပြတင်းပေါက်မှမှန်ချပ်အချို့မှာ ကွဲကျနေသဖြင့် အချို့နေရာများ၌ ဟောင်းလောင်းပေါက်ဖြစ်နေလေသည်။

ထိုအပေါက်မှ မွန်းတည့်နေ၏နေရောင်ကထိုးဝင်လာပြီး အလောင်းကိုယ်ပေါ်သို့တည့်တည့်ထိုးကျနေလေသည်။

ထို့ကြောင့် နေရောင်ခြည်နှင့်ထိနေသောနေရာတစ်ဝိုက်မှာ မီးခိုးငွေ့များထွက်လာပြီးနောက် အလောင်းက ထထိုင်လာခြင်းဖြစ်ပေသည်။

အလောင်းကောင်များကို မီးရှို့သောအခါ ကုန်းထလာသည့်ပုံစံမျိုးဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က ထိုမြင်ကွင်းကိုမြင်သောအခါ စိတ်ထဲမှတစ်စုံတစ်ခုကို သတိရသွားသည်။ တက်ကြွမှုများ



သည်း ဖြစ်လာသည်။

"ဟန်ကျပြီ ကိုကျော်စွာရေ့... ကျွန်တော်တို့ကိုတော့ ဦးရွှေကြူက သဲလွန်စပေးနေပြီ"

ထိုစကားကြားတော့ စုံထောက်ကျော်စွာက အံ့ဩသွားသည်။

"ဘယ်လိုသဲလွန်စမျိုးလဲ ဆရာ"

"သူသေတဲ့အချိန်က ညနေပိုင်းနေပူပြင်းနေတဲ့အချိန်ဟုတ်လား၊ အတွင်းဝန်ရုံးထဲက အပြင်ထွက်လာတဲ့အချိန်မှာ မီးထတောက်တာ ကိုကျော်စွာရဲ့"

"ဟုတ်ပါတယ်"

"အခုလည်း ဟိုမှာကြည့်ပါလား... မွန်းတည့်နေက မှန်ပြတင်းပေါက်ကတစ်ဆင့် အလောင်းပေါ်ကိုထိုးကျလာတော့ မီးရှို့သလိုဖြစ်ပြီး ထထိုင်လာတော့တာပေါ့"

"မီးခိုးတွေက ဘာကြောင့်ထွက်နေတာလဲ"

"ကျွန်တော့်အထင်ပြောရရင်တော့ ဦးရွှေကြူရဲ့ကိုယ်ပေါ်မှာ မီးလောင်စေတတ်တဲ့အဆိပ်တစ်မျိုးမျိုး ရှိနေတဲ့ပုံပဲ၊ ဒီအဆိပ်က အပူရှိန်နဲ့တွေ့တာနဲ့မီးတောက်ပုံရတယ်"

"ဒီလိုဆိုရင်တော့ မသေသေအောင် ကြိုတင်ကြံစည်တာပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် မမြင်ရတဲ့ပရလောကသားတွေ လက်ချက်ပဲဖြစ်မှာသေချာတယ်"

စုံထောက်ကျော်စွာက ခေတ်ပညာတတ်ဖြစ်သော်

www.burmeseclassic.com

www.burmeseclassic.com



လည်း ပရလောကသားတို့နှင့်ပတ်သက်သည့်အကြောင်းများကို လည်း ယုံကြည်မှုရှိသူဖြစ်လေသည်။

"ကိုကျော်စွာပြောတာလည်း ဖြစ်နိုင်ပါတယ်. . . စုံစမ်းကြည့်ရင်တော့ သိရမှာပါ"

ထိုအချိန်တွင် နေရောင်ခြည်က အလောင်းကိုယ်ပေါ် ကျနေရာမှရွေ့လျားသွားပြီဖြစ်ရာ တဖြည်းဖြည်းနှင့်မီးခိုးငွေ့များလည်း ပျောက်သွားလေပြီ။

ထထိုင်နေသောအလောင်းလည်း နောက်သို့ တဖြည်းဖြည်းနှင့်ပြန်လဲကျသွားသည်ကိုတွေ့ကြရသည်။

ထိုအခါ ဒေါက်တာမင်းထင်ကျော်က ထိုနေရာသို့ လျှောက်သွားပြီးနောက် လျှောကျနေသောအဝတ်ကိုပြန်ကောက်ယူကာ အလောင်းကိုယ်ပေါ်သို့ ပြန်အုပ်တင်ပေးလိုက်သည်။

ထို့နောက် နှစ်ယောက်သားရင်ခွဲရုံအတွင်းမှအပြင်သို့ ပြန်ထွက်ခဲ့ကြလေသည်။

အပြင်ဘက်၌ နေရောင်ခြည်က စူးစူးရဲရဲတောက်ပလျက် ရှိနေလေသည်။

ဿဿဿ





# အခန်း(၅)
## လောင်မီးကျနေသည့်နှင်းအဆိပ်

ထိုနေ့ညနေပိုင်းအချိန် အိမ်သို့ပြန်ရောက်လာသောအခါ ဒေါက်တာမင်းထင်ကျော်သည် ရေမိုးချိုးအဝတ်အစားလဲပြီးနောက် မိမိကိုယ်ပိုင်စာကြည့်ခန်းသို့ဝင်ကာ အဆိပ်နှင့်ပတ်သက်သောစာအုပ်စာတမ်းများကိုစု၍ စာရေးစားပွဲပေါ်သို့ပုံချထားလေသည်။

ထို့နောက် ကော်ဖီသောက်လိုက်၊ စီးကရက်ဖွာလိုက်နှင့် စာအုပ်များကိုတစ်အုပ်ပြီးတစ်အုပ် ဖတ်ရှုလေ့လာလေသည်။

အဆိပ်နှင့် ပတ်သက်သောအကြောင်းများကိုရေးထားသောအကြောင်းအရာက အတော်များသည်။



www.burmeseclassic.com

www.burmeseclassic.com



တိရစ္ဆာန်နှင့်ပတ်သက်သောအဆိပ်၊ သစ်ပင်များနှင့်ပတ်သက်သောအဆိပ်၊ သဘာဝသတ္တုမှဖြစ်သောအဆိပ်၊ လူတို့ပြုပြင်စီမံသောအဆိပ် စသည်ဖြင့် အကြောင်းအရာမျိုးစုံလှသည်။

တိရစ္ဆာန်နှင့်ပတ်သက်သည့်အဆိပ်များထဲတွင် မြွေဆိပ်သည် အဆိုးဝါးဆုံးဖြစ်ပြီး ထိုအထဲမှာ နဂါးအဆိပ်သည် အပြင်းထန်ဆုံးဖြစ်သည်။

သစ်ပင်များ၌ဖြစ်သောအဆိပ်များထဲတွင် အဆိပ်ပင်မှဖြစ်သောအဆိပ်သည် အပြင်းထန်ဆုံးဖြစ်သည်။

ထို့ပြင် သဘာဝသတ္တုမှဖြစ်သောအဆိပ်များနှင့် လူတို့ပြုပြင်စီမံထားသောအဆိပ်များမှာလည်း လူနှင့်တိရစ္ဆာန်တို့အသက်ကို သေစေနိုင်သောအဆိပ်များဖြစ်ကြောင်း ရေးသားသောစာအုပ်စာတမ်းများ၌ တွေ့ရလေသည်။

၎င်းတို့မှအချို့ကို ကောက်နုတ်ဖော်ပြပေးပါလျှင်. . . .

သမိုင်းဦးခေတ်မှစ၍ လူသားတို့သည် ဓာတ်သတ္တုများ(Minerals)နှင့် ဟင်းသီးဟင်းရွက်(Vegetable)တို့မှ အဆိပ်အမျိုးမျိုးကိုရှာဖွေတွေ့ရှိခဲ့ကြလေသည်။

ထိုအဆိပ်များကို လူတို့သည်အသုံးပြုခြင်း၊ စားသုံးခြင်းမှရှောင်ကြည်ခဲ့ကြသည်။

သို့သော် ရန်သူများနှင့်သားရဲတိရစ္ဆာန်များကိုသတ်ဖြတ်ရာတွင်မူ ထိုအဆိပ်များကိုအသုံးပြုခဲ့ကြသည်။





သမိုင်းမှတ်တမ်းများအရ အီဂျစ်၊ ဘေဘီလိုနီးယား၊ ဟီးဘရူးနှင့်ဂရိလူမျိုးများက အဆိပ်ကို စတင်တွေ့ရှိအသုံးပြုခဲ့ကြသည်ဟု သိရှိရသည်။

အိန္ဒိယနိုင်ငံတွင်လည်း ငါးရာစုလောက်မှစတင်၍ အဆိပ်ကို အသုံးပြုခဲ့ကြသည်။

မြန်မာနိုင်ငံတွင်မူ ၁၂၈၆ ခုနှစ်၌ သားတော်ပြည်စားသီဟသူက ခမည်းတော် နရသီဟပတေ့မင်းကို အဆိပ်ကျွေး၍သတ်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိရသည်။

"အဆိပ်"ဟူသည်မှာ ဘေးဖြစ်စေတတ်သောအရာဝတ္ထုအစ်ရပ်ဖြစ်၍ မသင့်လျော်သောနည်းနှင့် မသင့်တင့်သောအတိုင်းအတာအချိုးအစားအရ ပေးပြီးသုံးစွဲမိပါက နေထိုင်မကောင်းခြင်း၊ မကျန်းမာခြင်း၊ ရောဂါဝေဒနာခံစားရခြင်းမှ သေဆုံးသည်အထိ အန္တရာယ်ဖြစ်စေနိုင်သောအရာဝတ္ထုများကို ဆိုလိုပေသည်။

"တန်လျှင်ဆေး၊ လွန်လျှင်ဘေး"ဟူသော စကားအတိုင်း သင့်တင့်သောအတိုင်းအတာအရပေးလျှင်မူ အချို့သောအဆိပ်များသည်ပင် လူနှင့်တိရစ္ဆာန်များအဖို့ ဆေးဝါးအဖြစ် အသုံးဝင်ပေသည်။

အဆိပ်အမျိုးမျိုးရှိပေသည်။

- စားသွားသောအဆိပ်များ ( Corrosives ) အက်ဆစ်နှင့်အယ်(လ)ကာလီများ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



- ဆွသောအဆိပ်များ (Irritants)

ဖော့(စ)ဖရတ်၊ ကလိုရင်း၊ ဗရိုမင်း၊ အိုင်အိုဒင်း အားဆီနစ်၊ ခနောက်စိမ်း၊ ပြဒါး၊ ကြေးနီ၊ ခဲ၊ သွပ်၊ ငွေ၊ ကြက်ဆူစေ့များ၊ ရွက်လှပင်(သို့မဟုတ်)ကနဒိုပင်ဆီ၊ မုတ်ခါး(သို့မဟုတ်)ရှားစောင်းလက်ပတ်စေး၊ အဆိပ်ရှိသောမြွေနှင့်ပိုးမွှားများ ကိုက်ခဲခြင်း၊ စိန်မှုန့်၊ ဖန်မှုန့်၊ ဆံဖြည်မျှင်မှုန့်စသည်များ ဖြစ်သည်။

- အကြောကို ထိခိုက်ပျက်ပြားစေသောအဆိပ်များ (Neurotics)
- ဦးနှောက်ကိုထိခိုက်ပျက်ပြားစေသောအဆိပ်များ
- ဘိန်းနှင့်အယ်(လ)ကာလီများ၊ အရက်၊ ဘီသာ၊ တလိုရိုဖောင်း၊ ဒါတူရာ၊ ဗယ်လာဒေါနား(ပရဆေးပင်)၊ ဟိုယိုဆီးရေးမတ်၊ ဘိန်းကဲ့သို့မူးယစ်စေသောဆေးခြောက်စသည်များဖြစ်သည်။
- ကျောရိုးကိုထိခိုက်ပျက်ပြားစေသောအဆိပ်များ. . .
- ခပေါင်းနှင့်ဂဲ(လ)မီယမ်စသည်တို့ ဖြစ်သည်။
- နှလုံးကိုထိခိုက်ပျက်ပြားစေအဆိပ်များ. . . .
- အကွန်နီ၊ ဒင်ဂျီတယ်လစ်၊ အိုလီရင်ဒါဆေးရွက်၊ ဟိုင်ဒရိုင်ဆိုင်ယာနစ်အက်စစ်စသည်တို့ဖြစ်သည်။
- အဆုတ်ကိုထိခိုက်ပျက်ပြားစေသော (သို့မဟုတ်)မွန်းစေသောအဆိပ်များ. . . .

အဆိပ်ပါ၍ အသက်ရှူကျပ်စေသောဓာတ်ငွေ့များဖြစ်သော ကာဗွန်ဒိုင်အောက်ဆိုက်၊ ကာဗွန်မိုနော့ဆိုက်၊ ကျောက်မီးသွေးဓာတ်ငွေ့များ စသည်တို့ဖြစ်သည်။

- အဖျားပိုင်းနှစ်ကြောများကို ထိခိုက်ပျက်ပြားစေသောအဆိပ်များ. . .

ကိုနီယမ်နှင့်ကူရာရားစသည်တို့ဖြစ်သည်။

ဖော်ပြပါအဆိပ်အမျိုးမျိုးတို့သည် လူ၏ကိုယ်ခန္ဓာကိုယ်အတွင်းသို့ ပါးစပ်၊ စအို၀၊ အရေပြားတို့မှလည်းကောင်း ထိုးသွင်းခြင်းဖြင့်လည်းကောင်း နည်းအမျိုးမျိုးဖြင့် ဝင်ရောက်နိုင်လေသည်။

အဆိပ်များသည် လူ၏ကိုယ်ခန္ဓာအတွင်းမှပြင်ပသို့ ဆီး၊ ဆေးပင်၊ ချွေး၊ နို့ရည်၊ တံတွေးစသည်များအနေဖြင့် ထွက်နိုင်သည်။

အဆိပ်များသည် လူ့ကိုယ်ခန္ဓာနှင့်ထိတွေ့သည့်နေရာများ၊ အသည်းအဆုတ်များနှင့်လူ၏ဇီဝကမ္မအဖွဲ့တစ်ခုလုံးကိုပါ ထိခိုက်ပျက်ပြားစေနိုင်လေသည်။

အဆိပ်များသည် လူတစ်ဦးအား မည်မျှထိခိုက်စေနိုင်သည်မှာ အောက်ပါအချက်များအပေါ်၌ မူတည်လေသည်။

- အဆိပ်၏အနည်းအများ
- လူ့ခန္ဓာကိုယ်အတွင်းသို့ အဆိပ်ဝင်ရောက်ပုံ

အဆိပ်ငွေ့ကိုရှူရှိုက်မိခြင်း၊ ဆေးထိုးအပ်ဖြင့်ထိုးသွင်းခြင်း၊ အရေပြားပေါ်ရှိ ဒဏ်ရာမှဝင်ရောက်ခြင်း၊ အဆိပ်ရှိ သတ္တဝါများ ကိုက်ခဲခြင်းစသည်များဖြင့် အဆိပ်သည် လူ့ခန္ဓာကိုယ်







www.burmeseclassic.com

www.burmeseclassic.com



တွင်းသို့ဝင်ရောက်တတ်သည်။ ရှူရှိုက်ခြင်း၊ ဆေးထိုးအပ်ဖြင့်ထိုး သွင်းခြင်းများတွင် အဆိပ်၏အကျိုးသက်ရောက်မှု ပို၍ မြန်ဆန် သည်ကိုတွေ့ရပေမည်။

- အဆိပ်၏အနေအထား

အဆိပ်ရည်၊ အဆိပ်ငွေ့အဖြစ်ရောက်နေသောအဆိပ် များ ဖြစ်သည်။

- အဆိပ်သင့်သူ၏ကာယအခြေအနေ. . . .
- အဆိပ်သင့်သူ၏အသက်အရွယ်. . . .
- အဆိပ်သင့်သူ၏သက်ဆိုင်ရာအဆိပ်ကိုခံနိုင်ရည်ရှိ
- အဆိပ်သင့်သူ၏အစာအိမ်အခြေအနေ. . . .

အဆိပ်မိစဉ် အဆိပ်မိသူ၏အစာအိမ်အတွင်း၌ အစာ မရှိ။

အစာရှိလျှင် အဆိပ်သင့်မှုကိုခံနိုင်ရည်ရှိပေမည်။

- အဆိပ်သင့်သူ၏အကျင့်နှင့်အလေ့အထ. . . .

အဆိပ်သင့်သူသည် သက်ဆိုင်ရာအဆိပ်ကိုအသုံးပြု လေ့ရှိမရှိ။ အသုံးပြုလေ့ရှိလျှင် ခံနိုင်ရည်ပို၍ ရှိသည်။

- အဆိပ်သင့်သူ အဆိပ်သင့်နေစဉ် အိပ်ပျော်နေသ လော(သို့မဟုတ်) အရက်မူးနေသလော။

အဆိပ်သင့်သူသည် အိပ်ပျော်နေလျှင်ဖြစ်စေ၊ မူးယစ် နေလျှင်ဖြစ်စေ အဆိပ်သင့်မှုကိုနှောင့်နှေးကြန့်ကြာစေတတ် သည်။





- အဆိပ်သင့်မှုနှင့်ကိုယ်ခန္ဓာပြင်ပသို့ အဆိပ်ထွက်မှုအ ခြေအနေ

အထက်ဖော်ပြပါအချက်များအပေါ်တွင် အမှီပြု၍ အ ဆိပ်သင့်မှုအခြေအနေကိုဆန်းစစ်ကြည့်နိုင်လေသည်။

အဆိပ်သင့်၍ သေဆုံးသူ၏အလောင်းကိုစစ်ဆေး ကြည့်ရှုပါက အောက်ပါအခြင်းအရာလက္ခဏာများကို တွေ့ရှိရ သည်ဖြစ်သည်။

## ပြင်ပလက္ခဏာများ

သက်ဆိုင်ရာအဆိပ်၏အနံ့အသက်များရခြင်း၊ ထိုသူ၏ ခန္ဓာကိုယ်နှင့်အဝတ်အစားများအပေါ်တွင် သက်ဆိုင်ရာအဆိပ် များစွန်းထင်နေခြင်း၊ အန်ဖတ်များ၊ မစင်များတွေ့ရှိရခြင်း၊ ပါး စပ်၊ နှာခေါင်း၊ စအို၊ မိန်းမအင်္ဂါစသည်တို့တွင် အဆိပ်နှင့်ပတ် သက်သောအရာဝတ္ထုများတွေ့ရှိရခြင်းတို့ဖြစ်သည်။

အထူးသတိပြုရန်မှာ သေသူ၏ကိုယ်တွင်ဒဏ်ရာများ၊ ရောဂါဝေဒနာများတွေ့ရှိရမှုဖြင့် အဆိပ်သင့်ခြင်းမရှိဟု တထစ် ချ မယူဆနိုင်ခြင်းဖြစ်၏။

ထို့ကြောင့် အဆိပ်သင့်၍ သေဆုံးသူတစ်ဦး၏ကိုယ် တွင်းအင်္ဂါများ(Viscera)ကို သေချာစွာ သိမ်းဆည်းပြီး ဓာတုဗေ ဒပညာရှင်ထံသို့ ဓာတ်ခွဲကြည့်ရှုစစ်ဆေးရန် ပေးပို့ဖို့ မမေ့သင့်



www.burmeseclassic.com

www.burmeseclassic.com



ပေ။

သို့မှသာလျှင် အဆိပ်သင့်မှုရှိမရှိနှင့် အဆိပ်သင့်မှုအခြေအနေများကို သေချာစွာ သိရှိနိုင်မည်ဖြစ်သည်။

### ကိုယ်တွင်းလက္ခဏာများ

အထူးသဖြင့် အဆိပ်သင့်သူ၏အစာလမ်းကြောင်း၊ အစာပြွန်၊ အစာအိမ်၊ အူနှင့်အစာကြေချက်သည့်လမ်းကြောင်းများကို သေချာစွာ စစ်ဆေးကြည့်ရှုရန်လိုသည်။

အဆိပ်သင့်သူ၏အစာအိမ်အမြှေးပါးတွင် နီမြန်းနေခြင်း၊ အစာအိမ်အမြှေးပါးပျော့၍ နူးညံ့နေခြင်း၊ အစာအိမ်အောက်ပိုင်းပေါက်နေခြင်း၊ အစာအိမ်အကာများနှင့်အူသိမ်များပေါက်နေခြင်းစသည်တို့ဖြစ်တတ်သည်။

စားသွားသောအဆိပ်များနှင့် ဆွဲသောအဆိပ်များသင့်လျှင် အဆိပ်သင့်သူ၏အူ၊ အစာအိမ်နှင့်အူသိမ်များ ပေါက်တတ်သည်။

### ဓာတုဗေဒပညာရှင်၏စစ်ဆေးတွေ့ရှိချက်

အဆိပ်သင့်မှုများ၌ အဆိပ်သင့်သူမသေမီ အန်သောအန်ဖတ်များ၊ ဆီးများစသည်တို့ကိုစစ်ဆေးကြည့်ရှုရန် အရေးကြီးသည်။

ထို့ပြင် အဆိပ်သင့်သူသေဆုံးပြီးနောက် အစာအိမ်အတွင်းရှိ အစာများ၊ အူထဲရှိအရာများနှင့်ကိုယ်ခန္ဓာ၏တစ်ရှူးများကိုစစ်ဆေးကြည့်ရှုရန်လည်း အထူးလိုအပ်ပေသည်။

ဓာတုဗေဒပညာရှင်အနေဖြင့် အဆိပ်သင့်သူ၏အသည်း၊ သရက်ရွက်နှင့်ကျောက်ကပ်စသည့်အရေးကြီးသောကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများကို စစ်ဆေးကြည့်ရှုရန် လိုပေသည်။

သို့မှသာလျှင် အဆိပ်သင့်မှု၏အစစ်အမှန်အခြေအနေကို ဖော်ထုတ်နိုင်မည်ဖြစ်သည်။

အဆိပ်သင့်၍ သေဆုံးရသူတစ်ဦးကိုခွဲစိတ်ကြည့်ရှုစစ်ဆေးရာ၌ သက်ဆိုင်ရာအဆိပ်မတွေ့ရှိတတ်သောအကြောင်းများမှာ အဆိပ်သည် အဆုတ်မှတစ်ဆင့် ပျံ့လွင့်ထွက်ခြင်း၊ အန်ခြင်းကြောင့် အစာအိမ်နှင့်အူများမှ အဆိပ်များပါသွားခြင်း၊ ကျောက်ကပ်မှတစ်ဆင့် ပြင်ပသို့အညစ်အကြေးများအဖြစ်ထွက်သွားခြင်းတို့ကြောင့်ဖြစ်၏။

ဟင်းသီးဟင်းရွက်အဆိပ်များကိုခွဲစိတ်ကြည့်ရှုရာ၌ အဆိပ်သင့်သူ၏ကိုယ်တွင်းအင်္ဂါများ၌ မတွေ့ရှိရတတ်ချေ။

အယ်(လ)ကာလီနှင့် ဂလူးကို့ဆိုဒ်စသည့်အဆိပ်များသည်လည်း အဆိပ်သင့်သူအသက်ရှိနေစဉ် ဓာတ်တိုးခြင်း (သို့မဟုတ်)အောက်ဆီဂျင်ပေါင်းခြင်းတို့ကြောင့်ဖြစ်စေ သေဆုံး





www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် အလောင်းပုပ်ပွသည့်အခါ၌ ဖြစ်စေ အခြားအရာဝတ္ထုများနှင့်ပေါင်းစည်းသွားခြင်းကြောင့် တွေ့ရှိရန်ခဲယဉ်းပေသည်။

အဆိပ်အမျိုးမျိုးတို့ကိုရောင်းဝယ်ရန်အတွက် လက်ဝယ်ထားရှိခြင်း၊ လက်လီလက်ကားရောင်းဝယ်ခြင်း၊ လိုင်စင်များထုတ်ပေးခြင်းစသည့်ကိစ္စများအတွက် အိန္ဒိယနိုင်ငံတွင် ၁၉၁၉ ခုနှစ်က အဆိပ်ဥပဒေ(Poions Act)ကို (၃-၉-၁၉)နေ့တွင် ပြဋ္ဌာန်းခဲ့သည်။

မြန်မာနိုင်ငံတွင်လည်း ၎င်းဥပဒေသည် အတည်ဖြစ်လျက်ပင်ရှိသေးသည်။

(၁-၂-၃၂)နေ့တွင်လည်း ဘေးဖြစ်စေတတ်သောဆေးဝါးများဥပဒေ(Dangerous Drugs Act)ကို ပြဋ္ဌာန်းခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတွင်(၂၀-၂-၇၄)နေ့မှစ၍ အတည်ဖြစ်လာသော "မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သောဆေးဝါးများဥပဒေ"ကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။

အဆိပ်ကြောင့်သေဆုံးမှုအကြောင်းကို ထပ်မံဖြည့်စွက်ပါဦးမည်။

တစ်စုံတစ်ယောက်ကိုသတ်ရန် အဆိပ်ကိုအသုံးပြုကြသည်။ ထိုကဲ့သို့သောအမှုမျိုးတွင် စုံစမ်းစစ်ဆေးရေးပုဂ္ဂိုလ် သည် ဂရုတစိုက်ဆုံးဖြတ်ရပေသည်။

အဆိပ်ကြောင့် လူသေဆုံးမှုတွင် မတော်တဆကြောင့်





ဖြစ်စေ၊ သတ်သေလို၍ဖြစ်စေ အဆိပ်ကြောင့်သေဆုံးရခြင်းဖြစ်သည်။

ထို့ကြောင့် အဆိပ်ခတ်၍သတ်ခြင်း၊ မတော်တဆ အဆိပ်မိခြင်း၊ အဆိပ်သောက်၍ မိမိကိုယ်မိမိလုပ်ကြံခြင်းတို့တွင် အချက်အလက်စုံလင်စွာ မစစ်ဆေးရမီ ရောထွေးနေတတ်သည်။

လူကို အဆိပ်ခတ်၍သတ်ခြင်းတွင်လည်းကောင်း၊ မတော်တဆ အဆိပ်မိခြင်းသော်လည်းကောင်း၊ မျက်မြင်သက်သေရရှိရန်ခက်ခဲသည်။ ရှားပါးသည်။

ထို့ကြောင့် ပတ်ဝန်းကျင်အခြေအနေ အထောက်အထားတစ်ခုခုကို ဂရုတစိုက်ရှာဖွေခြင်းပြုရသည်။

အချို့သောမူးယစ်ဆေးနှင့်အဆိပ်များကိုသွေးထဲတွင် အလွယ်တကူ စစ်ဆေးတွေ့ရှိနိုင်သည်။

လူ၏အသည်းထဲတွင် အဆိပ်အများဆုံးတွေ့ရတတ်သည်။ ဆီး၊ ကျောက်ကပ်နှင့်ဦးနှောက်ထဲတွင်လည်း အဆိပ်ကို ရှာဖွေတွေ့ရှိနိုင်သည်။

အဆိပ်ငွေ့တို့ကိုမူ အဆုတ်နှင့်သွေးထဲတွင် တွေ့ရှိနိုင်သည်။

ဝမ်းဗိုက်တွင်းရှိ အတွင်းသားများသည် အဆိပ်အမျိုးမျိုးကိုဖော်ပြနိုင်လေသည်။

အထူးသဖြင့် အဆိပ်ပြင်းများကို ပိုမိုသိသာနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ဦးတစ်ယောက် အဆိပ်စားမိသည်။ အဆိပ် တောက်သည်ကိုသိနိုင်ရန် တစ်ခါတစ်ရံ လွယ်ကူသည်ဆိုသော် လည်း အများအားဖြင့် ခဲယဉ်းပေသည်။

အဆိပ်တောက်သောလက္ခဏာများသည် အချို့ရောဂါ များမှဖြစ်သောလက္ခဏာများနှင့်တူသည်။

အဆိပ်အမျိုးအစား မည်မျှပင် ကွဲပြားနေစေကာမူ အ တန်းအစားတူညီချက်ချင်း ပေါင်းစပ်၍ ၄ မျိုး ၄ စား ခွဲခြားထား သည်။

**သက်မဲ့ပစ္စည်းမှရသောအဆိပ်**

၎င်းမှာ ဆိုင်ယာနိုက်၊ စိန်၊ ဆေးဒန်း၊ ပြဒါး၊ ကလိုရိုက်၊ ခနောက်စိမ်းဓာတ်ပေါင်း၊ ခဲဆား၊ မီးစုန်းဓာတ်စသည်တို့ဖြစ် သည်။

**အဆိပ်ငွေ့**

ကာဗွန်မိုနောက်ဆိုဒ်၊ ကားမှထုတ်သောအငွေ့၊ မီးဖိုသုံး ရန် ဓာတ်ငွေ့၊ ဟိုက်ဒရိုဂျင်ဆာ(လ)ဖိုဒ်(ကြက်ဥပုပ်အနံ့)၊ ဆာ (လ)ဖာဒိုင်အောက်ဆိုဒ်(ကန့်ကိုမီးရှို့၍ရသောအငွေ့)စသည်တို့ဖြစ်သည်။

**အရည်ပျော်စပ်သောပစ္စည်း**

ကလိုရိုဖောင်း၊ အီသာ၊ အက်ဆီတုံး၊ ဗင်ကင်း၊ ကာဗွန်





ဒိုင်ဆာ(လ)ဖိုဒ်၊ ကာဗွန်တက်ထရာကလိုရိုဒ်စသည်တို့ဖြစ်သည်။

**သက်ရှိပစ္စည်းမှရသောအဆိပ်**

ဆယ်လီစယ်လိပ်(တ) (စ)အိမ်ဆေးအဆိပ်၊ မူးယစ်ထုံ ဆိုင်းဆေးအဆိပ်၊ စထရစ်(ချ)နင်း၊ နီကိုတင်းအဆိပ်စသည်တို့ ဖြစ်သည်။

အဆိပ်ကြောင့်သေခြင်းအမှုများတွင် ရနိုင်သောသက် သေခံအထောက်အထားများမှာ အစားအသောက်များ၊ ပုလင်း ခွက်များ၊ ဖန်ခွက်များ၊ လက်ဖက်ရည်ပန်းကန်များ(သို့မဟုတ်) အခြားပန်းကန်အိုးခွက်များ ဖြစ်သည်။

အဆိပ်မိသူ စားသောက်ခဲ့သောအစားအစာနှင့်အရည် များကိုသန့်စင်သောဖန်ပုလင်းများတွင် ထည့်၍ ဓာတုဗေဒစစ် ဆေးရေးအရာရှိထံ ပို့ရသည်။

အဆိပ်မိ၍ သေဆုံးသူ၏မိတ်ဆွေများ၊ မိသားစုများ၊ ဆေးကုသောဆေးဆရာများကိုမေးမြန်း၍ ရရှိသောလက္ခဏာများ အကြောင်းတွင် မသေမီကာလအနည်းငယ်အတွင်း သေသူမည် သို့ပြုလုပ်ပုံ၊ မည်သို့ခံစားရပုံအကြောင်းများပါရှိရမည်။

ထိုအကြောင်းများမှာ အော့အန်ခြင်း၊ ဗိုက်နာခြင်း၊ တက်ခြင်း၊ မေ့မြောခြင်း၊ ကယောင်ကတမ်းပြောခြင်း စသည် တို့ဖြစ်သည်။

အထက်ပါဖော်ပြသောအဆိပ်များအပြင် သစ်ပင်မှဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သောအဆိပ်သည် ကြောက်စရာအကောင်းဆုံးသောအဆိပ်များထဲ၌ တစ်ခုအပါအဝင်ဖြစ်လေသည်။

အဆိပ်ပင်နှင့်သိဖို့မဆိုထားနှင့် လေတင်လေအောက်၌ အဆိပ်ပင်မှအနံ့အသက်ရရုံနှင့်ပင် လူနှင့်တိရစ္ဆာန်တို့အန္တရာယ်ရှိစေနိုင်လောက်အောင် အဆိပ်ပြင်းသည်။

အဆိပ်ပင်မှအဆိပ်ရေထုတ်ယူပုံများအကြောင်းကို အခြားရေးသားပြီးသောစာအုပ်များတွင် ဖော်ပြပေးခဲ့ပြီးဖြစ်ပေသည်။

သတ္တဝါများမှာလည်း အဆိပ်ပြင်းသောသတ္တဝါများရှိကြသည်။ သာမန်အဆိပ်ရှိသောသတ္တဝါများနှင့် ၎င်းတို့အဆိပ်ထိသည်နှင့်အသက်သေစေလောက်အောင်အန္တရာယ်ပြင်းသောသတ္တဝါများလည်း ရှိကြသည်။

ကင်း၊ ကင်းခြေများ၊ ပင့်ကူစသောသတ္တဝါတို့မှာ သာမန်အဆိပ်ရှိသောသတ္တဝါများဖြစ်ကြပြီး မြွေကတော့ အဆိပ်ရှိသောသတ္တဝါတို့တွင် အရေအတွက်အများဆုံးရှိကြလေသည်။

ထိုမြွေများမှာလည်း သာမန်အဆိပ်ရှိသောမြွေများရှိသလို ထိရုံနှင့်သေစေနိုင်သောမြွေပွေး၊ မြွေဟောက်စသည်တို့လည်း ရှိကြသည်။

မြွေမျိုးနွယ်ဝင်များထဲတွင် အဆိပ်အပြင်းဆုံးမှာ နဂါးဖြစ်သည်။

နဂါးတို့မှာလည်း ကုန်းနေနဂါး၊ တောင်နေနဂါး၊ ရေ





နေနဂါးဟု သုံးမျိုးရှိသည်။

နဂါးအဆိပ်ပြင်းပုံနှင့်ပတ်သက်ပြီး ဖော်ပြထားချက်တို့မှာ နဂါးအဆိပ်ထိသည်နှင့်ကိုယ်သည် ထင်းချောင်းကဲ့သို့ မကွေးနိုင် မဆန့်နိုင်၊ မလှုပ်ရှားနိုင်လောက်အောင်ဖြစ်သွားခြင်း၊

နဂါးအဆိပ်ထိသော် ကိုယ်သည် အမှည့်လွန်၍ ပုပ်သောသစ်သီးကဲ့သို့ အရေယိုစီးထွက်စေခြင်း၊

နဂါးအဆိပ်ထိသော် ကိုယ်သည် မီးလောင်သကဲ့သို့ပူလောင်၍ ပျက်စီးခြင်းသို့ရောက်စေခြင်း၊

နဂါးအဆိပ်ထိသောကိုယ်သည် မိုးကြိုးစက်နှင့်ထိသကဲ့သို့ ကွဲကြေပျက်စီးခြင်းသို့ရောက်စေခြင်း၊

နဂါးအဆိပ်ထိရုံဖြင့် ကိုယ်သည် ဖွဲမှုန့်ကဲ့သို့ကွဲကြေပျက်စီးခြင်းသို့ရောက်စေတတ်သောနဂါးအဆိပ်အမျိုးမျိုး ရှိကြလေသည်။

ကျမ်းဂန်များတွင် အဆိပ်ပြင်းသောနဂါးမျိုးနွယ်ပေါင်း (၁၀၂၄)မျိုးရှိကြောင်း ဖော်ပြထားလေသည်။

ထို့ကြောင့် အဆိပ်နှင့်ပတ်သက်လျှင် နဂါးအပါအဝင်မြွေမျိုးနွယ်ဝင်တို့သည် အရေအတွက်အများဆုံးနှင့်ကြောက်စရာအကောင်းဆုံး ဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်က စာကြည့်ခန်းထဲမှာတစ်ယောက်တည်း စာအုပ်စာတမ်းများကိုလေ့လာကြည့်ရှုနေရင်းနှင့် အတွေးတစ်ခုဝင်ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှတ်တမ်းတွေထဲမှာ အဆိပ်ထိတာနဲ့မီးလောင်ခံရသ
လိုဖြစ်ပြီး သေရတဲ့အဆိပ်မျိုးပါတယ်၊ အဂ္ဂိမုခနဂါးအဆိပ်လို့
ရေးသားထားတယ်၊ အခုဦးရွှေကြူဖြစ်တဲ့အဖြစ်မျိုးက အဂ္ဂိမုခ
နဂါးအဆိပ်ထိတဲ့ပုံမျိုးပဲ"

သူ့စိတ်ထဲမှာ ထိုအဆိပ်မျိုးထိသဖြင့် သေရလေသလား
ဟု သံသယရှိနေသော်လည်း ထိုကိစ္စကတော့ ဖြစ်နိုင်စရာမရှိပေ

အဘယ်ကြောင့်ဆိုသော် ယခုအခါတွင် ထိုကဲ့သို့သော
ဂါးအဆိပ်မျိုးရရန် မလွယ်ကူသောကြောင့်ဖြစ်သည်။

သို့သော် အတွေးတစ်ခုတော့ရလိုက်လေသည်။ အခြ
မဟုတ်ပေ။

ဦးရွှေကြူသေဆုံးရသည်မှာ သာမန်မဟုတ်ပဲ ပြင်းထန်
သောအဆိပ်တစ်မျိုးမျိုးကြောင့် ဖြစ်နိုင်သည်ဟူသောအတွေ
ပင်ဖြစ်လေသည်။

ဿဿဿ





# အခန်း(၆)

## နတ်ဘုရားကျောင်းမှသဲလွန်စ

စုံထောက်ကျော်စွာကိုယ်တိုင်မောင်းလာသော လင့်ရို
ဘာကားသည် မောင်ဂိုမာရီလမ်း(ယခုဗိုလ်ချုပ်အောင်ဆန်း
လမ်း)အတိုင်း အနောက်မှအရှေ့ဘက်သို့ဦးတည်ကာ ပြေးနေ
လေသည်။

နံဘေးမှစီးကရက်ဖွာရင်း ငြိမ်သက်စွာ ထိုင်လိုက်လာ
သောဒေါက်တာမင်းထင်ကျော်က အတွင်းဝန်ရုံး(ယခုဝန်ကြီးရုံး)
နေရာရောက်တော့ တစ်ချက်လှည့်ကြည့်ကာမေးလိုက်သည်။

"အခြေအနေ ဘယ်လိုထူးသလဲကိုကျော်စွာ"

"ထူးတယ် ဆရာ. . . ကျွန်တော်စုံစမ်းရသလောက်ဆို



www.burmeseclassic.com

www.burmeseclassic.com



ရင်တော့ ဦးရွှေကြူအသတ်ခံရတယ်ဆိုတာ သေချာတယ်"

"ဆိုစမ်းပါဦး. . . ဘယ်လိုအထောက်အထားတွေရ ထားလို့လဲ"

"ကျွန်တော်ခိုင်းထားတဲ့ဆားပုလင်းမြဒင်စုံစမ်းလို့ သိခဲ့ရ တာတွေက အတော်ပြည့်စုံတယ်၊ ဦးရွှေကြူမသေခင်က ပုဏ္ဏ တောင်ဘက်မှာရှိတဲ့နတ်ဘုရားကျောင်းတစ်ခုနဲ့အကြီးအကျယ် ပြဿနာဖြစ်ခဲ့တယ်လို့ပြောတယ်"

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်ပင်စိတ်ဝင် စားသွားလေသည်။

"ဆက်ပြောပါဦး. . . ဘယ်လိုပြဿနာဖြစ်တာတဲ့လဲ"

"နတ်ဘုရားကျောင်းရှိနေတဲ့နေရာက ဦးရွှေကြူတို့ကိုး ကွယ်တဲ့ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း နယ်နိမိတ်ထဲရောက်နေ တယ်၊ နောက်ထပ်အဆောက်အဦးတွေကိုလည်း ဘုန်းကြီး ကျောင်းနယ်နိမိတ်ထဲကို အတင်းဝင်ဆောက်ကြတယ်"

"ဒီတော့ ဘယ်လိုဖြစ်ကြသလဲ"

"ဒကာဒကာမတွေက မခံနိုင်လို့ သွားပြီးကန့်ကွက်ကြ ပေမယ့် မရဘူး၊ ကုလားတွေကတားနေတဲ့ကြားက အတင်းဝင် ဆောက်ကြတယ်၊ နောက်ဆုံးတော့ ပါလီမန်အမတ်ဦးရွှေကြူကို လာပြီး အကူအညီတောင်းကြတယ်"

"ဦးရွှေကြူက အကူအညီပေးသတဲ့လား"

"ဦးရွှေကြူကလည်း ဘာသာရေးနဲ့ပတ်သက်ပြီး အလေး





နက်ထားတဲ့သူဆိုတော့ ချက်ချင်းလိုက်သွားပြီး ဖြေရှင်းပေးခဲ့ တယ်"

"ဘယ်လိုဖြေရှင်းပေးခဲ့သတဲ့လဲ"

"ပထမတော့ နတ်ဘုရားကျောင်းမှာရှိတဲ့နတ်ဆရာကို ခေါ်ပြီး ဘုန်းကြီးကျောင်းမြေထဲမဝင်ဖို့တားတယ်၊ ဆောက်လက် စ ဆောက်အဦးတွေကိုလည်း ပြန်ဖျက်ခိုင်းတယ်"

"ဒီတော့. . . ."

"ဒါပေမယ့် နတ်ဆရာကလက်မခံခဲ့ဘူး. . . နောက် တော့ ပုဏ္ဏတောင်ဂါတ်တဲကပုလိပ်ခေါ်ပြီး ဖျက်ခိုင်းတော့မှဖျက် ပေးတယ် . . . အဲဒီလိုအဆောက်အအုံဖျက်လိုက်တော့မှ ဘုန်း ကြီးကျောင်းဝင်းထဲမှာ ဝင်ဆောက်တဲ့အဆောက်အအုံတစ်ခုထဲ မှာ ကြောက်စရာ ကောင်းတဲ့နတ်ရုပ်ကြီးတစ်ရုပ်လုပ်ထားတာကို တွေ့ကြရတယ်"

"စိတ်ဝင်စားစရာပဲ. . . နောက်တော့ ဘယ်လိုဖြစ်သွား သလဲ ဆက်ပြောပါဦး"

စုံထောက်ကျော်စွာက မော်တော်ကားကို ဂရုတစိုက် မောင်း လာရာ ပုဏ္ဏတောင်နယ်နိမိတ်အတွင်းသို့ရောက်လာကြ လေပြီ။

ညနေပိုင်းအချိန်ရောက်နေမို့ ပုဏ္ဏတောင်ကြက်တန်း တစ်ဝိုက်တွင် လူများလူသွားလူလာရှုပ်ထွေးနေသောကြောင့် ကားကိုသတိထားပြီးမောင်းနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂန်တောင်ကြက်တန်းတစ်ဝိုက်မှာ လက်လုပ်လက်စား ကုလားလူမျိုးများသာနေကြပြီး ယခုကဲ့သို့ ညနေပိုင်းအချိန် ရောက်လျှင် လမ်းဘေးတစ်လျှောက်ဖွင့်လှစ်ရောင်းချသော ရက်ဆိုင်၊ ထမင်းဆိုင်များတွင် လူများ စည်ကားနေတတ်သည်။

"ဦးရွှေကြူကတော့ သူ့လူတွေကို အဆောက်အဦးတွေ တင်မကဘဲ အဲဒီနတ်ရုပ်ကြီးကိုပါဖျက်ဆီးပစ်ခိုင်းလိုက်တယ်၊ အဲ အပြင် ကျောင်းဝင်းနားမှာထောင်ထားတဲ့ဆိုင်းဘုတ်တွေ အ တိုင်တွေကိုပါ ဖျက်ဆီးပစ်ခိုင်းတယ်"

"အဲဒီလိုဖျက်ဆီးတာကို နတ်ဆရာက ဘာမှလာမပြော ဘူးလား"

"ပထမတော့ နတ်ရုပ်ကြီးကိုဖျက်ဆီးမပစ်ဖို့လာပြော သေးတယ်၊ ဒါပေမယ့် ဦးရွှေကြူက လက်မခံဘဲ ကျောင်းဝင်း ရောက်နေတဲ့အဆောက်အဦးတွေရော နတ်ရုပ်ကြီးကိုပါဖျက်ဆီး ပစ်လိုက်တယ်၊ အဲဒီအချိန်မှာ နတ်ဆရာက ဘာမှမပြောပဲ ဂ ထာမန္တန်တွေရွတ်ပြီး ကျိန်စာတိုက်နေတယ်လို့ပြောတယ်၊ အဲဒီ လိုဖြစ်ပြီး နောက်ရက်မှာ ဦးရွှေကြူတစ်ယောက်ထူးထူးဆန်း ဆန်း မီးလောင်ခံရလို့ သေသွားရတာပဲ၊ ကျိန်စာသင့်တာများ ဖြစ်မလား"

"တိုက်ဆိုင်မှုလည်း ဖြစ်နိုင်ပါတယ်. . . သေသေချာ ချာစုံစမ်းကြည့်မှပဲ သိရတော့မှာပဲ"

ဒေါက်တာမင်းထင်ကျော်က အေးအေးဆေးဆေးပြ





ပြောလိုက်သည်။

ထိုအခါ စုံထောက်ကျော်စွာက ဆက်ပြောသည်။

"အဲဒီပတ်ဝန်းကျင်ကတော့ အဲဒီနတ်ဘုရားကျောင်းက ကြီးတော့ ဦးရွှေကြူတစ်ယောက်ကျိန်စာသင့်မှာပဲလို့ ထင် ကြတယ်၊ အဲဒီလိုထင်နေတုန်း အခုလိုဖြစ်သွားတော့ ပိုပြီး ရာဖြစ်သွားတာပေါ့၊ ဒါအပြင် ဦးရွှေကြူက အမိန့်ပေးစေ လုပ်ခဲ့ရတဲ့လူတွေလည်း သူတို့အလှည့်ရောက်လာမှာစိုးလို့ တ်လန့်ကြောက်ရွံ့နေကြတယ်လို့ပြောတယ်"

"ဥပါဒါန်ကြောင့် ဥပါဒ်ဖြစ်မှာစိုးရတယ်"

ထိုကဲ့သို့ စကားတပြောပြောနှင့်မောင်းလာကြရာ ရွှေ န်းပွင့်စေတီရှိသောနေရာတစ်ဝိုက်သို့ရောက်လာကြသည်။

လွန်ခဲ့သောနှစ်ပေါင်း ၈၀ နီးပါးက ထိုနေရာတစ်ဝိုက် အဆောက်အဦးမများလှဘဲ ပျံကျလက်လုပ်လက်စားများသာ နေများသောနေရာဖြစ်သည်။

ရွှေဘုန်းပွင့်စေတီတော်ပင် ကိုလိုနီခေတ်ဦးကာလက ခုလို စေတီတော်မျိုးမဟုတ်ဘဲ ဘုရားငုတ်တိုကလေးများသာ သည်။

၁၈၃၄ ခုနှစ်ဝန်းကျင်လောက်က ထိုနေရာတစ်ဝိုက်တွင် န်တောင်သချိုင်းရှိခဲ့ပြီး(James Montgomery)၏အုတ်ဂူပင် နေရာတစ်ဝိုက်မှာရှိခဲ့ဖူးသည်။

၁၉၁၂ ခုနှစ်ဝန်းကျင်လောက်ရောက်သောအခါ မူလ



www.burmeseclassic.com

www.burmeseclassic.com



ယပွဆိုသောအိန္ဒိယလူမျိုးတစ်ဦးက ဥယျာဉ်ခြံမြေပြုလုပ်ရန် မြေ
များကိုခုတ်ထွင်ရှင်းလင်းရာ စေတီငုတ်တို့ကိုတွေ့ခဲ့ရခြင်းဖြစ်
သည်။

၁၉၁၂ ခုနှစ်နောက်ပိုင်းမှာတော့ ဗုဒ္ဓဘာသာဝင်တစ်ဦး
ဖြစ်သူ မူလိယပွက ပုဠွန်တောင်ဘက်မှာနေထိုင်သူများကိုအ
ပေးပြီး ရင်းတို့နှင့်ပူးပေါင်းကာ စေတီတော်အား မွမ်းမံပြင်ဆင်
ကြရာ ၁၉၃၅ ခုနှစ်ရောက်တော့မှ ဘုရားပွဲတော်ကျင်းပနိုင်ခဲ့
လေသည်။

ထိုအချိန်က ပုဠွန်တောင်သချိုင်းဟောင်းရှိသောနေရာ
တစ်ဝိုက်မှာ လူနေထိုင်မှုမများလှဘဲ ဘုန်းကြီးကျောင်းအနည်း
လောက်သာရှိလေသည်။

နတ်ဘုရားကျောင်းနှင့် ပြဿနာဖြစ်ပွားသောဘုန်းကြီး
ကျောင်းမှာ ပုဠွန်တောင်ချောင်းနှင့်မနီးမဝေးနေရာတစ်ဝိုက်တွင်
ရှိလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့
လာသောကားမှာ ချောင်းကမ်းနှင့်မနီးမဝေးမှာရှိသောဘုန်းကြီး
ကျောင်းရှေ့သို့ရောက်သောအခါ ကားကိုရပ်လိုက်ပြီး နှစ်
ယောက်သားကျောင်းဝင်းထဲသို့ဝင်သွားကြသည်။

ဘုန်းကြီးကျောင်းခြံဝင်းမှာ အတော်ကျယ်ဝန်းသည်
သို့သော် ခြံစည်းရိုးခတ်ထားခြင်းမျိုးတော့ မရှိပေ။
အရှေ့ဝင်ပေါက်မျက်နှာစာကိုသာရှင်းထားပြီး အခြား



နေရာများမှာတော့ သစ်ပင်နှင့်ချုံများရှိသည်။

မြောက်ဘက်သို့မျက်နှာလှည့်ထားပြီး ကျောင်း၏အ
နောက်ဘက်ဖြစ်သောပုဠွန်တောင်ချောင်းရှိရာဘက်မှာတော့ ခ
ရာချုံများရှိသည်။

ကျောင်းခေါင်းရင်းဘက်နေရာဘက်မှာတော့ ဖြိုချထား
သောအပျက်အစီးများရှိနေသည်။

ထိုနေရာဘက်တွင် နတ်ဘုရားကျောင်းရှိသည်။

သူတို့နှစ်ယောက်ဝင်သွားသောအခါ ကျောင်းအောက်
ဘက်မှအသက်အရွယ်ကြီးနေပြီဖြစ်သော လူကြီးတစ်ယောက်
ထွက်လာသည်။ ခြေတစ်ဖက်မသန်သဖြင့် တောင်ဝှေးကို လက်
ဖြင့် ထောက်လာရလေသည်။

"ဘာကိစ္စရှိလို့ပါလဲ. . . ဘုန်းကြီးကတော့ အပြင်ကြွ
သွားတယ်"

"အဘက ဘယ်သူပါလဲ"

"ကျုပ်နာမည်က ဦးသာမြိုင်လို့ခေါ်ပါတယ်. . . ဒီ
ကျောင်းက ကပ္ပိယပါပဲ"

"ကျွန်တော်တို့က စုံထောက်ဌာနကပါ နတ်ဘုရား
ကျောင်းဖျက်တာနဲ့ပတ်သက်ပြီးတော့ ဘာများထူးခြားတာရှိသေး
သလဲ"

"ဒီမှာတော့ ထူးခြားမှုမရှိပါဘူး. . . ပါလီမန်အမတ်
မင်းကိုယ်တိုင်လာပြီး ဖြေရှင်းပေးပြီးတဲ့နောက်တော့ သူတို့လည်း

www.burmeseclassic.com



ထပ်မလုပ်တော့ပါဘူး။ ဒါကြောင့် အမတ်မင်းကို ကျေးဇူးတင်နေရတယ်၊ ကျန်းမာချမ်းသာပြီး အသက်ရှည်ရှည်နေရဖို့လည်း ဆုတောင်းပေးနေကြရတယ်"

ကပ္ပိယကြီးဦးသာမြိုင်က ပါလီမန်အမတ်ဦးရွှေကြူသေဆုံးသွားသည့်သတင်းကိုမသိရသေးသဖြင့် ဆုတောင်းမေတ္တာများပင် ပို့ပေးနေသည်။

ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်မှာ ထိုနေရာတွင် အတန်ကြာအောင်နေပြီးနောက် ဖြိုဖျက်ထားသောအဆောက်အဦးများရှိရာဘက်သို့ လျှောက်လာကြသည်။

ထိုနေရာတစ်ဝိုက်မှာတော့ အုတ်တိုက်ကိုဖြိုထားသောအပိုင်းအစများ၊ သစ်သားအပိုင်းအစများအပြင် ရုပ်ထုတစ်ခုကိုချိုးဖဲ့ဖျက်ဆီးထားသောအပိုင်းအပြတ်အချို့တွေ့ရသည်။

ထိုနေရာနှင့်မနီးမဝေး ချုံတစ်ချုံအနီးမှာတော့ ခေါင်းပြတ်ကြီးတစ်လုံးကိုတွေ့ကြရသည်။

ကြောက်မက်ဖွယ်ကောင်းလှသောခေါင်းပြတ်ကြီးမှာ နတ်ဘုရားရုပ်ထုကိုဖျက်ချလိုက်သဖြင့် ပြတ်ကျနေဟန်ရှိသော ကျောက်ဖြင့်ပြုလုပ်ထားသည့် နတ်ဘုရားဦးခေါင်းပြတ်ကြီးပင် ဖြစ်ဟန်ရှိသည်။

ပြတ်နေသောလည်ပင်းနေရာတစ်ဝိုက်တွင် ဆေးအနီများစွန်းပေနေသောကြောင့် ရုတ်တရက် ကြည့်လိုက်လျှင် သွေးများစွန်းပေနေသကဲ့သို့ ထင်ရလေသည်။



ထို့ထက်ပိုပြီး ကြောက်စရာကောင်းသည်က မျက်နှာအဲ့အယာပင်ဖြစ်သည်။

မျက်လုံးပြူးပြူး၊ ပါးစပ်ပြဲပြဲနှင့်ပါးစပ်ထဲမှတစ်ဝက်တစ်ထွက်ထွက်နေသောလျှာ၊ ဦးခေါင်းထိပ်ပေါ်မှာရစ်ပတ်နေသောမြွေတို့မှ မကောင်းဆိုးဝါးမျက်နှာချိုးဖြစ်ပြီး သူတို့ကိုမကျေမနပ်ဖြင့် မော့ကြည့်နေဟန်မျိုး တူလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့နှစ်ယောက်သာ ထိုနေရာမှဖြတ်ကျော်ကာ နတ်ဘုရားကျောင်းရှိရာဘက်သို့ ထူးသွားကြလေသည်။

ထိုနေရာဘက်မှာသီးခြားခြံစည်းရိုးခတ်မထားဘဲ သစ်ပင်နှင့်ချုံပုတ်များလောက်သာရှိသဖြင့် အလွယ်တကူပင် ကျော်သွားသွားနိုင်ကြသည်။

အချိန်က ညနေပိုင်းအချိန်ရောက်နေပြီဖြစ်သဖြင့် နတ်ဘုရားကျောင်းတစ်ဝိုက်မှာ အလင်းရောင်သိပ်မရှိတော့ပေ။

နတ်ဘုရားကျောင်းမှာ ရွှံ့လက်ရာဖြင့်ဆောက်ထားသောကျောင်းတစ်ဆောင်ဖြစ်ပြီး ဆောက်လုပ်ထားသည်မှာ နှစ်များစွာကြာခဲ့ဟန်ဖြင့် အပြင်ဘက်၌ အစိမ်းရောင်ရေညှိများတက်နေလေသည်။

အပြင်ဘက်တွင် ကြောက်စရာကောင်းသောပုံသဏ္ဌာန်အမျိုးမျိုးရှိသည့်မိစ္ဆာရုပ်၊ ဘီလူးရုပ်နှင့်မြွေရုပ်များကို တပ်ဆင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် နတ်ဘုရားကျောင်းပေါက်ဝရောက်ပြီး အတွင်းသို့အခြေအနေကြည့်နေကြစဉ် နောက်ဘက်မှခြေသံ လိုကြားလိုက်ရသဖြင့် ပြိုင်တူလှည့်ကြည့်လိုသည်။

အခြေအနေကသိပ်တော့ မကောင်းလှပေ။

တုတ်၊ ဓားကောက်များကိုင်ထားသောကုလားလူမျိုး ယောက်ခန့်က သူတို့နောက်ဘက်သို့ရောက်နေပြီး ဝိုင်းထား လေပြီ။

၎င်းတို့မျက်နှာများပေါ်မှာ ဒေါသကြောင့် မီးဝင်းဝင်း တောက်နေသည့်အမူအယာများရှိနေကြသည်။

၎င်းတို့ ယုံကြည်ကိုးကွယ်သောနတ်ဘုရားကျောင်းအ ဖျက်အဆီးခံထားရသောကြောင့် များစွာ ဒေါသဖြစ်လျှက်ရှိရာ ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်စလုံးကို ဝိုင်းဝန်းတိုက် ခိုက်ကြတော့မည့် အခြေအနေမျိုးဖြစ်သည်။

ထိုအခြေအနေမျိုးရောက်နေမှတော့ တောင်းပန်ပြော ဆို၍လည်း ဖြစ်တော့မည်မဟုတ်ပေ။

နှစ်ယောက်စလုံးတွင် သေနတ်ပါကြသဖြင့် သေနတ် များကိုအသီးသီးဆွဲထုတ်လိုက်ကြသည်။

ထိုအခိုက်မှာပင် တုတ်ဓားများကိုင်ထားသောကုလား များကလည်း တဖြည်းဖြည်း ရှေ့သို့တိုးလာကြသည်။

၎င်းတို့အမူအယာများမှာ သေနတ်ဖြင့်ချိန်ထားသည် ပင် ကြောက်၍ကြဟန်မရှိဘဲ မိုက်မိုက်ကန်းကန်းတိုက်ခိုက်





တော့မည့်ပုံသဏ္ဍာန်မျိုး ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်ကလည်း မလွှဲ သာသောအခြေအနေမျိုးတွင် သူ့အသက်ကိုယ့်အသက်လုရ တော့မည်မို့ သေနတ်ဖြင့်ပစ်ရန်မှတစ်ပါး အခြားရွေးချယ်စရာမ ရှိတော့ပေပြီ။

"ငါတို့ စုံထောက်အရာရှိတွေပဲ. . . မင်းတို့ကိုရန်သူဖို့ လာတာ မဟုတ်ဘူး. . . မေးမြန်းစရာရှိလို့လာတာ၊ မင်းတို့ရှေ့ တိုးလာရင် ပစ်ရလိမ့်မယ်"

ဟု စုံထောက်ကျော်စွာက အသံကျယ်ကျယ်ဖြင့် လှမ်း ပြောလိုက်သည်။ထိုအသံကြောင့်လားတော့ မပြောတတ်ပေ။

နတ်ဘုရားကျောင်းထဲမှ လူတစ်ယောက်ထွက်လာ သည်။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများရှိသောကုလားတစ် ယောက်ဖြစ်သည်။

သူသည် အနက်ရောင်ဝတ်ရုံရှည်ကြီးကိုဝတ်ဆင်ထား သည်။

ထိုသူက အပြင်ဘက်မှအခြေအနေကိုမြင်သောအခါ ကုလားဘာသာစကားဖြင့် အော်ပြောလိုက်ကာ လက်ဟန်ခြေ ဟန်ပြုလိုက်လေရာ စောစောက တုတ်၊ ဓားများဖြင့် ဝင်ရောက် တိုက်ခိုက်ရန် ဟန်ပြင်နေသောကုလားအုပ်စုမှ နတ်ဘုရား ကျောင်းအပြင်ဘက်သို့ အလျို အလျိုပြန်ထွက်သွားကြလေ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့က ဘယ်သူတွေလဲ"

"ကျွန်တော်တို့က စုံထောက်အရာရှိတွေပဲ"

"ဘာအတွက် ဒီနေရာရောက်လာတာလဲ"

"မေးစရာလေးတွေရှိလို့ လာတာပါ. . . ခင်ဗျားက ဘယ်သူလဲ"

"ကျုပ်နာမည်က ရာမားလို့ခေါ်တယ်. . . ဒီဘုရားကျောင်းမှာစောင့်ရှောက်နေတဲ့သူပဲ. . . ခင်ဗျားတို့က ဘာသိချင်တာလဲ"

"ဒီမှာဖြစ်ပျက်တဲ့အဖြစ်အပျက်တွေ သိချင်တာပါ"

"ဘာပြောစရာရှိတော့သလဲ. . . ကျုပ်တို့ဆောက်ထားတဲ့ဘုရားကျောင်းနဲ့နတ်ဘုရားရုပ်ထုအဖျက်အဆီး ခံလိုက်ရတယ်၊ ဩဇာအာဏာရှိတဲ့သူက အာဏာသုံးပြီးလာဖျက်တော့လည်း ဘာတတ်နိုင်ပါ့မလဲ. . . ဒီလိုပဲခံရတာပဲ"

ရာမားဆိုသောသူ၏မျက်နှာမှာ ဒေါသစိတ်ကြောင့်ကြောက်စရာကောင်းသောအသွင်အပြင်မျိုး ဖြစ်နေလေသည်။

"ဒါကတော့. . . ."

"ဘာလဲ. . . ဘုန်းကြီးကျောင်းပိုင်တဲ့မြေထဲရောက်နေလို့ဖျက်တာလို့ပြောမှာ မဟုတ်လား၊ ဒီနေရာတွေက မြေဂရံမရှိတဲ့နေရာတွေပဲ၊ မြေကိုပိုင်တဲ့သူလည်း မရှိဘူး၊ သစ်ပင်တွေ ခုတ်ရှင်းပြီးဆောက်ရင် ဘယ်နေရာမဆို ဆောက်လို့ရတာပဲ၊ ကျုပ်တို့ဆောက်ထားတဲ့နတ်ဘုရားကျောင်းနဲ့ရုပ်ထုကိုဖျက်တာတော့ နည်းနည်းမှကျေနပ်စရာမရှိဘူး"





"ခင်ဗျားတို့ဘုရားကျောင်းကို ဘယ်သူလာဖျက်တာလဲ"

ဒေါက်တာမင်းထင်ကျော်ကမေးလိုက်တော့ မီးဝင်းဝင်းတောက်နေသောဒေါသမျက်လုံးဖြင့် ကြည့်သည်။

"ခင်ဗျားသိရက်သားနဲ့ဘာကြောင့် မေးတာလဲ. . . ပါသိမန်အမတ်ဦးရွှေကြူဆိုတဲ့လူက သူ့လူတွေနဲ့လာဖျက်သွားတာ လူတိုင်းသိတာပဲ၊ အခုနတ်ဘုရားကိုဖျက်ဆီးခဲ့တဲ့အပြစ်ဒဏ်ကို ချက်ချင်းပြန်ခံရပြီမဟုတ်လား၊ သူလည်း အသေဆိုးနဲ့သေရပြီလေ"

"သူ ဘာကြောင့်သေတယ်ဆိုတာ ခင်ဗျားသိသလား"

ရာမားက ကျေနပ်သောအမူအယာမျိုးဖြင့် တစ်ချက်ရယ်လိုက်လေသည်။

"ဒါကတော့ဗျာ. . . နတ်ဘုရားကိုဖျက်ဆီးတဲ့သူကို နတ်ဘုရားကပြန်ပြီး အပြစ်ပေး ဒဏ်ခတ်တာ အဆန်းမှမဟုတ်တာ. . . ဘုရားကျောင်းဖျက်ဆီးတဲ့သူတွေမှန်သမျှ မကြာခင် ဒီလိုအသေဆိုးနဲ့သေကြဦးမှာပဲ"

"ဘာကြောင့် ဒီလိုပြောနိုင်တာလဲ"

"ကျုပ်တို့ကိုးကွယ်တဲ့နတ်ဘုရားက ကောင်းမှုလုပ်ရင် ကောင်းတာကိုချက်ချင်းပေးတယ်၊ မကောင်းတာလုပ်ရင်လည်း မကောင်းတာကို ချက်ချင်းပေးတာပဲ. . . ခင်ဗျားတို့မယုံရင် စောင့်သာကြည့်နေပေါ့"



www.burmeseclassic.com

"ကျွန်တော်တို့ ဒီနတ်ဘုရားကျောင်းကို နောက်ထပ် ထပ်လာခဲ့ပါဦးမယ်"

"နတ်ဘုရားနဲ့သက်ဆိုင်တဲ့အကြောင်းတွေကို စိတ်ဝင်စားမယ်ဆိုရင် အချိန်မရွေးလာနိုင်ပါတယ်၊ နတ်ဘုရားကျောင်းထဲမှာ ခင်ဗျားတို့စိတ်ဝင်စားနိုင်မယ့်အကြောင်းအရာတွေ အများကြီးရှိပါသေးတယ်၊ ခင်ဗျားတို့ကိုယ်တိုင်လေ့လာကြည့်ရင် ပိုပြီး တွေ့ရပါလိမ့်မယ်"

ဟု ပြောဆိုကာ ရာမားဆိုသောသူက နတ်ဘုရားကျောင်းအတွင်းသို့ပြန်ဝင်သွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်လည်း တစ်ဝိုက်တစ်ခုကိုတိုင်ပင်ကြပြီးနောက် ကားရပ်ထားသောနေရာဘက်သို့ ပြန်လျှောက်လာကြလေသည်။

အချိန်က နေဝင်ချိန်ရောက်ပြီဖြစ်သောကြောင့် ပတ်ဝန်းကျင်တစ်ဝိုက်မှာ အမှောင်ရိပ်များ ဖုံးလွှမ်းစပြုလာချေပြီ။





# အခန်း(၇)

# နတ်ဆရာနှင့်တစ္ဆေဈေး

ပတ်ဝန်းကျင်တစ်ဝိုက်မှာ အလင်းရောင်ပျောက်သွားပြီး အမှောင်ရိပ်များ ဖုံးလွှမ်းလာလေပြီ။

အချိန်က ည ၁၂ နာရီ အချိန်ခန့်ရှိနေပြီဖြစ်သောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည်။

နတ်ဘုရားကျောင်းတစ်ဝိုက်တွင် သစ်ပင်များရှိနေသဖြင့် အမှောင်ရိပ်က ပိုများနေသည်။

ပတ်ဝန်းကျင်တစ်ဝိုက်မှာရှိသောချုံများအတွင်းမှ မြွေ ဟွန်သံများကြားနေရသည်။

www.burmeseclassic.com



နတ်ဘုရားကျောင်းနှင့် မနီးမဝေးမှာရှိသောသစ်ပင်ရိ
အောက်တွင် လူနှစ်ယောက်ရှိနေလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့
ဖြစ်ကြလေသည်။ နှစ်ယောက်စလုံး လက်ထဲတွင် လက်နှိပ်ဓာ
မီးနှင့်သေနတ်တို့ကို အသီးသီးကိုင်ထားကြသည်။

သူတို့နှစ်ယောက်သည် နတ်ဘုရားကျောင်းနှင့်မနီး
ဝေးမှာရှိသောသစ်ပင်ရိပ်နေရာမှ နတ်ဘုရားကျောင်းဘက်
ကြည့်နေကြသည်။

အတွင်းဘက်မှာ မီးရောင်အချို့ရှိနေရာ အပြင်ဘက်
ပင် တစ်စွန်းတစ်စထွက်နေသည်။

အတန်ကြာအောင် စောင့်ကြည့်နေကြသော်လည်း
ခြေအနေမထူးခြားတော့မှ တဖြည်းဖြည်းနှင့်နတ်ဘုရားကျော
ရှိရာဘက်သို့လျှောက်သွားကြသည်။

သူတို့ရောက်သွားသောနေရာမှာ နတ်ဘုရားကျော
အနောက်ဘက်ဖြစ်သည်။

ထိုအနောက်ဘက်တစ်ဝိုက်မှာလည်း သစ်ပင်များအုံ
မိုးလျှက်ရှိနေပြီး ခရာတောများနှင့်အခြားချုံနွယ်ပိတ်ပေါင်းမျာ
စွာတို့က နေရာအနှံ့အပြား၌ရှိနေကြသည်။

ထိုအထဲမှ ကြွက်တိုးသံ၊ မြွေတွန်သံများကိုကြားနေ
သည်။

ပုရွက်တောင်ချောင်းကမ်းစပ်နှင့်နီးသောကြောင့်





...ကိတ်သည့်အခါ ရွှံ့ပုတ်နံ့၊ နွံနံ့များက စူးစူးဝါးဝါးပါလာလေသည်။

နတ်ဘုရားကျောင်းအနောက်ဘက်ရောက်တော့ သွေး
ညှီနံ့များရသဖြင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်
ကြသည်။

သွေးနံ့များက လတ်လတ်ဆတ်ဆတ်သွေးနံ့မျိုးဖြစ်
သောကြောင့် လက်နှိပ်မီးရောင်ဖြင့် ထိုနေရာတစ်ဝိုက်သို့ထိုး
ကြည့်လိုက်သည်။

နတ်ဘုရားကျောင်းအနောက်ဘက်မှာတော့ ထူးထူး
ခြားခြား ဘာမှမတွေ့ရပေ။

နတ်ဘုရားကျောင်းအနောက်ဘက်တွင် ရေစီးမြောင်း
တစ်ခုရှိနေပြီး ရေစီးသံသဲ့သဲ့ကြားရသည်။

နှစ်ယောက်သား ရေစီးမြောင်းရှိရာဘက်သို့လျှောက်
သွားပြီး မီးရောင်ဖြင့်ထိုးကြည့်လိုက်သည်။

"ဟင်. . . ."

နှစ်ယောက်သား တအံ့တသြဖြစ်သွားကြသည်။

အဘယ်ကြောင့်ဆိုသော် ရေမြောင်းထဲတွင်စီးနေသော
ရေထဲတွင် သွေးများပါနေသောကြောင့် နီရဲနေသည်။

သွေးညှီနံ့များကလည်း စူးစူးဝါးဝါးရှိလှပေသည်။

ဒေါက်တာမင်းထင်ကျော်က သွေးများစီးဆင်းနေသော
ရေ မြောင်းစီးရာတလျှောက်သို့ လိုက်ကြည့်ရာ ဘုရားကျောင်း
နောက် ဘက်အပေါက်ဝသို့ရောက်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဘက်၌ ရှိသောတံခါးချပ်မှာပိတ်ထားသော
ကြောင့် ထိုနေရာတစ်ဝိုက်မှာ မှောင်နေလေသည်။

ရေစီးကျနေသောနေရာသို့ မီးရောင်ဖြင့် ထိုးကြည့်လိုက်
သောအခါ အံ့ဩဖွယ်ရာမြင်ကွင်းကိုတွေ့ကြရသည်။

ကျောက်ဖြင့် ပြုလုပ်ထားသောမြွေကြီးတစ်ကောင်၏
ဦးခေါင်းရှိပြီး ပါးစပ်ဟနေကာ ထိုပါးစပ်ထဲမှသွေးများ စီးထွက်
နေခြင်းဖြစ်သည်။

"မြွေပါးစပ်ထဲက သွေးတွေ အန်ထုတ်နေပါလား ဆရာ"

ဒေါက်တာမင်းထင်ကျော်က မြွေပါးစပ်တွင်းသို့ မီး
ရောင်ဖြင့်ထိုးကြည့်လိုက်သည်။

ထိုသို့ကြည့်လိုက်တော့မှ အဖြေမှန်ကိုသိသွားလေ
သည်။

"မြွေက သွေးတွေ အန်ထုတ်နေတာမဟုတ်ပါဘူး ကို
ကျော်စွာရဲ့၊ မြွေပါးစပ်က ရေထွက်ပေါက်တစ်ခုပါ၊ အပေါက်ဝမှာ
မြွေခေါင်းတပ်ထားလို့ မြွေပါးစပ်ထဲက သွေးတွေ အန်ထုတ်နေ
တယ်လို့ထင်ရတာပါ"

"ဒါဖြင့် ဒီသွေးတွေက ဘယ်နေရာကလာတာလဲ"

"ရေက တစ်နေရာက စီးလာတာ... သွေးတွေက
နတ်ဘုရားကျောင်းထဲကထွက်လာပြီး ရေမြောင်းထဲကျလာပုံရ
တယ်"

"သွေးတွေကြည့်ရတာ လတ်လတ်ဆတ်ဆတ်ပဲရှိနေ





သေးတယ်၊ နတ်ဘုရားကျောင်းထဲဝင်ကြည့်ရအောင် ဆရာ...
အတွင်းမှာတစ်ခုခုဖြစ်နေပုံရတယ်"

ထိုသို့ပြောနေစဉ်မှာ နောက်ထပ်ထူးခြားသောမြင်ကွင်း
တစ်ခုကိုထပ်မံမြင်တွေ့ရသည်။ အခြားမဟုတ်ပေ။

မနီးမဝေးမှာ ရှိနေသောနတ်ဘုရားကျောင်းနံရံတစ်နေ
ရာ၌ အဖြူရောင်အဝတ်များ လွှမ်းခြုံထားသည့်အမျိုးသမီးတစ်
ယောက်၏ပုံသဏ္ဌာန်ခပ်ရေးရေး ပေါ်လာခြင်းပင်ဖြစ်သည်။

ထိုသို့ပေါ်လာသည်ကို နှစ်ယောက်စလုံးလှမ်းမြင်ကြရ
သည်။

ထိုအမျိုးသမီးပုံရိပ်ထွက်လာသောနံရံဘက်တွင် ဝင်
ပေါက် ထွက်ပေါက်၊ ပြတင်းပေါက်မရှိပဲ ပကတိနံရံကြီးသာရှိလေ
သည်။

နှစ်ယောက်သား ထိုနေရာသို့ လက်နှိပ်မီးရောင်ဖြင့် ပြိုင်
တူထိုးကြည့်လိုက်ကြသည်။ ဘာမှမရှိတော့ပေ။

မီးရောင်အောက်၌ နတ်ဘုရားကျောင်းနံရံကိုသာတွေ့
ရသည်။

"စောစောကထွက်လာတဲ့အမျိုးသမီး ဘယ်ရောက်သွား
ပြီလဲ... ကျွန်တော်သေသေချာချာ မြင်လိုက်ရတာပဲ"

စုံထောက်ကျော်စွာက မကျေမနပ်ပြောဆိုရင်းနှင့်ထို
နေရာသို့လျှောက်သွားကြသည်။

ထိုနေရာရောက်၍ မီးရောင်ဖြင့်ထိုးကြည့်လိုက်ရာ မြေ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်တွင် လတ်လတ်ဆတ်ဆတ်နင်းလျှောက်သွားသောခြေရာများကို တွေ့ရလေသည်။

ခြေရာများမှာ သွေးစွန်းနေသောအမျိုးသမီးခြေရာများပင်ဖြစ်သည်။

"အမျိုးသမီးခြေရာတွေပဲ. . . စောစောကမှ ဒီနေရာကဖြတ်လျှောက်သွားပုံပဲ"

စုံထောက်ကျော်စွာက မှတ်ချက်ချသည်။

ထိုခြေရာများက နတ်ဘုရားကျောင်းအရှေ့ဘက်သို့ဦးတည်သွားသည်ကိုတွေ့ရသဖြင့် နှစ်ယောက်သား နောက်မှလိုက်ကြည့်ကြသည်။

ထိုသို့လိုက်ကြည့်ရာမှာတော့ နှစ်ယောက်စလုံး လတ်နှပ်မီးရောင်များကိုပိတ်ထားကြရာ မှောင်နေလေသည်။

တစ်နေရာရောက်သောအခါ ထောင့်ချိုးတစ်နေရာမှအမျိုးသမီးတစ်ယောက် ဖျတ်ကနဲထွက်လာသည်။

အဖြူရောင်ဆာရီဝတ်ထားသောအမျိုးသမီးပင် ဖြစ်သည်။

ထိုအခြေအနေကိုမြင်သောအခါ စုံထောက်ကျော်စွာက

"ဟေ့. . . မင်း ဘယ်သူလဲ နေဦး"

ဟု ပြောကာ လှမ်းဆွဲလိုက်သည်။

သို့သော် လေကိုဖမ်းဆုတ်ရသကဲ့သို့ဖြစ်ကာ ဘာမှမမိလိုက်ဘဲရှိလေသည်။





ကြည့်လိုက်တော့ ထိုအမျိုးသမီးက သူ့ရှေ့တစ်လံကွာနေရာလောက်အထိ ရောက်နေပေပြီ။

ထိုသို့ရောက်နေသော်လည်း လေတိုက်နေသဖြင့် တလူလူလွင့်နေရာ သူတို့အနီးသို့ပင်ရောက်နေသည်။

ထိုအမျိုးသမီးက လေတင်ဘက်တွင်ရောက်နေသောကြောင့် သူ့မထံမှ သွေးညှီနံ့နှင့်ရောနှောပါလာသည့်အမွှေးရနံ့ တစ်မျိုးကိုပါရလေသည်။

ထိုမွှေးရနံ့မှာ ကုလားလူမျိုးများအသုံးများသည့်ရနံ့ပြင်းသောရေမွှေးနံ့မျိုးဖြစ်သည်။

စုံထောက်ကျော်စွာက လူကိုမဖမ်းမိသဖြင့် အနားရောက်လာသောဆာရီစကိုဖမ်းဆွဲလိုက်ပြန်သည်။

ဒီတစ်ကြိမ်တော့ ဆာရီအပိုင်းအစတစ်ခုက သူ့လက်ထဲရောက်လာပြီး လူကတော့ ပျောက်ချင်းမလှ ပျောက်သွားတော့သည်။

ဒေါက်တာမင်းထင်ကျော်က မီးရောင်ဖြင့် ထိုးကြည့်လိုက်တော့လည်း ထိုနေရာတစ်ဝိုက်တွင် ဘာမှမတွေ့ရတော့ပေ။

ထို့ကြောင့် ဒေါက်တာမင်းထင်ကျော်က စုံထောက်ကျော်စွာ လက်ထဲမှာကျန်ခဲ့သောအဝတ်စကိုယူကြည့်လိုက်လေသည်။

အိန္ဒိယအမျိုးသမီးများ ဝတ်ဆင်လေ့ရှိသောဆာရီအ



www.burmeseclassic.com

www.burmeseclassic.com



ဝတ်အပိုင်းတစ်ခုဖြစ်ပြီး အမွှေးရနံ့အချို့ကရှိနေသေးသည်။

"ထူးဆန်းလိုက်တာ. . . ကြည့်နေရင်းနဲ့မျက်စိရှေ့မှာ တင် ပျောက်သွားတယ်"

"ဘာများ အံ့ဩစရာရှိလဲ ကိုကျော်စွာရယ်. . . ကမ္ဘာ တွင်ရှိတဲ့ပရလောကသားတွေတောင် သူတို့လုပ်ချင်တာကိုလုပ် လို့ရနေသေးတာပဲ၊ ဒီလောက်နာမည်ကြီးတဲ့နတ်ဘုရားမက လိုအစွမ်းသိဒ္ဓိပြတာမျိုးကတော့ မဆန်းကြယ်လှပါဘူး၊ လာ. . . နတ်ဘုရားကျောင်းထဲဝင်ကြည့်ရအောင်"

ဟုပြောပြီး နတ်ဘုရားကျောင်းအပေါက်ဝဘက်သို့ လျှောက်လာကြသည်။

ထိုနေရာရောက်တော့ ထူးဆန်းမှုတစ်ခုထပ်တွေ့ရပြန် သည်။

နတ်ဘုရားကျောင်းထဲတွင် မီးရောင်အချို့ရှိနေရာ ထို ရောင်ကြောင့် အပေါက်ဝတွင် အရိပ်မည်းကြီးတစ်ခုထိုးကျနေ လေသည်။

ထိုအရိပ်ကိုမြင်သည်နှင့်သေနတ်များကို အဆင်သင့် ပြင်ထားလိုက်ကြသည်။

အရိပ်မှာရှည်လျားလှသောကြောင့် ပထမတော့ ကောင်းဆိုးဝါးတစ်ကောင်ရပ်နေသည်ဟု ထင်လိုက်မိကြသည်။

သို့သော် သူတို့ထင်သလို မဟုတ်ပေ။

အပေါက်ဝမှလူတစ်ယောက်ရပ်နေပြီး အတွင်းဘက်သို့





ထွန်းထားသည့်မီးရောင်ကြောင့် အရိပ်ကရှည်ထွက်နေခြင်းဖြစ် သည်။ ရပ်နေသူမှာ အခြားသူမဟုတ်ပေ။

နတ်ဘုရားကျောင်းမှ နတ်ဆရာကြီးချန္ဒရာပင်ဖြစ်၏။

၎င်း၏ကိုယ်ပေါ်တွင် အနက်ရောင်အဝတ်အစားများ ကိုဝတ်ဆင်ထားပြီး မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေး၊ နှုတ်ခမ်းမွေးတို့ က ရှည်လျားစွာ ကျနေသည်။

ဦးခေါင်းထိပ်ပေါ်၌ ဆံထုံးကို တင်ထုံးထားသည်။

မျက်နှာတစ်ခုလုံး အမွေးအမျှင်များဖုံးအုပ်နေသော ကြောင့် ၎င်းမျက်နှာကို သဲကွဲစွာ မမြင်ရပေ။

"ခင်ဗျားတို့ရောက်လာမယ်မှန်းသိလို့ ထွက်စောင့်နေ တာပါ. . . မောင်ရင်တို့ရောက်ခဲ့တဲ့နောက်ဘက်ကနေရာတွေ က မသွားသင့်တဲ့နေရာမျိုးတွေပဲ. . . တစ္ဆေသရဲတွေ ပရလော သားတွေနဲ့လည်း တွေ့မယ်ဆို တွေ့နိုင်တယ်၊ ဒါမှမဟုတ် အ ဆိပ်ပြင်းတဲ့မြွေတွေနဲ့တွေ့ရင်လည်း အသက်သေစေနိုင်ပါတယ်"

ဟု ပြောသည်။

"ခင်ဗျားက ဘယ်သူလဲ"

"ဒီဘုရားကျောင်းရဲ့နတ်ဆရာချန္ဒရာပါပဲ"

"စောစောက ဒီဘုရားကျောင်းထဲကို မိန်းကလေးတစ် ယောက်ဝင်သွားသလား"

စုံထောက်ကျော်စွာက ၎င်းလက်ထဲမှာကိုင်ထားသော အဝတ်စကိုပြရင်း မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အထဲရောက်တော့ တွေ့ရမှာပေါ့. . . အတွင်းကိုဝင်ခဲ့ကြပါ"

ဟု ဖိတ်ခေါ်လေသည်။

ဒေါက်တာမင်းထင်ကျော်ကမဝင်ခင် အပြင်ဘက်မှအခြေအနေကိုကြည့်လိုက်သည်။

နတ်ဘုရားကျောင်းတည်ဆောက်ထားပုံမှာ ဂူဘုရားပုံသဏ္ဍာန်မျိုးနှင့်တူလှပြီး နံရံများနှင့်အောက်ခြေတစ်ဝိုက်တွင် ကြောက်စရာကောင်းသော ပုံပန်းသဏ္ဍာန်ရှိသည့်ရုပ်ထုများကို ပြုလုပ်ထားသည်။

သို့သော် ဆေးရောင်မရှိဘဲ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သောကြောင့် အားလုံးက အညိုရောင် အမည်းရောင်များဖြစ်နေကြလေသည်။

ထို့နောက် နတ်ဆရာနောက်မှအတွင်းသို့ဝင်လိုက်သွားသည်။ နတ်ဘုရားကျောင်းထဲမှာ မီးရောင်အချို့ရှိနေသောကြောင့် အလင်းရောင်ရနေသည်။

ကာလီနတ်ဘုရားရုပ်ထုရှေ့တွင် ထွန်းထားသောအမွှေးတိုင်သို့မှ အမွှေးနံ့များက အခန်းထဲမှပျံ့နှံ့နေလေသည်။

ရုပ်ထုကြီးပြုလုပ်ထားပုံမှာ ကြောက်စရာကောင်းသော ပုံပန်းသဏ္ဍာန်မျိုး ဖြစ်သည်။ ဦးခေါင်းထိပ်တွင် မြွေများ အခွေလိုက် အတွန့်လိုက်ပြုလုပ်ထားသည်။

လက်တစ်ဖက်တွင် ဓားကောက်ကြီးကိုကိုင်ထားပြီး ထို





ဓားကောက်၌လည်း သွေးများစွန်းပေလျက်ရှိသည်။

လူဦးခေါင်းပြတ်များကိုသီလျက် လည်ပင်းမှာ သိုင်းဆွဲထားလေသည်။ ကျန်တစ်ဖက်တွင် ဦးခေါင်းပြတ်တစ်လုံးကိုင်ထားသည်။

အခြားလက်များ၌မူ ဓား၊ လှံ၊ ခက်ရင်းခွများကိုင်ထားသည်။ ကိုယ်ပေါ်မှာ အဖြူရောင်ဆာရီစကို ရစ်ပတ်လွှမ်းခြုံပေးထားသည်။

ထိုဆာရီ၏ဘေးဖက်တစ်နေရာတွင် အနည်းငယ်ပြတ်ထွက်နေသည်။ထိုဆာရီမှာ စုံထောက်ကျော်စွာလက်ထဲ၌ကျန်ခဲ့သော ဆာရီအမျိုးအစားပင်ဖြစ်သည်။

ရုပ်ထုရှေ့တွင် ယဇ်ပူဇော်သောနေရာရှိပြီး နွားတစ်ကောင်၏ဦးခေါင်းပြတ်တစ်လုံးက ထိုနေရာ၌ရှိနေသည်။

နွား၏ဦးခေါင်းပြတ်မှာ ကျောက်ဖြင့်ပြုလုပ်ထားခြင်းမဟုတ်ဘဲ ထိုနေရာမှသွေးများစီးကျနေသည်။

ထိုသွေးများက ယဇ်ပူဇော်သောစင်ပေါ်၌ သွေးစီးကြောင်းထဲမှအောက်၌ ရှိသောကျောက်မြောင်းထဲသို့ စီးကျသွားသည်။

ထိုကျောက်မြောင်းတစ်လျှောက်မှ စီးထွက်သွားသော သွေးနှင့်ရေတို့သည် နတ်ဘုရားကျောင်းအနောက်ဘက်၌ ပြုလုပ်ထားသောမြွေဦးခေါင်းပေါက်မှတစ်ဆင့် အပြင်သို့စီးထွက်သွားခြင်းဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာမှသွေးညှီနံ့များက အမွှေးတိုင်မှထွက်နေသော အနံ့များနှင့်ရောနှောနေခြင်း ဖြစ်သည်။

သူတို့ကိုခေါ်သွားသောနတ်ဆရာချန်ရာက ရုပ်ထုရှေ့ သို့ရောက်သောအခါ အရိုအသေပေးလိုက်ပြီးမှ စုံထောက်ကျော် စွာလက်ထဲမှ အဝတ်ပိုင်းကိုတောင်းယူလိုက်သည်။

"ခင်ဗျား လက်ထဲက အဝတ်စကိုပေးပါ. . . သူနေရာ ပြန်ထားပေးရပါမယ်"

ဟုတောင်းသဖြင့် စုံထောက်ကျော်စွာက အယော ယောင်အမှားမှားဖြင့်ပေးလိုက်ရာ နတ်ဆရာကယူပြီး နတ်ဘုရား ရုပ်ထုပေါ်၌ ခြုံပေးထားသောဆာရီ၏အပိုင်းလိုက်ပြတ်နေသော နေရာသို့ပြန်ဆက်ပေးလိုက်ရာ အကောင်းပကတိအတိုင်း ဖြ ဖြစ်သွားလေသည်။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ မျက်လှည့် နေသည်ဟုပင် ထင်နေသည်။

ထို့နောက် နတ်ဆရာက သူတို့ကိုနေရာပေးသဖြင့် ရု ထုကြီးရှိသောနေရာနှင့်မနီးမဝေးမှာပင် ဝင်ထိုင်လိုက်ကြသည်

"ခင်ဗျားတို့ အချိန်မတော်မှ ဘာအတွက်ရောက်လာ တာလဲ"

"သိချင်တာလေးတွေရှိနေသေးလို့ပါ"

"ပါလီမန်အမတ်သေတဲ့ကိစ္စမှာ ကျုပ်တို့နတ်ဘုရား ကျောင်းပယောဂမကင်းဘူးလို့ ထင်နေကြတယ်မဟုတ်လား"





"ယေဘုယျတော့ ဒီလိုပဲထင်စရာဖြစ်နေပါတယ်"

"သူသေတာ ကျုပ်တို့ဘုရားကျောင်းနဲ့ဘာမှမဆိုင်ပါဘူး သူပယောဂကြောင့် သေရတာပါ"

"နတ်ဆရာအနေနဲ့ကျွန်တော်တို့ကို အကူအညီပေးချင် တယ်ဆိုရင် သိတာလေးတွေပြောပြပေးပါ"

"လောကမှာ ခင်ဗျားတို့မသိသေးတဲ့ဆန်းကြယ်မှုတွေ အများကြီးရှိသေးတယ်၊ ခင်ဗျားတို့သိချင်တာ သူ ဘာကြောင့်အ ဲလိုနေရင်း မီးလောင်သေတယ်ဆိုတာကိုသိချင်တာ မဟုတ် လား"

"မှန်ပါတယ်"

"သူ ဘာကြောင့် မီးလောင်သေတယ်ဆိုတာသိချင်ရင် တစ္ဆေဈေးကိုရောက်အောင်သွားရင် သိရနိုင်ပါတယ်"

ဒေါက်တာမင်းထင်ကျော်က ထိုစကားကြားသောအခါ ချေးစွာ စိတ်ဝင်စားသွားလေသည်။

"တစ္ဆေဈေးကို ဘယ်လိုရှာရမလဲ"

"တစ္ဆေဈေး ဘယ်နေရာမှာရှိတယ်ဆိုတာတော့ ကျုပ် မသိဘူး၊ ဒါပေမယ့် သာမန်လူတွေရှာမတွေ့နိုင်တဲ့နေရာမှာရှိ တာတော့ သေချာတယ်"

"သဲလွန်စ ဘယ်လိုရှာရမလဲ"

"တစ္ဆေဈေး ဘယ်နေရာမှာရှိတယ်ဆိုတာသိတဲ့လူက ဒီမှာရှိပါတယ်၊ ဒါပေမယ့် သူက တစ္ဆေတွေပေါ်တဲ့ နေ့ဆုံ့နေရာ



www.burmeseclassic.com

www.burmeseclassic.com



မှာနေတယ်၊ အဲဒီနေရာတွေမှာလိုက်ရှာရင်တော့ တွေ့နိုင်ပါလိ
မယ်၊ ခင်ဗျားတို့တစ္ဆေစျေးကိုရှာလို့တွေ့ရင် ပါလီမန်အမတ် အ
ကြောင့်သေရတယ်ဆိုတာသိကြရပါလိမ့်မယ်၊ ကျုပ်အနေ
တော့ မယ်တော်ကြီးရဲ့ခွင့်ပြုပေးထားတဲ့အတိုင်း ဒီလောက်
ပြောပြခွင့်ရှိပါတယ်၊ ဒီထက်ပိုပြောခွင့်မရှိပါဘူး"

ဒေါက်တာမင်းထင်ကျော်က မျက်နှာချင်းဆိုင်အနေ
ထား၌ ရှိနေသောကာလီနတ်ဘုရားရုပ်ထုမျက်နှာကို တစ်ချ
မော့ကြည့်လိုက်သည်။ ရုပ်ထု၏မျက်လုံးများကလည်း သူ့ကိုစို
ကြည့်နေသကဲ့သို့ရှိလေသည်။

"ဒီအကြောင်းကိုပြောဖို့ နတ်ဘုရားမက လမ်းညွှန်ပေး
တာလား"

"အမှန်ပါပဲ. . . သူခွင့်မပေးရင် မပြောဝံ့ပါဘူး၊ ခင်ဗျ
တို့ကို ဒီနေရာရောက်အောင်ခေါ်လာတာလည်း မယ်တော်ကြ
ကိုယ်တိုင်ပါပဲ"

ထိုသို့ပြောပြသောအခါ နောက်ထပ်မေးစရာမရှိတော့
သဖြင့် ကျေးဇူးတင်ကြောင်းပြောကာ နတ်ဆရာအား နှုတ်ဆက
ပြီး နတ်ဘုရားကျောင်းထဲမှအပြင်သို့ပြန်ထွက်ခဲ့ကြလေတော့
သည်။ အပြင်ဘက်၌ အမှောင်ထုများ ဖုံးလွှမ်းနေလေပြီ။

ဿဿဿ



# အခန်း(၇)
# ဖုံးကွယ်မရသောသံယောဇဉ်

ပါလီမန်အမတ်ဦးရွှေကြူအလောင်းအား တာမွေသု
သာန်မှာပင် သဂြိုဟ်ပြီးနောက် ခုနစ်ရက်ပြည့်သဖြင့် ရက်လည်
သောနေ့တွင် ၎င်းနေအိမ်မှာပင် ရက်လည်ဆွမ်းကျွေးပြုလုပ်လေ
သည်။

ဦးရွှေကြူမှာ ပါလီမန်အမတ်တစ်ဦးဖြစ်သည်ကတစ်
ကြောင်း၊ အပေါင်းအသင်းမိတ်ဆွေသင်္ဂဟပေါများသူဖြစ်သည်
ကတစ်ကြောင်းကြောင့် ရက်လည်ဆွမ်းကျွေးသောနေ့နံနက်ပိုင်း
အချိန်မှာပင် ၎င်းနေအိမ်သို့ဧည့်သည်အတော်များများ လာကြ
လေသည်။

www.burmeseclassic.com



သို့သော်လည်း ဦးရွှေကြူအားကာရှိစဉ်က အရေးတယ ပေါင်းသင်းကြသောလူအချို့ကတော့ ယခုအခါ ဦးရွှေကြူသေ ဆုံးသွားသောအခါ မျှော်လင့်ချက်ထားစရာမရှိတော့သဖြင့် မ ကျိုးကျွန်ပြုပြီး မလာဘဲနေကြလေသည်။

ဦးရွှေကြူနှင့်ဒေါ်စိန်မှုံတို့မှာ နယ်ဘက်မှလာရော ကာ ရန်ကုန်၌အခြေချနေထိုင်သူများဖြစ်ကြသဖြင့် နယ်၌ရှိသော ဆွေမျိုးသားချင်းများနှင့်အသိမိတ်ဆွေများလည်း လာကြသည်

ထိုအထဲတွင် ယခင်က မိတ်ဟောင်းဆွေဟောင်းတစ်ဦး ဖြစ်သူ ဦးဘတင့်နှင့်သားဖြစ်သူ ခင်မောင်တင့်တို့လည်း တကူးတ က လာရောက်ကြလေသည်။

ဦးဘတင့်က အသက် ၆၀ နီးပါးအရွယ်ရှိပြီး သားဖြစ်သူ ခင်မောင်တင့်ကတော့ အသက် ၃၀ ပတ်ဝန်းကျင်ခန့်သာရှိသေ သည်။

ဦးဘတင့်မှာ ဦးရွှေကြူတို့နှင့်တစ်နယ်တည်း။ တစ်ရပ် တည်းသားချင်းဖြစ်ကာ ရှေးအခါကတော့ ဆွေမျိုးသားချင်းပမာ များစွာ ခင်မင်ကြလေသည်။

ထိုအချိန်က ဦးရွှေကြူမှာ ပါလီမန်အမတ်ဘဝသို့မ ရောက်သေးဘဲ နိုင်ငံရေးလောကသို့ဝင်ရောက်ကာစအချိန်ဖြစ် သောကြောင့် စီးပွားရေးအခြေအနေကလည်း သာမန်အခြေအ နေမျှသာရှိလေသည်။

ဦးဘတင့်ကတော့ စီးပွားရေးသမားတစ်ဦးဖြစ်ပြီး





ဘောက်အရောင်းအဝယ်၊ ဆန်စပါးအရောင်းအဝယ်၊ သစ်အ ရောင်းအဝယ်တို့ကိုပြုလုပ်နေသောကုန်သည်ပွဲစားဘဝဖြင့် စီး ပွားရေးချောင်လည်ရာ တစ်နယ်တည်းသားချင်းဖြစ်သော ဦးရွှေ ကြူတို့မိသားစုကိုကြည့်ရှု ကူညီပေးမှုများရှိခဲ့လေသည်။

ဦးဘတင့်၏သားခင်မောင်တင့်နှင့်ဦးရွှေကြူ၏သမီး ခင် မေကြူတို့က အရွယ်ချင်းမတိမ်းမယိမ်းရှိကာ တက္ကသိုလ်ကျောင်း သားဘဝ ပြီး အတူတကွပညာသင်ဖက်များလည်း ဖြစ်ခဲ့ကြသည်။

နောက်တော့ ခင်မောင်တင့်က ခင်မေကြူအပေါ်မေ တ္တာသက်ဝင်သဖြင့် ချစ်ခွင့်တောင်းခံခဲ့ရာ ခင်မေကြူအနေဖြင့် လည်း ငြင်းပယ်စရာမရှိသဖြင့် ကြည်ကြည်ဖြူဖြူနှင့်ပင် လက်ခံ ခဲ့သည်။

ထိုအချိန်ကတော့ ဦးဘတင့်တို့ကစီးပွားရေးအခြေအ နေများစွာ ကောင်းလှသောကြောင့် ခင်မောင်တင့်နှင့်ခင်မေကြူ တို့၏အချစ်ရေးကို ဦးရွှေကြူတို့ဘက်မှရိပ်မိသော်လည်း မသိကျိုး ကျွန်ပြုပေးခဲ့ကြသည်။

ထို့ကြောင့် ၎င်းတို့နှစ်ဦး၏ချစ်ခရီးလမ်းမှာ အနှောက် အယှက်အဖျက်အဆီးမရှိဘဲ ဖြောင့်တန်းသာယာလျက်ရှိခဲ့ကြ လေသည်။

၎င်းတို့နှစ်ဦး၏ရည်ရွယ်ချက်ကတော့ တက္ကသိုလ်မှဘွဲ့ ရပြီးနောက် ခင်မောင်တင့်အနေဖြင့် အလုပ်တစ်ခုခုဖြင့် အခြေ အကျရှိသောအချိန်တွင် လက်ထပ်ကြရန်ပင် ဖြစ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ရည်ရွယ်ထားပြီးကာမှ အခြေအနေအပြောင်းလဲကြီး ပြောင်းလဲသွားလေတော့သည်။

ဦးဘတင့်မှာကျောက်ကုန်သည်တစ်ဦးအား သတ်ဖြတ်ရာတွင်ပါဝင်ခဲ့မှုကြောင့်အပြင် ကျောက်မျက်ရတနာအချို့ကို အခြားနိုင်ငံသို့တရားမဝင်ခိုးထုတ်ရန် ကြံစည်မှုဖြင့် အဖမ်းခံရလေသည်။

ရှိသမျှပစ္စည်းများ အသိမ်းခံရသည့်အပြင် အမှုထင်ရှားသောကြောင့် ထောင်ထဲမှာ သုံးနှစ်ခန့်နေခဲ့ရသည်။

ထိုသုံးနှစ်ကာလအတွင်းမှာပင် အခြေအနေများက အပြောင်းလဲကြီးပြောင်းလဲသွားလေတော့သည်။

ထိုကာလများတွင် ဦးရွှေကြူကပါလီမန် အမတ်တစ်ဦးဖြစ်လာပြီး စီးပွားရေးကလည်း အတော်ပင်ပြည့်စုံလာခဲ့သောကြောင့် ဗိုလ်တစ်ထောင်ဘက်၌ တိုက်နှင့်နေနိုင်သောအခြေအနေသို့ရောက်ခဲ့လေသည်။

ဦးဘတင့်တို့မိသားစုကတော့ ဦးဘတင့်ထောင်ထဲရောက်နေသည့်အပြင် ရှိသည့်စီးပွားဥစ္စာများကလည်း သိမ်းဆည်းခံခဲ့ရသောကြောင့် စီးပွားအပျက်ကြီးပျက်ခဲ့သဖြင့် လက်ရှိနေထိုင်သောတိုက်ကိုရောင်းကာ သာမန်ဘဝဖြင့် မြို့စွန်ဘက်သို့ ရွှေ့ပြောင်းနေရသောဘဝသို့ရောက်သွားကြလေသည်။

ခင်မောင်တင့်လည်း တစ်ဝက်တစ်ပျက်နှင့်ကျောင်းထွက်ကာ မိသားစုများကိုရရာ အလုပ်လုပ်ကာ လုပ်ကိုင်ကျွေး



မွေးခဲ့ရလေသည်။

ခင်မေကြူကတော့ တက္ကသိုလ်ကျောင်းဆက်တက်မြဲတက်နေရာ ချစ်သူဘဝပင်ရှိသေးသောခင်မောင်တင့် ကျောင်းသို့လိုက်လာပြီး တစ်ပတ်တစ်ခါလောက် လာတွေ့လေသည်။

ထိုအခြေအနေကိုသိသောအခါ ဦးရွှေကြူကတားသည်။

"ငါက ဂုဏ်သရေရှိတဲ့ပါလီမန်အမတ်တစ်ဦးဖြစ်နေပြီ ငါ့သမီးက အစိုးရပြစ်ဒဏ်ကြောင့်ထောင်ကျနေတဲ့လူရဲ့သားနဲ့ အဆက်အသွယ်လုပ်နေတာကို ပတ်ဝန်းကျင်ကမြင်တွေ့သွားရင် အထင်အမြင်သေးစရာဖြစ်လိမ့်မယ်. . . သမီး. . . ခင်မောင်တင့်နဲ့အဆက်အသွယ်ဖြတ်လိုက်တာ ကောင်းမယ်"

"သူ့မှာ ဘာအပြစ်ရှိလို့လည်း ဖေဖေရယ်"

"အပြစ်ကင်းတိုင်း ငါက သဘောတူရမှာလား. . . လောကမှာ ပတ်ဝန်းကျင်အသိုင်းအဝိုင်းကောင်းဖို့လိုတယ်၊ ဒီလိုလူမျိုးနဲ့ဆက်သွယ်နေတော့ ဘာများမျှော်လင့်ချက်ရှိလာမှာမို့လဲ"

"ဒါ. . . ဒါပေမယ့်. . . ."

"တော်စမ်း. . . ဘာမှထပ်ပြောမနေနဲ့၊ နင်ပြောမယ့်မေတ္တာတွေ သစ္စာတွေအကြောင်းကို ငါနားမထောင်ချင်ဘူး။ နင် ငါ့စကားနားမထောင်ဘဲ ရှေ့ဆက်တိုးမယ်ဆိုရင်တော့ ငါအသက်ရှင်နေတုန်းတော့ မလုပ်နဲ့ ငါသေမှပဲ နင်လုပ်ချင်ရာကို လုပ်ပေတော့"

www.burmeseclassic.com

www.burmeseclassic.com



ဟု စကားကုန်ပြောထားသောအခါ ခင်မေကြူလည်း ရှေ့ဆက်မတိုးသာဝံ့အောင်ရှိနေတော့သည်။

ခင်မောင်တင့်နှင့်တွေ့သောအခါ. . . .

"ကိုကို့မှာ ဘာများအပြစ်ရှိလို့လဲ ခင်ရယ်. . . ကံ ကြောင်းမလှလို့ အခုလိုဖြစ်ခဲ့ရပေမယ့် ခင့်အပေါ်မှာထားတဲ့ တ္တာစိတ်ကတော့ နည်းနည်းလေးမှမလျော့ခဲ့ပါဘူး"

"ကျွန်မကိုသာ နားလည်ခွင့်လွှတ်ပေးပါတော့ ကို ရယ်"

ဟု ခင်မေကြူက အသံလေးကတုန်ကရင်ဖြင့် တော ပန်လေသည်။

"ကိုကိုနားလည်ပါပြီ. . . ခင်တို့မိသားစုက ဂုဏ်ပ သနကိုမက်မောခင်တွယ်ကြတယ်ဆိုတာ အခုတော့ သိရပါပြီ"

"ခင့်ကိုခွင့်လွှတ်ပေးပါ ကိုကိုရယ်. . . ကျွန်မဘဝ ဖေဖေ့ရဲ့ဆန္ဒကိုမလွန်ဆန်ဝံ့လေတော့ ဒီဘဝ ဒီမျှသာနဲ့ပဲ. . ."

"တော်ပါပြီ. . . တော်ပါပြီ. . . ရှေ့ဆက်ပြီးလည်း မကြားရပါစေနဲ့တော့. . . ခင် အခုလိုစိတ်ဆင်းရဲနေတာ လည်း ကိုကိုမကြည့်ရက်ပါဘူး. . . ဒီတော့ ခင်နဲ့ခင်မိသား တွေ စိတ်ချမ်းသာဖို့အတွက် ကိုကို နောက်ဆုတ်ပေးပါတော့ မယ်"

"ကိုကိုရယ်. . . ."

ခင်မေကြူခမျာ နှစ်အတော်ကြာအောင်ချစ်ခင်ခဲ့ရသော





ချစ်သူကိုအပြစ်မရှိပါဘဲ ခွဲခွာရသောအဖြစ်ကြောင့် မချိတင်ကဲ ဖြစ်ကာ ဝမ်းနည်းပူဆွေးရသော်လည်း ဖခင်ကြီး၏ဆန္ဒကိုမလွန် ဆန်နိုင်သော ဘဝအခြေအနေမို့ ဘာမှမတတ်သာတော့ပါပေ။

ထို့နောက်ပိုင်းမှာတော့ ခင်မောင်တင့်နှင့်ခင်မေကြူတို့ နှစ်ယောက်၏မေတ္တာဇာတ်လမ်းမှာလည်း တစ်ခန်းရပ်သွားခဲ့ရ လေတော့သည်။

ဦးဘတင့်တစ်ယောက် ထောင်မှပြန်ထွက်လာခဲ့ပြီး နောက်မှာလည်း ခင်မောင်တင့်နှင့်ခင်မေကြူတို့နှစ်ယောက်သာ တောဘဲ မိသားစုချင်းပါ တစ်ဦးနှင့်တစ်ဦးမတွေ့ကြရတော့ဘဲ အဆက်အသွယ်ပြတ်သလောက် ဖြစ်သွားခဲ့ကြလေသည်။

ဦးဘတင့်တို့မိသားစုမှာလည်း ဦးဘတင့်တစ်ယောက် ထောင်မှပြန်ထွက်လာပြီးနောက်ပိုင်းတွင် စီးပွားရေးအခြေအ နေအရ နလံမထူတော့သောအခြေအနေမျိုးရောက်နေပြီဖြစ်သ ဖြင့် ဦးဘတင့်မှာ ယခင်က မိတ်ဟောင်းဆွေဟောင်းများရှိသော နယ်ဘက်သို့သွားကာ အရောင်းအဝယ်အလုပ်ကလေးများ ပြန် သည်လုပ်ကိုင်လျက်ရှိလေသည်။

ခင်မောင်တင့်နှင့်ခင်မေကြူတို့နှစ်ယောက်မှာလည်း တစ်ဦးနှင့်တစ်ဦးမတွေ့ကြရတော့ဘဲ အဆက်အသွယ်ပြတ်သွား ခဲ့ကြသည်မှာ သုံးနှစ်ခန့်ကြာခဲ့ပြီဖြစ်သောကြောင့် မီးနှင့်ဝေး သောသံချိပ်ပမာ သွေးအေးနေခဲ့ကြပြီဖြစ်ပေသည်။

ခင်မေကြူအနေကတော့ ပထမဆုံးချစ်ခဲ့သောချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သောကြောင့် မကြာခဏဆိုသလို ထိုအကြောင်းများကိုဖြ
လည်သတိရမိသော်လည်း မိဘများစိတ်မချမ်းမသာဖြစ်အောင်
လုပ်လိုတော့သဖြင့် နေလက်စနှင့်ပင် မေ့ပျောက်နိုင်အောင်ကြ
စားနေခဲ့လေသည်။

ယခု ဦးရွှေကြူတစ်ယောက်မမျှော်လင့်ဘဲ သေဆုံးသွား
သောအခါမှာတော့ ရင်ထဲမှာဖြေမဆည်နိုင်အောင်ဖြစ်ခဲ့ရသဖြ
အခြားအကြောင်းများက ပပျောက်နေသကဲ့သို့ရှိလေသည်။

ယခုအခါ ဦးရွှေကြူသေဆုံးသွားခဲ့ပြီး ရက်လည်ဆွမ်း
ကျွေးသောနေ့တွင် ဦးဘတင့်နှင့်ခင်မောင်တင့်တို့ရောက်လာကြ
လေသည်။

၎င်းတို့ရောက်လာကြသည်ကိုမြင်သဖြင့် ခင်မေကြူတို့
သားစုမှာအံ့ဩသွားသော်လည်း အိမ်ရှင်တို့ဝတ္တရားရှိတဲ့အတိုင်း
နှုတ်ဆက်ခေါ်ယူရလေသည်။

ဦးဘတင့်က. . . .

"ဦးရွှေကြူ သတင်းကိုသတင်းစာမှာဖတ်ရတော့ 
တော်ကလေး စိတ်မကောင်းဖြစ်မိပါတယ်. . . ကံကြမ္မာလည်း
ဘီးကြီးက အမြဲတမ်းလည်နေတာဆိုတော့ အပေါ်မြင့်သွားလိုက်
အောက်မှာအနင်းခံလိုက်ရပေါ့ဗျာ"

ဟု ပြောသည်။

ဒေါ်စိန်မှုံကတော့ ဘာမှပြန်မပြောပေ။

ခင်မောင်တင့်ကလည်း ခင်မေကြူနှင့်တွေ့ကာပြော





သည်။

"ခင့် ဖေဖေ အခုလို အဖြစ်မျိုးနဲ့ကြုံရတာ တကယ်ပဲ
စိတ်မကောင်းပါဘူး၊ အခုအချိန်မှာ ခင်တို့သားအမိအနေနဲ့အ
တော်ကလေး စိတ်ထိခိုက်နေမယ်ဆိုတာ သိပါတယ်. . . ကိုယ့်
ကို့အနေနဲ့အကူအညီပေးနိုင်တာရှိရင် အရင်လိုပဲ အကူအညီပေး
ပါရစေ"

ဟု မျက်နှာချိုသွေးကာ ခွင့်တောင်းလေသည်။

"ရပါတယ်. . . ကိုခင်မောင်တင့်ရယ်. . . ဖေဖေမရှိ
တော့ပေမယ့် ကျွန်မတို့သားအမိ ကိုယ့်ဘဝကိုယ်ရပ်တည်နိုင်ကြ
ပါတယ်. . . အခုလိုပြောတာကို ကျေးဇူးတင်ပါတယ်"

ခင်မေကြူက တည်တည်ငြိမ်ငြိမ်နှင့်ပြန်ပြောသောအခါ
ခင်မောင်တင့်မှာမျက်နှာတစ်ချက်ပျက်သွားလေသည်။

"ခင့်စကားကလည်း သူစိမ်းဆန်လိုက်တာ. . . ကိုယ်
စေတနာနဲ့အကူအညီပေးချင်လို့ပြောတာပါ"

"မလိုတော့ပါဘူး. . . ကိုခင်မောင်တင့်၊ ကျွန်မတို့သား
အမိနှစ်ယောက်က မိန်းမသားတွေချည်းဖြစ်ပေမယ့် ဘယ်သူ့အ
ကူအညီမှမလိုသေးပါဘူး"

ဟုပြောကာ ခင်မေကြူက တခြားဧည့်သည်များကို
လိုက်လံဧည့်ခံနေလေသည်။

ထိုအခိုက်မှာပင် အိမ်ရှေ့သို့လင့်ရိုဘာကားတစ်စင်းရပ်
ပြီး ကားပေါ်မှလူသုံးယောက်ဆင်းလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်၊ စုံထောက်ကျော်စွာနှင့်ဦး
ကောင်းတို့သုံးယောက်ပင် ဖြစ်ကြလေသည်။

ဒေါက်တာမင်းထင်ကျော်က အကြောင်းကိစ္စရှိလျှင် အ
ကူအညီရစေရန် ဦးဗန်ကောင်းကိုပါ တစ်ပါတည်း ဝင်ခေါ်လာ
ခြင်းဖြစ်သည်။

သူတို့သုံးယောက်ဝင်လာတာမြင်တော့ ခင်မေကြူကို
တိုင်ဆီးကြိုပြီး နေရာထိုင်ခင်းပေးသည်။

"ကြွကြွပါရှင်. . . ဖေဖေရဲ့နာရေးကိစ္စမှာ အခုလိုလာ
ကြတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ဒေါက်တာမင်းထင်ကျော်က ခင်မေကြူကိုတစ်ချက်
ကြည့်လိုက်ပြီး. . .

"ကျွန်တော်တို့က ဦးရွှေကြူရဲ့မိတ်ဆွေတွေပါ. . .
ကျွန်တော်နာမည်က ဒေါက်တာမင်းထင်ကျော်ပါ၊ သူက ဦးဗန်
ကောင်း. . . သူက စုံထောက်ကျော်စွာပါ"

ထိုသို့ပြောလိုက်ရာ ခေတ်ပညာတတ်တစ်ဦးဖြစ်ပြီး လူ
ရိပ်လူကဲခပ်မည့်သောခင်မေကြူက ၎င်းတို့သုံးယောက်ကို ဧည့်
သည်များနှင့်ဝေးသောသီးသန့်ဝိုင်းမှာ နေရာချပေးလေသည်။

ခဏကြာတော့ အစားသောက်များလာချပေးသဖြင့် အ
နည်းငယ်စီလောက်သာစားသောက်ကြသည်။

ဧည့်ခန်းမှာတော့ မောင့်ကျက်သရေခေါင်းပေါင်း၊ တိုက်
ပုံအင်္ကျီဖြင့်ရိုက်ထားသော ဦးရွှေကြူ၏ဓာတ်ပုံ၊ ဒေါ်စိန်မွှေး၏ကိုယ်





စ်ပိုင်းပုံတို့အပြင် ခင်မေကြူဘွဲ့ဝတ်စုံဖြင့် ကိုယ်တစ်ပိုင်းရိုက်
ားသောဓာတ်ပုံတို့ကိုယှဉ်လျက်သား ချိတ်ထားလေသည်။

ထိုပုံများဘေးမှာတော့ မိသားစုသုံးယောက်ရိုက်ထား
သောကိုယ်လုံးပေါ်ဓာတ်ပုံကို ပုံကြီးချဲ့ကာ ချိတ်ထားလေသည်။

"စောစောက ကျွန်တော်တို့ကိုနေရာထိုင်ခင်းချပေးတာ
ရွှေကြူရဲ့သမီး ခင်မေကြူပဲဖြစ်မယ်"

ဟု စုံထောက်ကျော်စွာက ပြောသည်။

"အသက်က ၂၅ နှစ်၊ သိပ္ပံဘာသာနဲ့ဘွဲ့ယူထားပြီး အိမ်
ှာပဲနေတာရော ထည့်မပြောတော့ဘူးလား ကိုကျော်စွာရဲ့"

"ဆရာက ဘယ်လိုသိနေတာလဲ"

"အမှုမပြီးမချင်း ကိုယ်နဲ့တွေ့ရမယ့်မိသားစုတွေရဲ့တစ်
ချင်းအကြောင်းတွေကို သိတန်သလောက်သိအောင် စုံစမ်း
ားတော့ ဆက်ဆံတဲ့အခါ အဆင်ပြေတာပေါ့"

ဒေါက်တာမင်းထင်ကျော်က ပြောလိုက်သည်။

"အမျိုးသမီးက ဒီလောက်သောကရောက်နေတဲ့အချိန်
ာ ပင်ကိုယ်အတိုင်းနေတာတောင်မှ အတော်ကလေး ကျက်သ
ရေရှိတယ်"

"ကိုကျော်စွာက အပြင်ပန်းပဲကြည့်တာကိုး. . . သူ့စိတ်
သဘော ဘယ်လိုရှိတယ်ဆိုတာရော အကဲခတ်ကြည့်မိသေး
ား"

"ပြောပါဦး ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ပုံပန်းသဏ္ဍာန်က ပျော့ပျောင်းပုံရှိပေမယ့် တစ်ခုခုဆုံး ဖြတ်ချက်ချပြီးရင် အဲဒီအတိုင်းလုပ်တာရော လူကဲခတ်ပါးနပ် တာတွေရော သတိမပြုမိဘူးလား"

"ဘယ်လိုကြောင့်လည်း ဆရာ"

"ကျွန်တော်တို့နာမည်တွေနဲ့မိတ်ဆက်ပေးတော့ ကျွန် တော်က သူသိအောင် စုံထောက်ဆိုတဲ့စကားလုံးထည့်ပြီး မိတ် ဆက်ပေးတာကို ချက်ချင်း သူသဘောပေါက်တယ်၊ ဒါကြောင့် သာမန်ဆွမ်းကျွေးလာတဲ့လူတွေမဟုတ်မှန်းသိလို့ တခြားလူတွေ နဲ့ဝေးတဲ့ သီးခြားနေရာချပေးခဲ့တာပဲ"

"တော်ပါပေတယ် ဆရာ၊ ဒါပေမယ့် သူတို့အလုပ်ရှုပ် နေတဲ့အချိန်မျိုးမှာ ကျွန်တော်တို့သိချင်တာတွေမေးလို့ သင့်ပါ့ မလား"

"ဒီကနေ့က သူတို့မိသားစုအခြေအနေလည်း သိ အောင် နောက်တစ်ချက်က လူများတဲ့အချိန်မှာ သူတို့မိသားစု ပတ်သက်တဲ့လူတွေကိုလည်း လေ့လာလို့ရအောင် တမင်လာ တာပါ၊ သိချင်တာတွေမေးဖို့ကတော့ နောက်တစ်ရက်မှ သူတို့ ချိန်းပြီး လာကြတာပေါ့"

ထိုသို့ပြောဆိုနေကြစဉ်မှာ အချိန်ကလည်း ၁၁ နာရီခန့် ရှိနေပြီဖြစ်သောကြောင့် အခြားဧည့်သည်များပြန်သွားကြလေပြီ။

ဦးဘတင့်နှင့်ခင်မောင်တင့်တို့သားအဖလည်း နှုတ် ဆက်ကာ ပြန်သွားကြသည်။





အိမ်မှာတော့ ဒေါ်စိန်မှုံနှင့်ခင်မေကြူတို့အပြင် အခိုင်း အစေများသာ ကျန်ခဲ့တော့သည်။

ဒေါ်စိန်မှုံကတော့ ဝတ္တရားရှိသည့်အတိုင်း လာရောက် နှုတ်ဆက်ပြီး အပေါ်ထပ်သို့တက်သွားလေတော့သည်။

ထိုအခါမှ ခင်မေကြူက သူတို့အနီးသို့လာပြီးထိုင်သည်။

"ကျွန်တော်တို့လာတာ တခြားမဟုတ်ပါဘူး. . . သိ ချင်တာလေးတွေမေးချင်လို့လာတာပါ၊ ကျွန်တော်တို့အတွက် ဘယ်အချိန်များ အချိန်ပေးနိုင်မလဲ"

"ရပါတယ် ဆရာ. . . ကျွန်မ သဘောပေါက်ပါတယ် . . . သိသမျှတော့ ပြောပြပေးပါ့မယ်. . . အပေါ်ထပ်ကိုသာ ကြွပါ"

ဟုပြောကာ သူမကပင် ဦးဆောင်ပြီး အပေါ်ထပ်သို့ ခေါ်သွားလေသည်။

အပေါ်ထပ်သို့ရောက်သောအခါ ဘုရားခန်း၊ စာကြည့် ခန်းတို့နှင့်ကပ်လျက်ရှိသောနေရာတွင် ၎င်းတို့သုံးယောက်ကိုနေ ရာပေးသဖြင့် ထိုင်ကြသည်။

ခင်မေကြူကစေခိုင်းထားသောကြောင့် ကွမ်းဆေး၊ လက်ဖက်စသည်တို့ကိုလည်း အိမ်ဖော်မလေးများက အပေါ် ထပ်သို့လာပို့ပေးပြီး ပြန်ဆင်းသွားကြသည်။

ဒေါ်စိန်မှုံလည်း အပေါ်ထပ်တွင်ရှိနေသော်လည်း အ ပြင်သို့မထွက်ဘဲ အခန်းတစ်ခန်းထဲမှာသာနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်မေကြူက မန်းမဝေးမှာလာထိုင်ပေးသဖြင့် ဒေါက်တာမင်းထင်ကျော်ကသိလိုသောအကြောင်းကို စမေးလေသည်။

"ဒီအချိန်မျိုးမှာ အခုလိုမေးမြန်းရတာ အားနာပါတယ် ဒါပေမယ့် ဝတ္တရားကရှိနေလေတော့. . . ."

"ရပါတယ်ဆရာရယ်. . . ကျွန်မ ဘယ်လိုမှသဘောထားပါဘူး၊ တကယ်ဆိုရင် ဆရာတို့က ကျွန်မတို့နဲ့ပတ်သက်တဲ့ကိစ္စကိုလိုက်ပြီး ဆောင်ရွက်ပေးနေကြတာပဲ၊ ဖေဖေနဲ့ပတ်သက်တဲ့အဖြေမှန်သိရရင် ကျေနပ်ပါတယ်"

"ဒါနဲ့ဒီက. . . ."

"ကျွန်မနာမည်က ခင်မေကြူပါ. . . ဦးရွှေကြူရဲ့သမီးပါ"

ဒေါက်တာမင်းထင်ကျော်က အသိအမှတ်ပြုသည့်အနေဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"ကျွန်တော်တို့ကိုယုံကြည်စိတ်ချတယ်ဆိုရင် ခင်မေကြူသိသမျှ ပြောပြပေးပါ"

"ကျွန်မတို့ဘဝအကြောင်းတွေကို မှတ်မိသမျှတော့ ပြောပြပါ့မယ်၊ ဖေဖေလုပ်နေတဲ့နိုင်ငံရေးနဲ့ပတ်သက်တဲ့အလုပ်တွေတော့ ကျွန်မ ဘာမှမသိပါဘူး"

"မှတ်မိသမျှတွေကိုပဲ ပြောပြပါ"

ထိုအခါ ခင်မေကြူက သူတို့မိသားစု ရန်ကုန်သို့ပြောင်းရွှေ့လာခဲ့ပြီး နောက်ပိုင်းအကြောင်းအရာများကို ပြန်ပြောပြလေသည်။





ဒေါက်တာမင်းထင်ကျော်တို့ကလည်း စိတ်ဝင်စားစွာနားထောင်ကြလေသည်။

သူမစကားဆုံးတော့မှ ဒေါက်တာမင်းထင်ကျော်ကမေးသည်။

"ကျွန်တော်တစ်ခုလောက် မေးခွင့်ပြုမလား"

"မေးပါရှင်. . . သိတာဆိုရင် ပြောပြပါ့မယ်"

"ခင်မေကြူ. . . တက္ကသိုလ်တက်နေတုန်းကအကြောင်းတွေကို ပြောပြပါလား"

ခင်မေကြူက အနည်းငယ်စဉ်းစားပြီးမှဆက်ပြောပြသည်။

"ကျွန်တော်သိချင်တာက ခင်မေကြူရဲ့ချစ်သူအကြောင်းပါ"

ထိုသို့မေးသောအခါ အံ့သြသောအမူအယာဖြင့် တစ်ချက်ကြည့်လိုက်သည်။

နောက်မှ. . . .

"သူ့နာမည်က ကိုခင်မောင်တင့်လို့ခေါ်ပါတယ်. . . ကျွန်မတို့နဲ့တစ်နယ်တည်းသားတွေပါပဲ၊ တက္ကသိုလ်မှာတက်တော့လည်း အတူတူပါပဲ. . . အဲဒီအချိန်မှာ ချစ်သူတွေဖြစ်ခဲ့ကြတာပေါ့"

ဟု လေသံတိုးတိုးဖြင့်ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို ဘယ်လိုမှမအောင်းမေ့ပါနဲ့ ကိုခင်မောင်တင့်နဲ့ပတ်သက်ပြီး ပြည့်ပြည့်စုံစုံလေး ပြောပြပေးစေချင်ပါတယ်"

ထိုသို့မေးသောအခါ ခင်မေကြူကလည်း အမှန်အ တိုင်းပင်ပြန်ပြောပြလေသည်။

ချစ်သူဘဝရောက်ကြပြီး လက်ထပ်ဖို့အထိ ရည်ရွယ် ထားခဲ့ပြီးမှ ကိုခင်မောင်တင့်၏ဖခင်အဖမ်းခံရပြီးနောက်တွင် မိဘများက လက်မခံတော့သဖြင့် မလွဲသာသဖြင့် အဆက်အ သွယ်ဖြတ်ခဲ့ရကြောင်း ပြန်ပြောပြသည်။

"ကျွန်မတို့အဆက်အသွယ်ဖြတ်လိုက်ကြတာ... နှ နှစ်လောက်ရှိနေပါပြီ"

"ဒီအကြောင်းကြားရတာ စိတ်မကောင်းပါဘူး... ဒီ နှစ်နှစ်ကျော်အတွင်းမှာတော့ ကိုခင်မောင်တင့်နဲ့ပတ်သက်တဲ့သ တင်းတွေ ဘာကြားရသေးသလဲ"

"ကျွန်မလည်း ဖေဖေ စိတ်မချမ်းမသာဖြစ်မှာစိုးလို့ သူ့ အကြောင်းကို ဘာမှထပ်ပြီး မစုံစမ်းတော့ပါဘူးရှင်"

ခင်မေကြူကငိုသံပါလာသောအသံဖြင့် ပြောပြသည်။

"ဒါပေမယ့် ဒီဆွမ်းကျွေးတဲ့အလှူကိုတော့ သူရောက် လာသေးတယ် မဟုတ်လား"

"ရှင်... ဆရာက ဘယ်လိုသိတာလဲ... သူ့ကိုမြင် ဖူးလို့လား"

"မမြင်ဖူးပါဘူး... အကဲခတ်ကြည့်လို့သိတာပါ...





ကျွန်တော်ဝင်လာပြီး ပြန်သွားတဲ့နှစ်ယောက်က ကိုခင်မောင်တင့် နဲ့သူ့အဖေ ဦးဘတင့်တို့များဖြစ်နေမလား"

"ဟုတ်... ဟုတ်ပါတယ် သူတို့ပါပဲ"

ဒေါက်တာမင်းထင်ကျော်က ကျေနပ်သောအမူအယာ ဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"ဒီလောက်ပြောပြပေးတာ ကျေးဇူးတင်ပါတယ်... ခင်မေကြူလည်း ပင်ပန်းနေပြီဆိုတော့ နားလိုက်ပါဦး"

သူမက ခေါင်းညိတ်ပြလေသည်။

ထို့နောက် နှုတ်ဆက်ပြီးနောက် အောက်သို့ပြန်ဆင်း သာကြလေသည်။

အောက်ထပ်မှာတော့ ဧည့်သည်များရှင်းနေလေပြီ။

သုံးယောက်သား ကားဖြင့် ပြန်လာပြီးတော့မှ စုံထောက် ကျော်စွာကမေးသည်။

"သူတို့နှစ်ယောက်ကို ဆရာ ဘယ်လိုအကဲခတ်မိလိုက် တာလဲ"

"ခင်မောင်တင့်နဲ့ ခင်မေကြူတို့ကချစ်သူတွေဖြစ်ခဲ့ဖူး တယ်၊ လူကြီးတွေကြောင့်သာ အခုလိုခွဲနေကြရပေမယ့် ရင်ထဲ မှာတော့ သံယောဇဉ်အကြွင်းအကျန်လေးတွေတော့ ရှိနေကြဦး မှာပဲ၊ ခွဲခွာနေကြတာကြာပြီး အခုလိုပြန်တွေ့ကြတဲ့အချိန်မှာ တော့ ရင်ထဲမှာပုန်းကွယ်နေတဲ့ခံစားမှုလေးတွေက အနည်းနဲ့အ များပေါ်လာတတ်တာပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"အဲဒီအချိန်မျိုးမှာ ဟန်ဆောင်ဖုံးကွယ်မရတဲ့အရာမျိုးရှိတယ်၊ မျက်လုံးနဲ့မျက်နှာအမူအယာတွေပါပဲ. . . ကျွန်တော်က သူတို့နှစ်ယောက်နှုတ်ဆက်နေတဲ့အချိန်မှာ သတိထားပြီး ကြည့်လိုက်မိလို့ သိတာပါ"

ဟု ရှင်းပြလေသည်။

"ဆရာကတော့ ကျွန်တော်တို့အတွက် လေးစားလောက်တဲ့ လူတစ်ယောက်ပါပဲ၊ ဘယ်အရာမဆို စေ့စေ့စပ်စပ်ချာမှုရှိတာကတော့ လက်ဖျားခါလောက်ပါရဲ့"

"ဒီလိုတော့လည်း ဘယ်ဟုတ်ပါ့မလဲ. . . စုံထောက်တွေအတွက်ကတော့ အမှုတစ်ခုကိုလိုက်ပြီဆိုရင် တရားခံမပေါ်မချင်း ဘယ်သူကိုမှစိတ်ချယုံကြည်လို့မရဘူး၊ အားလုံးကို တရားခံဖြစ်နိုင်တယ်ဆိုတဲ့အကြည့်မျိုးနဲ့ကြည့်မှ တန်ကာကျတယ် ထင်ကျော်စွာရဲ့"

ဂုဏ်တို့ကိုတင်ဆောင်လာသောကားမှာ ဗိုလ်တထောင်ဘက်မှ မြို့လည်ဘက်သို့ဦးတည်လျက် မောင်းလာကြလေတော့သည်။

ဿဿဿ





## အခန်း(၉)
## ဒိုင်ပွစကျူးကာလုနှင့်တွေ့ခြင်း

တစ်နေ့သ၌ တစ်ခုသောညနေခင်းအချိန်တွင် ဒေါက်တာမင်းထင်ကျော်တစ်ယောက်တည်း ယခင်က တပ်ကလေးရပ်ဟုခေါ်ခဲ့ကြသော တရုတ်တန်းတစ်ဝိုက်သို့လျှောက်လာလေသည်။

တပ်ကလေးရပ်ဟု ခေါ်သောတရုတ်တန်းမှာ လသာလမ်းနှင့်ကုန်ဈေးတန်းလမ်းကြားတစ်ဝိုက်၌ ရှိသောရပ်ကွက်ပင်ဖြစ်ပေသည်။

ကိုလိုနီခေတ်ဦးကာလက လမ်းအမည်များမှည့်ခေါ်ရာ အမည်နောက်တွင် 'လမ်း'ဟု ထည့်ရမည့်အစား'တန်း'ဟူသော



www.burmeseclassic.com

www.burmeseclassic.com



ဝေါဟာရကို အသုံးများကြလေသည်။

ရှေးခေတ်လမ်းအမည်များ၌ 'တန်း'ပါသောလမ်းအမည်အချို့ကို ဗဟုသုတအဖြစ် ဖော်ပြပေးလိုက်ပါသည်။

ပန်းဆိုးတန်း၊ တရုတ်တန်း၊ ပန်းပဲတန်း၊ အရာကြီးတန်း(၁၇)လမ်း၊ ရေနံတန်း(၁၈)လမ်း၊ စဥ့်အိုးတန်း(ကရစ်လမ်း) မှ ကျည်းတန်း(၁၉လမ်းအထက်ပိုင်း)၊ လိပ်ဥတန်း(၁၉လမ်း အောက်ပိုင်း) ဦးထွန်းတန်း(လမ်း၂၀) ပရဆေးတန်း(၂၁လမ်းအထက်ပိုင်း) တွင်းညီနောင်တန်း(၂၁လမ်းအောက်ပိုင်း) ပန်းထိမ်တန်း(၂၂လမ်း) ဘိန်းရုံတန်း(၂၄လမ်း) ကွမ်းတန်း(၅လမ်း) ငှက်ပျောတန်း(၆လမ်း) လက်ဖက်ရည်ဆိုင်တန်း(၇လမ်း) တူ ပုတ်တန်း(၈လမ်း) ပဲတန်း(၉လမ်း) ငါးပိတန်း(၁၀)လမ်း၊ လှည်း တန်း၊ ဖိနပ်တန်း(၁၂)လမ်း၊ ခေါင်ရှုတ်ကန်း(၁၃လမ်း) ကြော် တရာတန်း(၁၄)လမ်း၊ ခွေးတန်း၊ ကြေးပုတိမ်တန်း၊ ကွမ်းရွဲတန်း ထီးတန်း၊ အင်းစိန်တန်း၊ ဒေါနတန်း၊ ကြက်တန်း. . . စသော အမည်များ ဖြစ်ပေသည်။

ထိုကဲ့သို့ 'တန်း'ထည့်ခေါ်ကြခြင်းမှာ ထိုလမ်းထဲမှာ လုပ်သောလုပ်ငန်း၊ ရောင်းချသောကုန်ပစ္စည်းများကိုသင်္ကေတ ထားပြီး မှည့်ခေါ်ကြခြင်းသာဖြစ်သည်။

ပရဆေးရောင်းသောလမ်းကို ပရဆေးတန်း၊ ငှက်ပျော သီးရောင်းသောလမ်းကို ငှက်ပျောတန်းဟု ခေါ်ကြသလို ပန်း ထိမ်သည်များ အများစုနေသောလမ်းကို ပန်းထိမ်တန်း၊ ဖိနပ်





ချုပ်သမားများနေသောလမ်းကို ဖိနပ်တန်းဟု ခေါ်ကြခြင်းမှာ ရောင်းချသောပစ္စည်း၊ ပြုလုပ်သောအလုပ်များကို သင်္ကေတ ထားကာ လှည့်ခေါ်ကြခြင်းဖြစ်သည်။

လှည်းများထားသောလမ်းကို လှည်းတန်း၊ စဥ့်အိုးများ ထားသောလမ်းကို စဥ့်အိုးတန်းဟု ခေါ်ကြခြင်းမှာလည်း ထိုနည်း အတိုင်းပင် ဖြစ်လေသည်။

ထိုအကြောင်းများကို အကျယ်ချဲ့ရေးလျှင် အတော် ရှည်လျားစွာ ရေးသားရမည်ဖြစ်သောကြောင့် ထိုမျှလောက်သာ ဗဟုသုတအဖြစ် ဖော်ပြပေးလိုက်ပါသည်။

ဒေါက်တာမင်းထင်ကျော်သည် တရုတ်တန်းသို့ရောက် သောအခါ ဒါလဟိုဇီလမ်းမကြီးတစ်လျှောက်သို့လျှောက်ကာ တွေ့လိုသောသူကိုလိုက်လံရှာဖွေနေသည်။

ဒါလဟိုဇီ(ယခု မဟာဗန္ဓုလလမ်း)လမ်းမကြီးမှာ ရှေးအ ခါကတည်းက ယခုအချိန်အထိ ဈေးရောင်းဈေးဝယ်များဖြင့် အ ထူးစည်ကားခဲ့သောလမ်းမကြီးလည်း ဖြစ်သည်။

မဟာဗန္ဓုလလမ်းမကြီးသည် အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒါလဟိုဇီ(Lord Dalhousie)၏အမည်မှ သတိုးမဟာသီရိ သုဓမ္မမင်းကြီး၊ စစ်သူကြီးမဟာဗန္ဓုလ၏အမည်သို့ပြောင်းလဲ မှည့်ခေါ်ထားသောရန်ကုန်မြို့၏တတိယမြောက်လမ်းမကြီး ဖြစ် သည်။

လမ်းနယ်အပိုင်းအခြားအနေဖြင့် အရှေ့ဘက်မှဆိုလျှင်တ



www.burmeseclassic.com

www.burmeseclassic.com



ထောင်ဈေးလမ်း(အီဒင်)အထိ ဖြစ်ပြီး အနောက်ဘက်မှ လ
သစ်(အောက်) (မော်တင်)အထိ ဖြစ်သည်။

ထိုနေရာတွင် ကမ်းနားလမ်းမကြီးနှင့်ပေါင်းဆုံပြီး ကမ်း
နားလမ်းဟု အမည်ပေါက်သွားပေသည်။

ယခုအခါ တရုတ်တန်းဟုအများသိရှိကြသည့် တရုတ်
လူမျိုးအများစုနေထိုင်ရာလသာလမ်းနှင့်ကုန်ဈေးတန်းလမ်းအကြား
ရွှေတိဂုံဘုရားလမ်းမဝန်းကျင်တစ်ဝိုက်မှာ ကုန်းဘောင်ခေတ်
တပ်ကလေးရပ်တည်ရှိရာဒေသဖြစ်၏။

ထိုစဉ်က နေထိုင်ကြသူ တရုတ်အမျိုးသားများမှာ ဖူ
ကျန့်(အကျီရှည်)နှင့်ကွမ်တုံ(အကျီတို)များ ဖြစ်ကြသည်။

ဒေသခံမြန်မာတို့က ဖူကျန့်နှင့်ကွမ်တုံပြည်နယ်သားများ
အား ဝတ်စားဆင်ယင်ပုံကိုလိုက်၍ ခေါ်ဆိုကြခြင်းဖြစ်သည်။

တရုတ်လူမျိုးများသည် ရွက်သင်္ဘောများဖြင့် ရန်ကုန်သို့
ရောက်ရှိလာခဲ့ကြခြင်းဖြစ်ပြီး တပ်ကလေးရပ်၌ စုစည်းနေထိုင်
ကြသည်။

အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲအပြီး၁၈၂၆ ခုနှစ်တွင် ရန်
ကုန်မြို့သို့ရောက်ရှိခဲ့သည့်ဗြိတိသျှသံအမတ် ကွဖ်က ရေး(ဒ)
(ဒ)၏မှတ်တမ်းအရ ရန်ကုန်ဆိပ်ကမ်းတွင် အင်္ဂလိပ်ဘာသာ
ကားကျွမ်းကျင်စွာ ပြောဆိုနိုင်သည့်တရုတ်လူမျိုးကိုတွေ့ရှိခဲ့
သည်ဟု ဆိုပါသည်။

ဗိုလ်ချုပ်ဈေးအနီးရှိ "Cathedral Of The Holy





Trinity"ခရစ်ယာန်ဘုရားရှိခိုးကျောင်းမှာ ရှေးခေတ်အခါက တ
ရုတ်သင်္ချိုင်းတည်ရှိရာအရပ်ဖြစ်သည်။

လသာဟုသည် လသာလမ်းကိုအစွဲပြု၍ခေါ်ဆိုခဲ့ခြင်းဖြစ်
ပြီး ယင်းလသာလမ်းမှာလည်း ဗြိတိသျှကပ္ပတိန်လတ္တာ(Capt
Thomas Latter)အား ဂုဏ်ပြုမှည့်ခေါ်ထားသောအမည်ဖြစ်
သည်။

ကပ္ပတိန်လတ္တာသည် အမှတ် ၆၇၊ ဘင်္ဂလီတပ်မှ ဗိုလ်
ကြီးတစ်ဦးဖြစ်ပြီး အင်္ဂလိပ်-မြန်မာဒုတိယစစ်ပွဲဖြစ်ပွားရန် သွေး
ထိုးလှုံ့ဆော်ခဲ့သူများအနက် တစ်ဦးအပါအဝင်ဖြစ်သည်။

ရန်ကုန်မြို့ ဗြိတိသျှလက်အောက်ကျရောက်သွားပြီး
နောက် ပေတစ်ရာလမ်းကျယ်တစ်လမ်းကို လတ္တာလမ်းဟု အ
မည်ပေးခဲ့ကြသည်။

လတ္တာလမ်းကိုအစွဲပြု၍ အနီးဝန်းကျင်ဒေသကိုလည်း
လတ္တာရပ်ဟု ခေါ်ဆိုခဲ့ကြသည်။

သို့သော် ကုန်ဈေးတန်းအနီး ရှေးအခါက ရှိခဲ့ဖူးသော
အုတ်သာရပ်အမည်နှင့်တွဲဖက်၍ လသာလမ်း၊ လသာရပ်ဟူ
သောအမည်သည် တစ်စစတွင်ကျယ်လာခဲ့သည်။

ဒေါက်တာမင်းထင်ကျော်လိုက်လံရှာဖွေနေသူမှာ ဂုဏ်
သရေရှိသည့်သူကြီးလူကောင်းတစ်ယောက်တော့ မဟုတ်ပါချေ။

မျက်မမြင်သူတောင်းစားတစ်ဦးဖြစ်သူ 'ကာလု'ဆိုသူပင်
ဖြစ်သည်။ ကာလု၏အမည်အပြည့်အစုံမှာ 'ဒီဗွစကျွူကားပုံ'ပင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေသည်။

ဒိဗ္ဗစက္ခုဟု ဝိသေသတပ်ထားခြင်းမှာ ၎င်းသည် မျက်စိ မမြင်ရစေကာမူ သူမသိသောအကြောင်းအရာမရှိသလောက် နှံ့စပ်မှုရှိသောကြောင့်ဖြစ်သည်။

သူ စတည်းချသောနေရာမှာ ကွမ်ယင်မယ်တော် ကျောင်းတစ်ဝိုက်နှင့် ကောင်းတုံကွမ်ယင်ဘုရားကျောင်းတစ်ဝိုက် ၌ ဖြစ်သည်။

ထိုဘုရားကျောင်းနှစ်ချောင်းစလုံးမှာ လသာတရုတ် တန်းတစ်ဝိုက်မှာပင်ရှိသောကြောင့် ဒေါက်တာမင်းထင်ကျော် ထိုနေရာတစ်ဝိုက်သို့လာခဲ့ခြင်းဖြစ်ပေသည်။

ညနေပိုင်းအချိန်ဖြစ်သောကြောင့် ဒါလဟိုဇီလမ်းမကြီး တစ်လျှောက်တွင် လမ်းသွားလမ်းလာများ၊ အစားအသောက် ရောင်းသောဆိုင်များဖြင့် အထူးပင်စည်ကားလျက်ရှိလေသည်။

ဈေးသည်များက လမ်းဘေးပလက်ဖောင်းပေါ်တွင် မျက်နှာချင်းဆိုင်ရောင်းချကြရာ အလယ်၌လူတစ်ယောက်နှင့် ယောက်သွားသာရုံသာ ကျန်တော့သည်။

ထိုအချိန်က မော်တော်ကားအသွားအလာမရှိသ လောက်နည်းသောကြောင့် အချို့လည်း လမ်းမပေါ်မှာပင် ဈေး ဆိုင်ဖွင့်ကာ ရောင်းချကြသည်။

ထိုနေရာတစ်ဝိုက်တွင် ရောင်းချသောအစားအသောက် များမှာ တရုတ်အစားအစာများဖြစ်သောခေါက်ဆွဲ၊ ဆီချက်





ခေါက်ဆွဲဆိုင်တို့သာများလေရာ လာရောက်စားသောက်ကြသူ များစုမှာ တရုတ်လူမျိုးတို့သာများလေသည်။

ဒေါက်တာမင်းထင်ကျော်သည် လမ်းမပေါ်မှလျှောက် လာရင်း မဟာဗန္ဓုလလမ်း(ဒါလဟိုဇီလမ်း)ပေါ်မှာရှိသော ကောင်းတုံ ကွမ်ယင်ဘုရားကျောင်းရှိရာဘက်သို့ရောက်လာလေ သည်။

ကောင်းတုံကွမ်ယင်ဘုရားကျောင်းမှာ လသာလမ်းနှင့် လမ်း ၂၀ ကြား ဒါလဟိုဇီလမ်းပေါ်၌ပင်ရှိလေသည်။

၁၈၂၄ ခုနှစ်မတိုင်မီ အင်္ဂလိပ်-မြန်မာပထမစစ်ပွဲမဖြစ်မီ ကပင် ထိုနေရာတွင် သစ်သားအဆောက်အအုံလေးအဖြစ်နှင့် တည်ရှိနေခဲ့သောကျောင်းဖြစ်သည်။

၁၈၇၈ ခုနှစ်နောက်ပိုင်း ရောက်တော့မှထပ်မံမွမ်းမံပြင် ဆင်ခဲ့ကြခြင်းဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က ထိုဘုရားကျောင်းအနီး တဝိုက်ဝန်းကျင်တစ်ဝိုက်သို့လိုက်လံကြည့်သော်လည်း ဒိဗ္ဗစက္ခုကာ သူ၏အရိပ်အယောင်ကိုမျှ မတွေ့ရပေ။

ဒီနေရာမှာမရှိလျှင်တော့ ကမ်းနားလမ်းဘက်၌ရှိသော ကွမ်ယင်မယ်တော်ကျောင်းတစ်ဝိုက်၌ ရှိမည်ဟု ယူဆမိသော ကြောင့် ၁၈ လမ်း(ရေနံတန်း)မှ ကမ်းနား ဘက်သို့ဖြတ်ဆင်းလာ ခဲ့သည်။

ထိုလမ်းတစ်ဝိုက်မှာတော့ လူမရှုပ်ဘဲရှင်းနေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းဘလောက်တစ်ခုကိုဖြတ်ဆင်းလာပြီးနောက် ကမ်းနားလမ်းဘက်သို့ရောက်လာသည်။

ထိုလမ်းဘက်ရောက်တော့ အပေါ်ဘက် ဒါလဟိုဒီလမ်းပေါ်လောက် လူမရှုပ်တော့ပေ။

မြစ်ဝကျွန်းပေါ်သွားမည့်သင်္ဘောများ ထွက်ခွာသွားချိန်ဖြစ်သဖြင့် လူမရှုပ်တော့ဘဲ ရှင်းနေပေပြီ။

ကွမ်ယင်မယ်တော်ကျောင်းမှာ ၁၈ လမ်းနှင့်စဉ့်အိုးတန်းကြား ကမ်းနားလမ်းပေါ်၌ရှိသည်။

ကွမ်ယင်မယ်တော်ကျောင်းမှာ လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက ထိုနေရာ၌တည်ရှိနေခဲ့ပြီး ယခင်က တရုတ်ပြည်မှလာသောကုန်တင်သင်္ဘောများစုဝေးရာနေရာ ဖြစ်သည်။

၁၈၆၁ ခုနှစ်တွင် ထိုနေရာ၌ ဘုရားကျောင်းဆောင်တစ်ဆောင်ဆောက်ရာ ၁၈၆၄ ခုနှစ်ရောက်မှ အပြီးသတ်ခဲ့လေသည်။

ကောင်းတုံကွမ်ယင်မယ်တော်ကျောင်းက ၁၈၂၄ ခုနှစ်ကတည်းကရှိနေရာ နှစ် ၃၀ ကျော်ခန့်နောက်ကျပြီးမှပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

နောက်ပိုင်းမှာ ကွမ်ယင်မယ်တော်ကျောင်းမှာ သစ်သားဖြင့် ဆောက်လုပ်ထားခြင်းဖြစ်သောကြောင့် ဟောင်းနွမ်းပြိုပျက်လာရာ ကျန်းချင်းဖုန်းနှင့်ကောင်းဝမ့်ပန်းဆိုသူနှစ်ဦးက ကိုယ်ပိုင်စားရိတ်ဖြင့် နယ်လှည့်အလှူခံကာ ၁၈၉၇ ခု နိုဝင်ဘာ လ(၆)ရက်နေ့တွင် ပြန်လည်အုတ်မြစ်ချကာ တည်ဆောက်ခဲ့ကြခြင်းဖြစ်၏။



ထိုကျောင်းကိုဆောက်လုပ်ရန်အတွက် လိုအပ်သောအဆောက်အဦးများကို တရုတ်ပြည်မှမှာယူခဲ့ရာ ဟိုဖုန်းသင်္ဘောကုမ္ပဏီနှင့်ဗုာစန်းသင်္ဘောကုမ္ပဏီတို့မှ အခမဲ့သယ်ယူပေးခဲ့ကြလေသည်။

ထိုကျောင်းကိုဆောက်လုပ်ရာတွင် တရုတ်ပြည်မှဗိသုကာဆရာကြီး'ရှိုစွေဖန်'က ဖူကျန်ပြည်နယ် ဟိုင်တိန်ခရိုင် ရှာယန်အေသမှတာရှိယဲ့ကျောင်းဆောင်ပုံစံအတိုင်းရေးဆွဲကာ ဆောက်လုပ်ပေးခဲ့လေသည်။

ထို့ကြောင့် ရန်ကုန်မြို့၌ရှိသောတရုတ်ဘုရားကျောင်းများအနက် ရှေးအကျဆုံးနှင့် တရုတ်ပြည်ဒီဇိုင်းအဆန်ဆုံးကျောင်းဆောင်ကိုပြပါဆိုလျှင် ကမ်းနားလမ်းမှာရှိသောကွမ်ယင်မယ်တော်ကျောင်းကိုပင် ညွှန်ပြရမည်ဖြစ်သည်။

ထိုကျောင်းကို ၁၉၂၅ ခုနှစ်တွင် အကြီးစားပြင်ဆင်မှုများပြုလုပ်ခဲ့ကြလေသည်။

ဒေါက်တာမင်းထင်ကျော်သည် တဖြည်းဖြည်းနှင့်လျှောက်လာရာ ကွမ်ယင်မယ်တော်ကျောင်းရှိရာနှင့်မနီးမဝေးသို့ရောက်လာလေတော့သည်။

ထိုနေရာရောက်တော့ နေဝင်ကာနီးအချိန်ရောက်နေပြီဖြစ်သဖြင့် ရန်ကုန်မြစ်အတွင်းမှာ ဆည်းဆာရောင်များကျဆင်း

www.burmeseclassic.com



နေသည်။

မြစ်ထဲတွင်ရပ်ထားသောသင်္ဘောများနှင့် ကမာကဆ ဘက်သို့ကူးသွားသောလှေနှင့်သမ္ဗန်ငယ်ကလေးများကိုလည် လှမ်းမြင်နေရသည်။

သင်္ဘောများထွက်ချိန်မဟုတ်သဖြင့် ဆိပ်ကမ်းဘက်မှာ တော့ လူသွားလူလာရှင်းလင်းနေသည်။

သူသည် ဘုရားကျောင်းတစ်ဝိုက်သို့လိုက်လံရှာဖွေရာ ဘုရားကျောင်းအုတ်နံရံဘေးမှာထိုင်လျှက် ဘိန်းပြောင်းတ လက်ဖြင့် ဇိမ်ကျနေသောကာလုကိုတွေ့ရသဖြင့် ထိုနေရာသို လျှောက်သွားသည်။

ကာလုသည် အသက် ၅၀ ကျော်အရွယ်ခန့်သာရှိသေ သော်လည်း မျက်စိမမြင်ရခြင်းနှင့်ဆံပင်မွေး မုတ်ဆိတ်မွေး နှုတ် ခမ်းမွေးအရှည်များ ရှည်နေခြင်းကြောင့် ရုပ်မှာ သာမန်ထက် အိုမင်းရင့်ရော်လျှက်ရှိနေသည်။

သူ့နံဘေးမှာ အဝတ်ဟောင်းများနှင့်တိုလီမိုလီပစ္စည် များ စုထည့်ထားသောလွယ်အိတ်ကြီးတစ်လုံး၊ တောင်ဝှေးတစ် ချောင်းနှင့် ဟောင်းနွမ်းလှပြီဖြစ်သောဒန်ဖလားတစ်လုံးချထား သည်။

ဒန်ဖလားမှာ ချေးအထပ်ထပ်တက်ကာ အပိန်ပိန် အ လိမ်လိမ်ဖြစ်နေသည်။

ဒေါက်တာမင်းထင်ကျော်က ထိုနေရာမှာရပ်လိုက်သော





အခါ ကာလုက ဘိန်းပြောင်းရှူနေခြင်းကို ခဏရပ်ပြီး နားစွင့် လိုက်သည်။

ဒေါက်တာမင်းထင်ကျော်က အိတ်ထဲမှာအသင့်ပါလာ သောငွေတစ်ပြားကိုထုတ်ပြီး ချထားသောဒန်ခွက်ထဲသို့အသံ မြည်အောင် ပစ်ချလိုက်သည်။

"ဒေါင်. . . ဂျလောင်"

ကာလုက နားစွင့်ကြည့်သည်။

"ဒ်၊. . . ပိုက်ဆံတောင်းတဲ့အချိန်မဟုတ်ဘူး၊ ဘိန်းရှူ နေတဲ့အချိန်ရောက်နေပြီ"

"မေးစရာရှိလို့ ပေးတာပါ"

"မေးစရာရှိလို့ပေးရင် ဒီလောက်နဲ့မရဘူး"

ထို့ကြောင့် ငွေပြားအချို့ထည့်ထည့်ပေးလိုက်သည်။

"ဒေါင်. . . ဂျလောင်"

ထိုကဲ့သို့ ငွေဒင်္ဂါးသုံးပြားခန့်ထည့်ပြီးသောအခါ ကာလုက ခွက်ထဲမှာရှိနေသောငွေဒင်္ဂါးများကို လက်ဖြင့်စမ်းကြည့်ပြီး သူ့အိမ် ထဲသို့ထည့်လိုက်လေသည်။

"ဘာမေးမှာလဲ"

"မီးလောင်စေတဲ့အဆိပ်ကို သိသလား"

"အဂ္ဂိမုခအဆိပ်လို့ခေါ်တယ်"

"ဒီအဆိပ်မျိုးက ဘယ်နေရာကရနိုင်သလဲ"

"အဲဒီအဆိပ်မျိုးကို လောင်မီးကျလျက် မုခစက်လို့ ခေါ်



www.burmeseclassic.com

www.burmeseclassic.com



ကြတယ်၊ မုခကောင်ကိုယ်က အလိုလိုစိမ့်ထွက်နေတဲ့အဆိပ်ရေ မျိုးပဲ"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်တ များစွာ ကျေနပ်သွားလေသည်။

ထို့ကြောင့် နောက်ထပ်ငွေဒီါးတစ်ပြားထပ်ထည့်ပေး လိုက်ပြန်သည်။

ကာလုက ကောက်ယူလိုက်လေသည်။

"ဒီအဆိပ်မျိုးက ဘယ်လိုအစွမ်းသတ္တိမျိုးရှိသလဲ"

"ဒီအဆိပ်က အတော်ထူးဆန်းတယ်. . . လူကိုယ်ပေါ် မှာဖြစ်ဖြစ် အရာဝတ္ထုတစ်ခုမှာပဲဖြစ်ဖြစ်ထိထားပြီးရင် နေရောင် ခြည်နဲ့ထိလိုက်တာနဲ့တစ်ကိုယ်လုံး မီးလောင်ကျွမ်းပြီးသေတာမျိုး ပဲ"

"မုခကောင်ကို ဘယ်နေရာမှာရှာရမလဲ"

"အဲဒါတော့ ငါမသိတော့ဘူး. . . ဆရာတစ်ဆူပေတ လူကိုတွေ့အောင်ရှာပြီး မေးရင် သိနိုင်တယ်"

"ပေတလူကို ဘယ်နေရာမှာရှာရမလဲ"

"သူက တစ္ဆေတွေနဲ့အတူနေတဲ့သူဆိုတော့ တစ္ဆေပေါ တဲ့နေရာမှာလိုက်ရှာကြည့်ရင် တွေ့မှာပါ"

"ဒါပဲပြောပြီး ဒီဗွစကျွကာလုဆိုသောသူတောင်းစားကြီး က နံဘေးမှာချထားသောဘိန်းပြောင်းကိုပြန်ကောက်ယူပြီး ရှ နေရာ ဆက်မေးလည်း ဘာမှပြန်မပြောတော့မှန်းသိသဖြင့်





ဒေါက်တာမင်းထင်ကျော်လည်း ထိုနေရာမှပြန်ထွက်ခဲ့လေသည်။

မြစ်အတွင်းမှာတော့ အမှောင်ရိပ်များ သမ်းစပြုနေချေ ပြီ။

ဿဿဿ



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၀)
## လောင်မီးကျွလျက်မှခံစက်

ဒေါက်တာမင်းထင်ကျော်အတွက် တရွေပေါသော
ရာကိုရှာဖွေရတာ မခက်ခဲလှပေ။ ထိုနေရာမှာ အခြားမဟုတ်
ပေ။

ရန်ကုန်မြို့တစ်ဝိုက်မှာရှိသော သုသာန်များကိုလှည့်
လည်ရှာဖွေရန်ပင် ဖြစ်သည်။

ထိုနေရာများသို့သွားရာမှာတော့ ဦးဗန်ကောင်းနှင့်အတူ
သွားလေသည်။ ထို့ပြင် နေ့အချိန်မသွားဘဲ ညအချိန်ရောက်
သွားကြလေသည်။

ညဦးပိုင်းအချိန်ရောက်သည်နှင့်ဦးစွာ ကြံတောသချိုင်း



အရင်သွားကြသည်။

ထိုအချိန်မှာ ကြံတောသချိုင်း၌ ဒေါက်တာမင်းထင်
ကျော်နှင့်သိကျွမ်းသောသုဘရာဇာသုံးယောက်ရှိကြသည်။

'မှန်ကင်းစံ'ဟု ခေါ်သည့် ဦးဘမှန်၊ ဦးဘကင်း၊ ဦးဘစံ
တို့သုံးယောက်ပင် ဖြစ်သည်။

"မောင်ထင်ကျော်. . . အချိန်မတော်မှ ဘယ်လိုအ
ကြောင်းရှိလို့ရောက်လာတာလဲ. . . ကျုပ်တို့ ဘာအကူအညီ
ပေးရမလဲ"

တွေ့သည်နှင့်ဦးဘမှန်က မေးသည်။

"တခြားအကူအညီတော့ အခုလောလောဆယ် မလို
သေးပါဘူး"

ထိုစကားကြားတော့ ဦးဘမှန်က သဘောကျစွာ ပြုံး
လိုက်သည်။

"သုဘရာဇာတွေရဲ့အကူအညီတော့ တယ်လည်း
ကြောက်ကြတာပဲကိုး"

"ကျွန်တော်ကတော့ ဒီသဘောမျိုးမရှိပါဘူး၊ သေချင်တဲ့
အချိန်သေ မသေခင်လုပ်ချင်တာလုပ်နေဖို့ပါပဲ၊ အခုလာတာ
မေးစရာရှိလို့ပါ"

"မေးလေ"

"ဆရာတစ်ဆူ ပေတလူကို ဘယ်သချိုင်းမှာရှာရမလဲ"

"တလောကတောင် ဒီသချိုင်းရောက်လာသေးတယ်၊

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုတွေ့ချင်ရင် တာမွေသုသာန်က တာတေတို့ကိုမေးကြည့်
သိနိုင်မယ်"

ဟု ပြောသဖြင့် မှန်ကင်းစံတို့သုံးယောက်ကိုနှုတ်ဆက်
ကြံတောသချိုင်းမှပြန်ထွက်ခဲ့ကြလေသည်။

ထို့နောက် တာမွေသချိုင်းသို့ဆက်သွားကြသည်။

အချိန်က ညဦးပိုင်းအချိန်ပင်ရှိသေးသော်လည်း ပ
ဝန်းကျင်တစ်ပိုက်မှာမှောင်နေပေပြီ။

လမ်းများပေါ်မှာထွန်းထားသောမီးရောင်တို့ကလည်
မှိန်ပျပျသာရှိသည်။

ရွှေဂုံတိုင်ကွေ့နားရောက်တော့ လမ်းမပေါ်မှာရပ်
သောလူတစ်ယောက်ကိုလှမ်းမြင်ရသဖြင့် ဒေါက်တာမင်းထ
ကျော်က ကားအရှိန်ကိုလျှော့ချပေးလိုက်သည်။

ရွှေဂုံတိုင်(ယခင် ရွှေစုံတိုင်)နှင့်ငါးထပ်ကြီးဘုရား
မှာ လူနေအိမ်ခြေမရှိဘဲ သစ်ပင်များနှင့်ချုံနွယ်ပိတ်ပေါင်း
သာ ရှိသည်။

လူသွားလူလာကလည်း မတွေ့ရသလောက်နည်းသည်

ဒေါက်တာမင်းထင်ကျော်က ကားမီးရောင်ကိုမပိတ်
လမ်းမပေါ်မှာရပ်နေသောလူနှင့်မနီးမဝေး၌ ကားကိုရပ်လို
သည်။

"ရှေ့မှာရပ်နေတာ ဦးရွှေကြူ မဟုတ်လား"

နံဘေးမှာထိုင်နေသောဦးဗန်ကောင်းက လေသံတိုး





ဖြင့်ပြောလိုက်သည်။

ထိုအခါမှ ဒေါက်တာမင်းထင်ကျော်က မီးရောင်ဖြင့်
အသေအချာကြည့်လိုက်သည်။

မျက်နှာကိုသဲသဲကွဲကွဲမမြင်ရသော်လည်း ပါလီမန်အ
တော်ဦးရွှေကြူ၏ပုံပန်းသဏ္ဍာန်နှင့်တော့ အတော်တူသည်။

"ဦးရွှေကြူ မဟုတ်လား"

ဦးဗန်ကောင်းက လှမ်းမေးလိုက်သည်။

"ဟုတ်ပါတယ်"

အသံလေးလေးဖြင့် ပြန်ဖြေသည်။

"ရက်လည်ဆွမ်းသွပ်တဲ့နေ့က အမျှမရလိုက်ဘူးလား"

"ကျုပ် တစ်နေရာရောက်နေလို့ မကြားလိုက်ရဘူး"

"အခု ဘယ်ဘဝရောက်နေတာလဲ"

"ပြိတ္တာဘုံဘဝမှာပဲ ရှိနေပါသေးတယ်"

"ကျုပ်တို့ကိစ္စတွေပြီးရင် ခင်ဗျားအတွက် ကုသိုလ်
ကောင်းမှုလုပ်ပြီး အမျှဝေပေးပါ့မယ်၊ အခု ဘာလုပ်ချင်လို့လဲ"

"ခရီးကြုံလိုက်ခဲ့ချင်လို့ပါ"

"ခင်ဗျားက ဘယ်မှာနေတာလဲ"

"တာမွေသုသာန်မှာပါ"

ဒီတော့မှ ဦးရွှေကြူအလောင်းကို တာမွေသုသာန်မှာ
သင်္ဂြိုဟ်ခဲ့ကြသည်ကိုသတိရကြလေသည်။

"ကျုပ်တို့လည်း တာမွေသုသာန်သွားမှာပဲ. . . လိုက်



www.burmeseclassic.com

www.burmeseclassic.com



ချင်သပဆိုလည်း လိုက်လာခဲ့ဗျာ"

ဟုပြောလိုက်သည်နှင့်ကားရှေ့ဘက် စက်ဖုံးပေါ်သို့ ရောက်လာလေသည်။

ထိုသို့နိုးလာသောအခါ ၎င်းကိုယ်မှထွက်နေသော လောင်ညှော်နံ့များက စူးစူးဝါးဝါးဝင်လာလေသည်။

"ခင်ဗျား စက်ဖုံးပေါ်က လိုက်ရင် ဘာမှမြင်ရမှာမဟုတ် ဘူး၊ ဒီတော့လိုက်ချင်ရင် နောက်အခန်းကလိုက်ခဲ့ဗျာ"

ဟု ထပ်ပြောလိုက်တော့မှ စက်ဖုံးပေါ်မှပျောက်သွား ကားအနောက်ဘက်မှနိမ့်ကနဲ ဖြစ်သွားသည်ကိုသိလိုက်ကြ သည်။

ထို့နောက် ဒေါက်တာမင်းထင်ကျော်က တာမွေသုသာန် ရှိရာသို့ ဆက်မောင်းလာခဲ့လေသည်။

"အံ့သြစရာပဲ"

"ဘာများ အံ့သြစရာရှိသလဲ မောင်ထင်ကျော်ရယ်၊ ဆယ့်တစ်ဘုံမှာ လူ့ဘုံက တစ်ဘုံပဲရှိတာပဲ၊ ကျန်တဲ့ဘုံတွေ ဝိညာဉ်လောကနဲ့သက်ဆိုင်တာဆိုတော့ ဒီလိုပဲတွေ့ရကြုံရ မထူးဆန်းလှပါဘူး"

"ဝိညာဉ်ဘဝရောက်နေတဲ့သူတွေအတွက်ကတော့ တော့်ကိုသနားစရာကောင်းတာပဲ"

"မှန်တာပေါ့. . . လူတွေဆိုက ကုသိုလ်ကောင်းမှု ချင်း ဝိညာဉ်လောကမှာပဲနေကြရတယ်၊ ကုသိုလ်ကောင်းမှု





နေရင်လည်း ကြုံကြိုက်မှရကြတာဆိုတော့ ဝိညာဉ်လောက သားတွေ အများကြီးရှိနေကြတာ မထူးဆန်းတော့ပါဘူး"

စကားတပြောပြောနှင့်ဆက်မောင်းလာကြရာ တာမွေ ချိုင်းဝင်ပေါက်ဝသို့ရောက်သဖြင့် ထိုနေရာနှင့်မနီးမဝေးတွင် ကားကိုရပ်လိုက်သည်။

ထိုအခါ ကားပေါ်မှဆင်းပြီး သုသာန်ထဲသို့ဝင်သွား သောပုံရိပ်သဏ္ဍာန်တစ်ခုကို ဝိုးတဝါးလှမ်းမြင်လိုက်ရသည်။

ထို့နောက် ကားပေါ်မှဆင်းပြီး သုသာန်ပေါက်မှအတွင်း သို့ဝင်လာကြသည်။

မီးရောင်က ခပ်မှိန်မှိန်သာရှိသဖြင့် သချိုင်းတစ်ခုလုံး အမှောင်ထုဖုံးနေသော်လည်း အုတ်ဂူများနှင့်အရာဝတ္ထုများကို တော့ မြင်နေရသည်။

ဒေါက်တာမင်းထင်ကျော်က ချက်ချင်းမဝင်သေးဘဲ အခြေအနေကို အကဲခတ်ကြည့်လိုက်သည်။ အခြေအနေက မ ထူးခြားပေ။

သချိုင်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

မီးရောင်ဖြင့်ထိုးကြည့်တော့ ဇရပ်နားမှာရပ်ထားသော သူသေအလောင်းသယ်သည့် ဇီရိုလှည်းတစ်စင်းရပ်ထားသည်ကို လှမ်းမြင်ရသည်။

ထို့ကြောင့် ရှေ့သို့လျှောက်လာစဉ် တစ်နေရာရောက် တော့ အုတ်ဂူတစ်ဂူနံဘေးမှဒယိမ်းဒယိုင်ဖြင့် လူတစ်ယောက်ထ



www.burmeseclassic.com

www.burmeseclassic.com



လာသည်။

လက်ထဲမှာလည်း မြေတူးသောဂေါ်ပြားတစ်လက်

ထားသည်။

အင်္ကျီနှင့်လုံချည်ကို ဘိုသီဘတ်သီဝတ်ထားပြီး အရ

မူးနေဟန်လည်းရှိသည်။

"ဘာကိစ္စရှိလို့ ကျုပ်ပိုင်တဲ့သုသာန်ထဲကိုခွင့်မတောင်း

ဝင်လာတာလဲ"

လှျာလေးအာလေးအသံဖြင့် မေးသည်။

"မင်းက ဘယ်သူလဲ"

"ကျုပ်က ဒီသုသာန်က သုဘရာဇာတာတေပဲ. . .

သုသာန်မှာရှိတဲ့တစ္ဆေအားလုံး ကျုပ်ကိုသိကြတယ်"

"ငါတို့က တစ္ဆေဘဝမရောက်သေးလို့ မင်းကိုမသိ

တာ ခွင့်လွှတ်ပေးပါကွာ"

"ခင်ဗျားတို့က ဘယ်သူတွေလဲ. . . ညအချိန်မ

ကြီး အလောင်းခိုးဖော်ဖို့လာကြတာလား၊ ဒါမျိုးတော့ မရ

နော်"

တာတေက လေသံမာမာဖြင့်ပြောသည်။

"မင်းပြောသလို မဟုတ်ပါဘူးကွာ. . . ငါတို့က လူ

ယောက်တွေ့ချင်လို့လာကြတာပါ"

"ဒီသုသာန်ထဲမှာ အသက်ရှိတဲ့လူဆိုလို့ ကျုပ်

ယောက်ပဲရှိတယ်၊ ခင်ဗျားတို့က ဘယ်သူနဲ့တွေ့ချင်တာလဲ"



"ဆရာတစ်ဆူ ပေတလူ"

ဒေါက်တာမင်းထင်ကျော်ကလေသံတိုးတိုးဖြင့် ပြော

လိုက်ရာ တာတေ အသံငြိမ်ကျသွားသည်။

အတန်ကြာတော့မှ. . . .

"ခင်ဗျားတို့က ပုလိပ်တွေလား"

ဟု ပြန်မေးသည်။

"ငါတို့က ပုလိပ်တွေမဟုတ်ပါဘူး. . . ပေတလူနဲ့မ

တွေ့ရခင် မင်းနဲ့စကားပြောချင်တာလေးတွေရှိ သေးတယ်"

ဟုပြောကာ အသင့်ယူလာသောအကောင်းစားအရက်

ပုလင်းနှင့် ငွေအချို့ကိုပေးလိုက်ရာ ချက်ချင်းဆိုသလို တာတေ

အမူအယာပြောင်းသွားလေတော့သည်။

"ဒါဖြင့် ဟိုဘက်နားက အုတ်ဂူတွေနံဘေးမှာသွားပြီး

ပြောကြတာပေါ့"

ဟု ခေါ်သွားသဖြင့် နှစ်ယောက်သားလိုက်သွားကြ

သည်။

ထိုနေရာတွင် အသစ်ပြုလုပ်ထားသောအုတ်ဂူတစ်လုံးရှိ

ပြီး ထိုအုတ်ဂူပေါ်မှာပင် ထိုင်ကြသည်။

"ဒီအုတ်ဂူက ဟိုတစ်လောကမှ အသစ်လုပ်ပေးရတဲ့

အုတ်ဂူလေ"

"ဘယ်သူ့အုတ်ဂူလဲ"

"ပါလီမန်အမတ်ဦးရွှေကြူရဲ့အုတ်ဂူလေ. . . ပါလီမန်

www.burmeseclassic.com

www.burmeseclassic.com



အမတ်ပဲဖြစ်ဖြစ် ဝန်ကြီးပဲဖြစ်ဖြစ် သေသွားရင် ဘာမှတန်ဖိုး တော့ဘူး၊ တစ်နေ့ကျရင် သုဘရာဇာတွေလက်အောက် ရောက်ကျရတာချည်းပါပဲဗျာ"

ဟု ပြောလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ တိုက်တိုက်ဆိုင်ဆိုင် ဦးရွှေကြူ၏အုတ်ဂူပေါ်သို့ရောက်နေရပုံကို စဉ်းစားနေသည်

"ငါ မင်းကိုမေးချင်တာ တခြားတော့ မဟုတ်ပါဘူး... ငါတို့မလာခင် တစ်လလောက်အချိန်အတွင်းမှာ ပေတလူကို ရှာတဲ့လူရှိသလား"

တာတေက လက်ထဲမှာရှိနေသောဆေးပေါ့လိပ်တို မီးညှိပြီး တစ်ဖွာ နှစ်ဖွာ ဖွာရင်း စဉ်းစားနေပြီးမှ....

"သုသာန်ဆိုတော့လည်း နေ့စဉ်လို လူဝင်လူထွက် အများသားဗျ... ဒါပေမယ့် ပေတလူကို တကူးတကလာ တဲ့သူတော့ မရှိသလောက်ပါပဲ၊ အဲ... နေဦး လွန်ခဲ့တဲ့တစ် လောက်က လူနှစ်ယောက် သူ့ဆီလာတာတွေ့လိုက်တယ်"

ဟု ပြောသည်။

"မင်း သူတို့နှစ်ယောက်ကိုတွေ့လိုက်သလား... ဘယ်လိုပုံပန်းသဏ္ဌာန်တွေလဲ"

ဒေါက်တာမင်းထင်ကျော်က စိတ်အားထက်သန်စွာ မေးလိုက်သည်။

"သေသေချာချာတော့ မမှတ်မိလိုက်ဘူး... ဒါ





သည့် ကုလားလူမျိုးတွေတော့ သိလိုက်တယ်"

ဟုပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က လေးလေး နက်နက် စဉ်းစားနေလေသည်။ ပြီးမှ....

"မင်း သူ့အကြောင်းတွေ ဘယ်လောက်သိသလဲ"

"သိပ်တော့မသိဘူးဗျ... သူက သုသာန်တွေမှာပဲ အညှိနေရင်းနဲ့ဒီသုသာန်ရောက်လာလို့သိနေတာပါ"

"ဒီလောက်ပြောပြပေးတာ ကျေးဇူးတင်ပါတယ်ကွာ ... ဒါထက် မင်းကို မေးစရာတစ်ခုကျန်နေသေးတယ်"

"မေးပါဗျာ... သိတာတော့ ပြောပြပါ့မယ်"

"ဦးရွှေကြူသေတဲ့နေ့က အလောင်းသယ်ဖို့ မင်းကိုလာ ခေါ်တာ ဘယ်သူလဲ"

"သေသေချာချာတော့ မမှတ်မိတော့ဘူး... သူက သူတစ်ယောက်ကိုလွှတ်ပြီး ခေါ်ခိုင်းလို့လိုက်သွားခဲ့တာ၊ ဟို ရောက်တော့ အလောင်းကို သူ့အိမ်ပို့ပေးဖို့ စီစဉ်တာကတော့ ကုလားတစ်ယောက်ပဲ"

ဟု တာတေက သူသိသမျှ မှတ်မိသမျှကိုပြန်ပြောပြ လေသည်။

ဒေါက်တာမင်းထင်ကျော်က သူသိချင်သောအချက်အ လက်ကိုထပ်မေးပြီးမှ....

"ပေတလူ ဘယ်မှာရှိသလဲ"

ဟု မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အသုဘာသယ်တဲ့ဗီရိုလှည်းထဲမှာ ဝင်အိပ်နေတယ်"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်တို့လည်း တ
တေကိုထားခဲ့ပြီး အုတ်ဂူများကြားမှဖြတ်လျှောက်လာကြသည်။

ဗီရိုလှည်းထားသောနေရာမှာ သုသာန်ဝင်ပေါက်ဝနှ
မနီးမဝေးမှာရှိသောသစ်ပင်အောက်၌ ရပ်ထားလေသည်။

ထိုနေရာရောက်သောအခါ အတွင်းသို့မီးရောင်ဖြင့်ထိုး
ကြည့်လိုက်ရာ လူသေတင်သောနေရာ၌ လူတစ်ယောက်အိပ်နေ
သည်ကိုတွေ့ရသည်။

သူတို့ဘက်သို့ ခြေထောက်ပေးထားသောကြောင့် မျက်
နှာတော့မမြင်ရပေ။

ဒေါက်တာမင်းထင်ကျော်က အသံကျယ်ကျယ်ဖြင့် နှိုး
လိုက်သောအခါ ထလာသည်။

အသက်အရွယ်ကြီးလှပြီဖြစ်သောလူတစ်ယောက် ထ
လာသည်။

မျက်နှာကို လက်နှိပ်မီးရောင်ဖြင့်ထိုးကြည့်တော့ လက်
ဖြင့် ကာထားသည်။

"ဘယ်သူတွေလဲကွ. . . အချိန်မတော်ကြီးမှ ငါ့အိပ်
နေတာကိုလာနှောက်ယှက်တာ"

ဟု အသံကျယ်ကျယ်ဖြင့်ပြောလိုက်သည်။

"ပေတလူဆိုတာ ခင်ဗျားလား"

"ငါက ဆရာတစ်ဆူပေတလူပဲ"





"ကျွန်တော်တို့က ခင်ဗျားနဲ့တွေ့ချင်လို့လာခဲ့တာပါ"

ဟုပြောသောအခါ မကျေမနပ်ဖြင့် ပြောဆိုရေရွတ်ရင်း
နှင်းအပြင်သို့ထွက်လာသည်။

ဆံပင်မွေးများက မျက်နှာပေါ်သို့ဖရိုဖရဲကျနေသည်။
နှုတ်ခမ်းမွေးရှည်များကလည်း ဖြူနေပြီး ပါးစပ်ပေါက်
ပိတ်နေလေသည်။ အဝတ်အစားများကလည်း ဟောင်းနွမ်းကာ
ရဲ ဝတ်ဆင်ထားသည်။

အသက်အရွယ်အားဖြင့် ၆၀ ကျော်အရွယ်ခန့်ရှိနေပေ

"မင်းတို့က ဘယ်သူတွေလဲ"

"ခင်ဗျားကိုတွေ့ချင်တဲ့သူတွေပါပဲ"

"ဘာကိစ္စရှိလို့လဲ"

"မေးစရာရှိလို့ပါ"

"ငါ ဒီမှာရှိနေတာ ဘယ်သူပြောတာလဲ"

"ကြံတောက မှန်ကင်းစံကပြောလိုက်တာပါ. . . ကျွန်
တော်တို့က မှန်ကင်းစံတို့သုံးယောက်ရဲ့မိတ်ဆွေတွေပါ"

"ဘာမေးမှာလဲ"

"ခင်ဗျားဆီကို တလောကလာတဲ့ကုလားနှစ်ယောက်
သိပါသလား"

"မသိဘူး"

"သူတို့ ဘာအကြောင်းရှိလို့ ခင်ဗျားဆီလာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမပြောပေ။

ထို့ကြောင့် အိတ်ထဲမှာထည့်ယူလာသောငွေဒင်္ဂါးအိတ်ကိုထုတ်ယူပြီး ပေတလူလက်ထဲထည့်ပေးလိုက်သည်။

"ဒီအိတ်ထဲမှာ ငွေဒင်္ဂါး ၃၀ တိတိပါတယ်"

ပေတလူက အိတ်ထဲမှငွေဒင်္ဂါးတစ်ပြားကိုနှိုက်ယူပြီး အုတ်ဂူပေါ်သို့ပစ်ချလိုက်သည်။

တိတ်ဆိတနေချိန်မို့ အုတ်ဂူပေါ်သို့ ငွေဒင်္ဂါးကျရာမှ ပေါ်ထွက်လာသောအသံက ကျယ်လောင်စွာ ပေါ်ထွက်လာလေသည်။

"ချွင်...."

ပေတလူက ကျေနပ်သောအမူအယာဖြင့် ကျသွားသောဒင်္ဂါးပြားကိုပြန်ကောက်ယူလိုက်လေသည်။

"သူတို့လာတာ တခြားမဟုတ်ဘူး... မုခကောင်ဘယ်နေရာမှာရှိသလဲဆိုတာသိချင်လို့လာပြီး စုံစမ်းတာပဲ"

သူတောင်းစားဒိဗ္ဗကာလု ပြောလိုက်သောမုခကောင်အကြောင်းကတော့ လမ်းစပေါ်လာချေပြီ။

"မုခကောင်ဆိုတာ ဘယ်လိုမျိုးလဲ"

"မုခဆိုတာပါဠိဘာသာပဲ... အဓိပ္ပာယ်ပြန်ရင် အဆိပ်လို့ခေါ်တယ်... မုခကောင်ဆိုတာ အဆိပ်ကောင်ကိုပြောတာ"

"သူ့အဆိပ်က ဘယ်လောက်ပြင်းသလဲ"





"မုခကောင်ရဲ့ပုံသဏ္ဌာန်က ခေါင်းနဲ့အမြီးက နဂါးနဲ့တူပြီး ကိုယ်လုံးက ချေးပိုးထိုးနဲ့တူတယ်၊ သူ့ကိုယ်က အဆိပ်ရေတွေဟာ အမြဲစိမ့်ထွက်နေတယ်"

မုခကောင်ကိုပုလင်းတစ်လုံးထဲမှာထည့်ထားရင် သူ့အသိုလို အဆိပ်ရေတွေပြည့်တက်လာတယ်။

"အဆန်းပါလား"

"အကောင်အရွယ်အစားက သိပ်မကြီးဘူး... ချေးပိုးထိုးကောင်လောက်ပဲရှိတယ်၊ တစ်ကောင်လုံး အနက်ရောင်ပဲ"

"သူ့အဆိပ်က ဘယ်လောက်ပြင်းသလဲ"

"မုခကောင်ရဲ့အဆိပ်ကပြင်းလွန်းလို့ 'လောင်မီးကျွမ်းမျှက် မုခစက်'ဆိုပြီး စာဆိုထားကြတယ်၊ လူပဲဖြစ်ဖြစ် တိရစ္ဆာန်ပဲဖြစ်ဖြစ် သူ့အဆိပ်ရေ နည်းနည်းထိသွားပြီး နေရောင်ခြည်နဲ့ထိတာနဲ့တစ်ကိုယ်လုံး မီးလောင်ကျွမ်းပြီးသေတာပဲ"

ဒေါက်တာမင်းထင်ကျော်မှာ ထိုစကားကြားသောအခါ များစွာ အံ့သြသွားလေသည်။

လူသတ်မှုအတွက် ပြတ်နေသောကွင်းဆက်တစ်ခုချိတ်ဆက်မိသွားသကဲ့သို့လည်း ထင်လိုက်မိသည်။

"နေရောင်ခြည်နဲ့မထိရင်ကော ဘယ်လိုဖြစ်မလဲ"

"မုခဆိပ်က နေရောင်ခြည်နဲ့မထိမချင်း ဘာမှမဖြစ်ဘူး၊ နေရောင်ခြည်နဲ့ထိမှသာ မီးလောင်ပြီးသေတာ"

"မုခကောင် ဘယ်နေရာမှာရှိသလဲ"



www.burmeseclassic.com

www.burmeseclassic.com



ပေတလူက မပြောပေ။

ထို့ကြောင့် ငွေဒါးအချို့ ထပ်ပေးလိုက်ရသည်။

သည်တော့မှ ပြောသည်။

"တစ္ဆေဈေးမှာ ရှိတယ်"

"တစ္ဆေဈေးက ဘယ်နေရာမှာရှိသလဲ"

"တစ္ဆေဂူထဲမှာရှိတယ်. . . ဒါပေမယ့် တစ္ဆေဈေးကို ရောက်ဖို့မလွယ်ဘူး"

"ဘယ်နေရာမှာရှိတာလဲ. . . ဘယ်လိုသွားရမလဲဆိုတာသာ ပြောပြပါ"

"ရှမ်းပြည်နယ်မြောက်ပိုင်း ရွှေလီမြစ်ကမ်းနားမှာရှိတယ်၊ ကျင်ပြည်နယ်နဲ့ရှမ်းပြည်နယ်အစပ် နမ့်ခမ်းနဲ့နီးတယ်"

"ဒီလောက်သိရရင် ရပါပြီ. . . ဒါထက် ခင်ဗျားတစ္ဆေဈေးကို ရောက်ဖူးသလား"

"ရောက်ဖူးရုံ ဘယ်ကမလဲ. . . ငါက အဲဒီကလာခဲ့တာပဲ"

"မေးလက်စနဲ့မေးရဦးမယ်. . . မှုခအဆိပ်ထိပြီးရင် ဖြေဆေးမရှိဘူးလား"

"ရှိတယ်. . . အဆိပ်ထိခံထားရတဲ့လူတွေက နေရောင်ခြည်နဲ့မထိမချင်း ဘာမှမဖြစ်ဘူး. . . ဒါကြောင့် အဲဒီမှာရှိတဲ့လူတွေက နေရောင်ခြည်မထိနိုင်တဲ့ဂူထဲမှာပဲ နေကြတယ် နေရောင်ခြည်မမြင်ရတဲ့နှင်းတောတွေထဲမှာနေရင် ဘာမှမဖြစ်





ဘူး. . . တခြားတော့ ဘာမှလုပ်လို့မရဘူး"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

"ခင်ဗျားဆီလာတဲ့လူနှစ်ယောက်ရဲ့ ပုံပန်းသဏ္ဌာန်ကိုရော မှတ်မိသလား"

"ကုလားလိုဝတ်ထားတော့ ကုလားတွေပဲဖြစ်မှာပေါ့၊ ဒါပေမယ့် စကားပြောရင်တော့ ကုလားလေသံသိပ်မပါဘူး"

"အခုလိုပြောပြတာ ကျေးဇူးတင်ပါတယ်"

ဒေါက်တာမင်းထင်ကျော်ကပြောလိုက်သောအခါ ပေတလူက တွေတွေထူးထူး ဘာမှပြန်မပြောဘဲ ငွေထုပ်ကိုကိုင်ကာ မီးလှည်းပေါ်သို့ပြန်တက်သွားလေရာ နှစ်ယောက်သား တာမွေဘူတာအတွင်းမှပြန်ထွက်ခဲ့ကြလေတော့သည်။

ဿဿဿ



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၁)

## သဲလွန်စများနောက်သို့ခြေရာကောက်လေသော်

ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့နှစ်ယောက် အတွင်းဝန်ရုံးရောက်တော့ ညနေ ၅ နာရီကျော်နေပေပြီ။

ထိုနေ့က တနင်္ဂနွေနေ့ ရုံးပိတ်ရက်ဖြစ်သဖြင့် ရုံးဝန်းအတွင်း၌ လူရှင်းနေသည်။

ဂိတ်ပေါက်မှာစောင့်နေသောစန္တရီကို အကျိုးအကြောင်းပြောပြတော့ ဂိတ်တံခါးဖွင့်ပေးသည်။

ကားကို တစ်နေရာမှာရပ်ခဲ့ပြီး ရုံးဘက်သို့လျှောက်လာတော့ သူတို့ကိုစောင့်နေသောကုလားနှစ်ယောက်ကို အဆင်သင့်





တွေ့ရသည်။

ဦးရွှေကြူသေဆုံးစဉ်က တာဝန်ကျသောကုလားနှစ်ယောက်ပင်ဖြစ်သည်။

"မင်းတို့နှစ်ယောက်ရဲ့နာမည်က ဘယ်သူလဲ"

"ရာဂျစ်နဲ့ရွှေမောင်လို့ခေါ်ပါတယ် ဆရာ"

နှစ်ယောက်စလုံးမှာ အသက် ၃၀ ကျော်အခန့်သာရှိသေးသည်။

ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့နှစ်ယောက်ကို စုံထောက်အရာရှိများဟုသိထားကြသဖြင့် ကြောက်သန့်ကာ မျက်စိမျက်နှာပျက်နေကြသည်။

"ဘာမှမကြောက်နဲ့. . . မင်းတို့မှာအပြစ်မရှိရင် ဘာမှဖြစ်စေရဘူး။ မင်းတို့နှစ်ယောက် ဘယ်မှာနေသလဲ"

"ကျွန်တော်က မြို့ထဲမှာနေပါတယ်. . . သူက ရေကျော်ဘက်မှာနေပါတယ်"

ရာဂျစ်က မြို့ထဲမှာနေပြီး ရွှေမောင်က ရေကျော်ဘက်၌နေခြင်းဖြစ်သည်။

"ဦးရွှေကြူမီးလောင်သေတဲ့နေ့က မင်းတို့နှစ်ယောက်ဒီရုံးမှာဂျူတီကျတယ်နော်"

"မှန်ပါတယ်ဆရာ"

"အဲဒီနေ့က ထူးထူးခြားခြားကိစ္စတွေ ဘာရှိသလဲ. . . တစ်ခုချင်း စဉ်းစားပြီး ပြောပြပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့မေးသောအခါ ရာဂျစ်က အတော်ကြာအော
စဉ်းစားနေပြီးမှပြောသည်။

"အဲဒီနေ့က ပါလီမန်အမတ်တွေ အစည်းအဝေးရှိ
အခန်းပြင်ပေးရပါတယ်၊ အဲဒီအချိန်ရောက်မှ ရေပိုက်က
ပြတ်သွားတာနဲ့ရေပိုက်ပြင်တဲ့ကုလားနှစ်ယောက်ကို ခေါ်ပြင်ရ
တယ်"

"သူတို့ကို ဘယ်သူသွားခေါ်တာလဲ"

"ဂိတ်ပေါက်ဝမှာရှိတဲ့လံချားသမားတစ်ယောက်ကို သွ
ခေါ်ခိုင်းလိုက်လို့ သူခေါ်လာတာပါ"

"ဒီရောက်လာတော့ မင်းတို့ကို ဗမာလိုပြောသလား
လားလို့ပြောသလား"

"ဗမာလို့ပဲပြောပါတယ်"

"ဟုတ်ပြီ. . . ဆက်ပြောပါဦး"

"သူတို့ရောက်လာပြီး တစ်ယောက်က အောက်က
ပိုက်လိုင်းတွေ လိုက်စစ်ပါတယ်. . . ကျန်တစ်ယောက်ကတော
အပေါ်မှာတင်ထားတဲ့ရေတိုင်ကီတွေ တက်စစ်ပါတယ်"

"အပေါ်တက်တော့ ဘယ်သူပါသွားသေးသလဲ"

"ကျွန်တော်တို့က အောက်မှာစောင့်ပေးနေတော့ အ
ပေါ်ကိုတော့ သူတစ်ယောက်တည်းပဲ တက်သွားခဲ့တာပါ"

"အဲဒီအချိန်မှာ အစည်းအဝေးခန်းထဲမှာ ပါလီမန်အ
မတ်တွေ အစည်းအဝေးလုပ်နေပြီလား"





"လုပ်နေပြီ ဆရာ. . . သူတို့အပေါ်တက်သွားတဲ့အ
ချိန်က ပြီးတာတောင်နီးနေပါပြီ"

ဒေါက်တာမင်းထင်ကျော်က ခေါင်းတစ်ချက်ညိတ်ပြ
လိုက်ပြီး စီးကရက်ဗူးထဲမှ စီးကရက်တစ်လိပ်ထုတ်ကာ မီးညှိဖွာ
ကာ စဉ်းစားနေလေသည်။

"ပိုက်ပြင်ဖို့လာတဲ့ကုလားနှစ်ယောက်ကို အရင်က မြင်
ဖူးသလား"

"တစ်ခါမှ မမြင်ဖူးပါဘူးဘာရာ"

ဟုပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က စုံထောက်
ကျော်စွာကို အောက်ထပ်မှာရှိသောအစည်းအဝေးပြုလုပ်သည့်
အခန်းထဲမှစောင့်နေရန်မှာကြားပြီး ရာဂျစ်ကိုခေါ်ကာ မျက်နှာ
ကျက်သို့တက်နိုင်မည့်နေရာသို့သွားလေသည်။

စုံထောက်ကျော်စွာက ရွှေမောင်ကိုခေါ်၍ အစည်းအ
ဝေးပြုလုပ်သောအခန်းရှိရာသို့ သွားလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့်ရာဂျစ်က အပေါ်သို့တက်
ရန် တပ်ဆင်ထားသောလှေကားရှိရာသို့သွားကာ အပေါ်သို့
တက်သွားကြသည်။

ထိုလှေကားအတိုင်းတက်သွားပါက ရေတိုင်ကီများ
တင်ထားသောနေရာသို့ရောက်သွားလေသည်။

ထိုနေရာနှင့်မနီးမဝေးမှာ မှန်တံခါးတစ်ချပ်တပ်ဆင်
ထားသဖြင့် အနီးသို့သွားပြီး တွန်းကြည့်လိုက်သောအခါ အလွယ်



www.burmeseclassic.com

www.burmeseclassic.com



တကူပင် ပွင့်သွားလေသည်။

ထိုအပေါက်မှဝင်သွားလျှင် မျက်နှာကျက်ပေါ် သို့ရော

သွားနိုင်သည်။

အပြင်ဘက်၌ အလင်းရောင်ရှိနေသေးသောကြော

မှန်ပြတင်းချပ်များမှတစ်ဆင့်ဝင်လာသော အလင်းရောင်မျာ

သဖြင့် အထဲ၌ အတန်အတင့်အလင်းရောင်ရနေလေသည်။

ဒေါက်တာမင်းထင်ကျော်က ချက်ချင်းမဝင်သေးဘဲ

သင့်ယူလာသောလက်နှိပ်မီးရောင်ဖြင့် ထိုးကြည့်လိုက်သည်။

မျက်နှာကျက်မှာ သစ်သားတန်းများကိုအနိုင်အခံ

လုပ်ထားပြီး ကျောက်ပြားချပ်များကပ်ထားခြင်းဖြစ်သည်။

ကြွေပြားကဲ့သို့မမာဘဲ ဖိုက်ဘာပြားကဲ့သို့ပျော့ပျော

သောအရာများဖြစ်သဖြင့် ထိုအပေါ် သို့နင်းလျှောက်၍မရသေ

လေးကွက်ပုံသဏ္ဍာန်တန်းပစ်ထားသော တန်းများပေ

မှ လျှောက်သွားလျှင်တော့ နိုင်ခံမှုရှိသည်။

တန်းအဖြစ်သုံးထားသောသစ်သားများမှာ ပျဉ်းကတ

သားများဖြစ်ပြီး မျက်နှာကျက်ကျောက်ပြားတို့ကို အနားကွပ်ထ

သည်က ကျွန်းသားဖြစ်သည်။

မီးရောင်ဖြည့်ထိုးကြည့်လိုက်သောအခါ မျက်နှာကျ

တစ်ခုလုံး ဖုန်များ ထူတက်နေလေသည်။ အများဆုံးကတော

ကျောက်ပြားချပ်များပေါ်၌ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က မှန်တံခါးချပ်ဖွင့်လိုက်





ည်နှင့် အနီးဆုံးမှာရှိနေသောထုပ်တန်းပေါ် သို့ မီးရောင်ဖြည့်

ကြည့်လိုက်သည်။

ဖုန်များတက်နေသောထုပ်တန်းများပေါ် တွင် ခြေရာ

များတွေ့ရသည်။

ထို့ကြောင့် အတွင်းသို့ဝင်ကာ ထုပ်တန်းပေါ် မှခြေရာ

များအတိုင်း လျှောက်သွားလေသည်။ ခြေရာများဆုံးသွားသော

အခါ မျက်နှာကျက်အလယ်နေရာသို့ရောက်သွားသည်။

ထိုနေရာရောက်ပြီး မီးရောင်ဖြင့်ထိုးကြည့်သောအခါ

၌ချပ်တစ်ခုဟနေသည်ကိုလှမ်းမြင်ရသည်။

ထိုဟနေသောနေရာမှအောက်သို့ကြည့်သောအခါ အ

ည်းအဝေးပြုလုပ်သောအခန်းကို အပေါ်စီးမှအတိုင်းသားမြင်ရ

သည်။

ကြည့်လိုက်တော့ အောက်ဘက်ကုလားထိုင်တစ်လုံး

ပေါ်မှာ စုံထောက်ကျော်စွာထိုင်နေသည်ကိုတွေ့ရသည်။

ထို့ကြောင့် အိတ်ထဲမှာထည့်ယူလာသောရေဗူးကိုဖွင့်ပြီး

အပေါက်မှစုံထောက်ကျော်စွာ အပေါ် သို့လောင်းချလိုက်သည်။

ကိုယ်ပေါ် သို့ ရေစက်များကျလာသောကြောင့် စုံ

ထောက်ကျော်စွာက အပေါ် သို့မော့ကြည့်သည်။

သို့သော် မျက်နှာကျက်ကိုသာမြင်ရပြီး အခြားဘာမှ

တော့ မတွေ့ရပေ။ ထို့နောက်မှာတော့ ဒေါက်တာမင်းထင်

ကျော်က ရာကျစ်နှင့်အတူ အောက်သို့ပြန်ဆင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ရာဂျစ်ကတော့ ဒေါက်တာမင်းထင်ကျော်ပြုလုပ်ေ
သည်ကိုကြည့်ပြီး တအံ့တသြကြည့်နေသည်။

အောက်ဘက်ရှိ အစည်းအဝေးခန်းသို့ပြန်ရောက်လာ
သောအခါ စုံထောက်ကျော်စွာက မေးသည်။

"စော်စောက ကျွန်တော့်ကိုယ်ကိုရေစက်တွေကျလာ
တယ်၊ ဆရာများ လုပ်လိုက်တာလား"

ဒေါက်တာမင်းထင်ကျော်က ရာဂျစ်နှင့်ရွှေမောင်တို့
ယောက်အား အပြင်သို့ထွက်ခိုင်းလိုက်ပြီးမှ ပြောပြသည်။

"ဟုတ်ပါတယ်. . . အစည်းအဝေးခန်းထဲမှာကျန်နေ
တဲ့ဦးရွှေကြူရဲ့ကိုယ်ပေါ်ကို အဆိပ်ရေ ဘယ်လိုလောင်းချတယ်
ဆိုတာသိချင်လို့ တက်ကြည့်တာပါ"

ဒေါက်တာမင်းထင်ကျော်က သူမြင်တွေ့ခဲ့ရသော
ခြေအနေများကိုပြောပြလိုက်သည်။

"ဒီလိုဆိုရင်တော့ အကြံအစည်ကောင်းကောင်းနဲ့လူ
တစ်ယောက်ကိုသတ်လိုက်တယ်ဆိုတာ သေချာပြီပေါ့။ ရေပိုက်
ပြင်တဲ့ကုလားတွေအယောင်ဆောင်လာတာ လူသတ်သမားတွေ
ဖြစ်မှာပဲ၊ နတ်ဘုရားကျောင်းဖျက်တဲ့ကိစ္စအတွက် အငြိုးထားပြီး
သတ်လိုက်တာဖြစ်ဖို့များတယ်"

"ယေဘုယျကြည့်မယ်ဆိုရင်တော့ ဖြစ်နိုင်စရာရှိ
တယ်၊ ဒါပေမယ့် လူသတ်သမားအသုံးပြုခဲ့တာက မုခအဆိပ်
တာ သေချာတယ်၊ သူတို့က မုခအဆိပ်ရေကို ဘယ်လိုရမလဲ"





"နတ်ဘုရားကျောင်းမှာနေတဲ့လူတွေက ဂမ္ဘီရဆန်တဲ့
မျှော်ပညာတွေ တတ်ကြတာများတော့ သူတို့တစ်နည်းနည်းနဲ့
ရထားတာဖြစ်နိုင်တယ်၊ ဒီအဖြေကိုရှာနိုင်ရင် တရားခံကိုမိဖို့
ဝေးတော့ဘူး"

"လူသတ်သမားကိုဖမ်းမမိခင်မှာ နောက်ထပ်လူတွေမ
သေဖို့ အရေးကြီးတယ်"

"ဟင်. . . ဘယ်လိုကြောင့်လဲဆရာ"

"သူ့လက်ထဲမှာ အဆိပ်ရေရှိနေသေးတယ်ဆိုရင်
နောက်ထပ်လူမသတ်ဖူးလို့မပြောနိုင်ဘူး"

ဟုပြောဆိုကာ နှစ်ယောက်သားအတွင်းဝန်ရုံးအတွင်းမှ
ပြန်ထွက်လာကြလေသည်။

ဒေါက်တာမင်းထင်ကျော်အိမ်သို့ ပြန်ရောက်သောအခါ
ဦးစောင့်က စာအိတ်ရှည်တစ်လုံးပေးလေသည်။

"ဘယ်သူလာပေးတာလဲ"

"လူတစ်ယောက်လာပေးသွားတာပါ ဆရာ"

ဟုပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က စာအိတ်ကို
အိတ်ထဲယူလာပြီ ဖောက်ဖတ်ကြည့်လိုက်သည်။

"သူ့ပယောဂနဲ့သူသေရတဲ့လူတစ်ယောက်အတွက် အ
ချိန်ကုန်ခံပြီး လိုက်စုံစမ်းမနေပါနဲ့၊ လုပ်နေတဲ့အလုပ်တွေကိုရပ်
တန်းက မရပ်ဘူးဆိုရင် နောက်ထပ်လူတွေ ထပ်သေလိမ့်မယ်"

အင်္ဂမုခ



www.burmeseclassic.com

www.burmeseclassic.com



ဟု ရေးသားထားလေသည်။

ဒေါက်တာမင်းထင်ကျော်က ရေးထားသောစာများ
သေသေချာချာလေ့လာကြည့်ရှုပြီးနောက် စာအိတ်ကိုသိမ်းထား
လိုက်သည်။

နောက်တစ်နေ့မှာတော့ ဒေါက်တာမင်းထင်ကျော်တ
ဦးတည်း ကားဖြင့် ကရစ်လမ်းမှာနေသောခင်မေကြူတို့နေအိမ်
သို့သွားလေသည်။

ခင်မေကြူနှင့်အဆင်သင့်တွေ့ရပြီး အောက်ထပ်ဧည့်
ခန်း၌ပင် ဧည့်ခံလေသည်။

"ဆရာတို့လည်း အတော်ကလေး အလုပ်များနေကြ
ထင်ပါတယ်"

"အလုပ်များတယ်လို့တော့ မဟုတ်ပါဘူး. . . အမှ
တရားမပေါ်မချင်းတော့ ဒီလိုပဲကြိုးစားရတာပါပဲ"

"ဒါထက် ဆရာစုံစမ်းတော့ ဘယ်လိုအဖြေမျိုးသိရပြီလဲ
ဟင်"

"တကယ်တော့ ခင်မေကြူရဲ့ဖခင်က သွေးရိုးသားရိုး
သေရတာ မဟုတ်ပါဘူး၊ တစ်စုံတစ်ယောက်က အကြံအစည်
ကောင်းကောင်းနဲ့အကွက်ချပြီးသတ်လို့ သေရတာပါ"

"ကျွန်မလည်း ရိပ်မိပါတယ်. . . ပါလီမန်အမတ်ရွေး
ကောက်ပွဲနီးနေပြီဆိုတော့ သူ့ရဲ့အနီးကပ်ပြိုင်ဘက်တွေရဲ့လက်
ချက်ဖြစ်နိုင်သလား ဆရာ"





"မဟုတ်ဘူးလို့တော့ ပြောဖို့ခက်ပါတယ်

"ဒီလိုမဟုတ်ရင် အများက ထင်ကြေးပေးပြောနေကြ
သလို နတ်ဘုရားကျောင်းကိုဖျက်ဆီးခဲ့လို့ အဲဒီလူတွေရဲ့လက်
ချက်ကြောင့်သေရတာလား"

"ခင်မေကြူပြောတဲ့နှစ်ခုစလုံးက ဖြစ်နိုင်စရာရှိတာချည်း
ပဲ၊ အခုလောလောဆယ် ကျွန်တော်ပြောနိုင်တာတစ်ခုတော့
ရှိပါတယ်. . . ဦးရွှေကြူသေရတာ အလွန်ပြင်းထန်တဲ့အဆိပ်
တစ်မျိုးကြောင့် သေခဲ့ရတာပါ"

ခင်မေကြူကအံ့ဩသောအမူအယာဖြင့် မော့ကြည့်
သည်။

"ဖေဖေက မီးလောင်သေရတာမဟုတ်ဘူးလား"

"မီးလောင်တာကြောင့် သေရတာမှန်ပါတယ်. . . မီး
လောင်တာက အဆိပ်ရေကြောင့်လောင်တာပါ"

ဒေါက်တာမင်းထင်ကျော်က အင်္ဂမုခအိပ်ရေနှင့်ပတ်
သက်သည့်အကြောင်းအရာအချို့ကို ပြောပြလိုက်သည်။

"အခု ကျွန်တော်လာတာ တခြားအကြောင်းကြောင့်မ
ဟုတ်ပါဘူး. . . သတိပေးချင်လို့လာတာပါ"

"ပြောပါ ဆရာ"

"တရားခံမပေါ်မချင်း ဒီရက်ထဲမှာတော့ သတိထားပြီး
နေစေချင်ပါတယ်. . . အိမ်ထဲကို ဘယ်သူကိုမှဝင်ခွင့်မပေးပါနဲ့
ဧည့်သည်ပဲဖြစ်ဖြစ် မီးပြင်တဲ့သူ၊ ရေပိုက်ပြင်တဲ့လူတွေပဲဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မှအိမ်ထဲဝင်ခွင့်မပေးဖို့ လာပြီးသတိပေးတာပါ"

ထိုစကားကြောင့် ခင်မေကြူမှာမျက်လုံးပြူးသွားေ သည်။

"ဘယ်. . . ဘယ်လိုကြောင့်လည်းဆရာ"

"အန္တရာယ်ရှိလာနိုင်တယ်ထင်လို့ပါ"

"အိမ်မှာ အိမ်ဖော်တွေရှိတယ်ဆိုပေမယ့် ကျွန်မတို့ သားအမိနှစ်ယောက်တည်း နေကြရတာဆိုတော့"

"နယ်ဘက်မှာပဲဖြစ်ဖြစ်၊ တခြားတစ်နေရာမှာပဲဖြစ်ဖြစ် ဆွေမျိုးသားချင်းတွေပဲဖြစ်ဖြစ်ရှိရင် အခုရက်ပိုင်း အဲဒီမှာသွားေ စေချင်တယ်"

"အမှန်ပြောရရင် နယ်မှာတော့ ဆွေမျိုးသားချင်းအချို့ ပေမယ့် အားမကိုးကြရပါဘူး။ သူတို့ဆီမှာနေရင်လည်း လုံခြုံစိတ် ချလို့ရမှာမဟုတ်ဘူး။ ဒီမှာနေတာကမှ တိုက်တံခါးပိတ်ထားရင် အတော်အသင့်လုံခြုံမှုရှိပါသေးတယ်၊ ဒါပေမယ့် သားအမိနှစ် ယောက်တည်းဆိုတော့ နေ့တထိတ်ထိတ် ညတထိတ်ထိတ်နဲ့ေ ကြရတာပါပဲ ဆရာရယ်"

"ကျွန်တော်ကလည်း ဒီရက်ထဲမှာအရေးကြီးတဲ့ကိစ္စတ ခုရှိလို့ နယ်ဘက်ကို ခရီးထွက်စရာရှိပါတယ်၊ ဘယ်လောက်ကြ မယ်ဆိုတာလည်း မပြောနိုင်တော့ ကျွန်တော်တစ်ခုလောက် အ ကူအညီပေးချင်ပါတယ်"

"ပြောပါ ဆရာ"





"ဒီရက်ထဲမှာ ခင်မေကြူတို့သားအမိနှစ်ယောက်အိမ် ဖော်တွေပါခေါ်ပြီး ကျွန်တော်အိမ်မှာလာနေစေချင်တယ်"

"အားနာစရာ ဆရာရယ်. . . နောက်ပြီး ဆရာ့မိသားစု တွေနဲ့. . . ."

"ကျွန်တော်က တစ်ယောက်တည်း တပည့်တွေနဲ့နေ တာပါ. . . ကျွန်တော်ခရီးထွက်သွားရင် ခြံစောင့်တွေလောက်ပဲ ကျန်ခဲ့မှာဆိုတော့ တစ်အိမ်လုံး လွတ်လွတ်လပ်လပ်နေလို့ရပါ တယ်"

"ဆရာ့ကို ကျွန်မယုံကြည်ပါတယ်. . . အမေနဲ့တိုင်ပင် ကြည့်ပါဦးမယ်၊ အမေသဘောတူရင်တော့ ဆရာပြောတဲ့အ တိုင်း အဲဒီမှာလာနေပါ့မယ်၊ အမှန်ပြောရရင်တော့ ကျွန်မတို့ လည်း ဒီမှာနေရတာ တစ်ခုခုဖြစ်မှာစိုးရိမ်ပြီး ကြောက်နေကြ တယ်"

"ကောင်းပါပြီ. . . တစ်ခုတော့ရှိပါတယ်၊ ခင်မေကြူတို့ နေပြောင်းနေမယ်ဆိုရင် ဒီကိစ္စကို ဘယ်သူမှမသိအောင် လျှို့ ဝှက်ထားစေချင်ပါတယ်၊ သိသွားရင် အန္တရာယ်ဖြစ်မှာစိုးလို့ပါ"

"ကောင်းပါပြီ ဆရာ. . . ကျွန်မ မေမေနဲ့တိုင်ပင်ပြီး ဆရာကိုပြောပါ့မယ်. . . ဒါထက် ဆရာက ဘယ်တော့ခရီးထွက် မှာလဲဟင်"

"အစီအစဉ်တွေပြီးတာနဲ့ ဒီတစ်ပတ်အတွင်းမှာပဲ သွားဖို့ စီစဉ်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မသွားခင် ဒီကိုတစ်ခေါက်တော့ လာဦးမှာမဟုတ်လား ဟင်"

"ကျွန်တော် တစ်ခေါက်ထပ်လာခဲ့ပါဦးမယ်"

ဟု ပြောဆိုနှုတ်ဆက်ပြီးနောက် ဒေါက်တာမင်းထင် ကျော်လည်း ထိုအိမ်မှပြန်ထွက်ခဲ့လေသည်။

ဿဿဿ





## အခန်း(၁၂)
## ခင်မေကြူနှင့်သေမင်းကျော့ကွင်း

အချိန်က ညဉ်းပိုင်း အချိန်ကျော်လွန်လာခဲ့ပေပြီ။

လရောင်မရှိသဖြင့် အမှောင်ထုက ပိုများလေသည်။

အထူးသဖြင့် လူနေအိမ်ကျဲပြီး လမ်းဘေးတစ်ဖက်တစ်ချက်တွင် သစ်ပင်များသော ကရစ်လမ်းတစ်လျှောက်တွင် ပိုမှောင်နေလေသည်။

လမ်းမီးတိုင်များရှိသည်ဆိုသော်လည်း တစ်တိုင်နှင့်တစ်တိုင် ဝေးသည်ကတစ်ကြောင်း၊ မီးရောင်က အားမကောင်းသည်ကတစ်ကြောင်းကြောင့် လမ်းတစ်လျှောက်တွင်လည်း မှောင်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းရာသီဖြစ်သဖြင့် ညဦးပိုင်းအချိန်ကတည်းက
အအေးဓာတ်ကဝင်နေပြီဖြစ်ရာ လမ်းတစ်လျှောက်တွင် လူသွား
လူလာရှင်းလျက်ရှိသည်။

ကရစ်လမ်းမှာ သာမန်လက်လုပ်လက်စားများမရှိသ
ချမ်းသာကြွယ်ဝသူများနှင့်အစိုးရအရာရှိများ၊ အမတ်များ၊ အမျိုး
စုနေထိုင်သောလမ်းဖြစ်ရာ ယခုလို ညအချိန်ရောက်ပါက အပြင်
ထွက်သူမရှိသလောက်နည်းသွားပြီး ကိုယ့်အိမ်တံခါးပိတ်ပြီး
တိတ်ဆိတ်စွာပင် နေထိုင်ကြလေသည်။

လမ်းပေါ်မှာ တစ်ခါတစ်ရံမှသာ ကိုယ်ပိုင်ကားတစ်စီး
တလေဖြတ်မောင်းသွားသောအသံ ကြားရလေသည်။

တိတ်ဆိတ်နေသောအချိန်တွင် ရေမြောင်းကြီးနံဘေး
မှာနေကြသောခွေးလေခွေးလွင့်များ ဟောင်သံ၊ အူသံတို့က
လည်း ကြားရသူတို့အဖို့ နားမချမ်းသာစရာကောင်းလှသည်။

တစ်နည်းပြောရလျှင် ချောက်ချားစရာလည်း ကောင်း
သည်။

ထိုအချိန်မျိုးတွင် အိမ်မှာယောကျာ်းသားမရှိဘဲ မိန်း
သားချည်းနေရသောခင်မေကြူတို့သားအမိနှစ်ယောက်မှာ မျက်
စိသူငယ် နားသူငယ်နှင့်ရှိကြလေသည်။

အိမ်ဖော်မှာလည်း မိန်းကလေးတစ်ယောက်သာဖြစ်
ဖြင့် ထိုအိမ်ကြီးတစ်အိမ်လုံးမှာ အမျိုးသမီးသုံးယောက်မှလွဲပြီး
အခြားအားကိုးရမည်သူမရှိဘဲ ဖြစ်နေကြသည်။





"မေမေ ကျွန်မတို့ချည်း ဒီမှာဆက်နေဖို့ဖြစ်ပါ့မလား"

"ဒီတော့ ဘယ်လိုလုပ်မလဲ သမီးရယ်. . . အမေတို့မှာ
အားကိုးလောက်တဲ့ဆွေမျိုးသားချင်းမှ လောက်လောက်ငှငှမရှိ
တာ"

"ဆရာကလာပြောသွားတယ် မေမေ. . . သူ ခရီးသွား
တဲ့ရက်မှာ ကျွန်မတို့ကို သူ့အိမ်မှာလာနေဖို့ပြောတယ်"

သူက စေတနာနဲ့ပြောတာဆိုပေမယ့် သူနဲ့ကိုယ်နဲ့က
အခုမှတွေ့ကြသိကြတာဆိုတော့ သင့်ပါ့မလား၊ တော်ကြာ ဘေး
ပတ်ဝန်းကျင်က တစ်မျိုးထင်နေကြရင် ခက်မယ်"

"ကျွန်မလည်း တွေးမိပါတယ်. . . ဆရာပြောတာက
သူခရီးထွက်နေတဲ့အချိန်မှာ ဘယ်သူမှမသိအောင် လာနေဖို့
ပြောတာပါ"

"သူ့မိသားစုတွေ မရှိကြဘူးလား"

"ဆရာက တပည့်တွေနဲ့နေတာလို့ပြောတယ်"

ဒေါ်စိန်မွှံက ဘာမှပြန်မပြောဘဲ အတော်ကြာအောင်
စဉ်းစားနေလေသည်။

"ကျွန်မလည်း ဖေဖေသေသွားပြီးကတည်းက ဒီမှာနေရ
တာ စိတ်ထဲမှာတစ်ခုခုကိုကြောက်နေသလိုပဲ"

"အားနာစရာကောင်းတာတော့ အမှန်ပဲ. . . ဒါပေ
မယ့် ဒီလိုအခြေအနေမျိုးမှာ အခုလိုအကူအညီပေးမယ့်သူမျိုးနဲ့
တွေ့ရတာကိုပဲ ကံကောင်းတယ်လို့သဘောထားရမှာပဲ၊ သူ ဒီ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခေါက်လာရင် သမီးအဆင်ပြေသလိုသာ စီစဉ်လိုက်ပါ။ ေ
မေတော့ ဘာမှမစဉ်းစားတတ်အောင်ပါပဲကွယ်"

ခင်မေကြူက မျက်ရည်လေး အဝဲသားနှင့်မိခင်ဖြစ်သူ
၏လက်တစ်ဖက်ကိုကိုင်ကာ နှစ်သိမ့်မှုပေးလိုက်လေသည်။

ထိုအခိုက်မှာပင် ရေမြောင်းကြီးနံဘေးမှာရှိကြသောရေ
များ စူးစူးဝါးဝါးဟောင်သံပေါ် ထွက်လာသည်။

နောက်တော့ ခွေးဟောင်သံများက သူတို့တိုက်ရှေ့
ဘက်သို့တဖြည်းဖြည်းနှင့်ရောက်လာသည်။

ခင်မေကြူက ထွန်းထားသောမီးခလုတ်ကိုပိတ်ကာ ပြ
တင်းပေါက်နားသို့သွားကြည့်လေသည်။

အပေါ်ထပ်မှာတပ်ဆင်ထားသော မှန်တံခါးပေါက်မှ
ကြည့်လျှင် လမ်းမီးရောင်ဖြင့် လမ်းပေါ်သို့ဝိုးတဝါး လှမ်းမြင်
နေရသည်။

ခွေးဟောင်သံများနီးလာပြီးနောက် လမ်းနံဘေးရှိသစ်
ပင်ရိပ်များအောက်မှ အကာအကွယ်ယူလျက် လျှောက်လာ
သောလူတစ်ယောက်ကိုမြင်နေရသည်။

လောင်းကုတ်အင်္ကျီရှည်ကြီးဝတ်ထားပြီး သက္ကလပ်ဦး
ထုပ်ကို မျက်နှာတစ်ဝက်လောက်ဖုံးအောင် ခပ်စိုက်စိုက်ဆောင်း
ထားသောလူသည် ခြေလှမ်းမှန်မှန်ဖြင့်လျှောက်လာရာမှ ခင်မေ
ကြူတို့တိုက်ရှေ့ရောက်သောအခါ သစ်ပင်အောက်မှာရပ်လိုက်
သည်။





သစ်ပင်ရိပ်ကြောင့် ၎င်း၏ပုံပန်းသဏ္ဌာန်ကို ဝိုးတဝါး
သာလျှင်သာမြင်နေရသည်။

ခင်မေကြူတို့တိုက်မှာ တစ်တိုက်လုံး မီးပိတ်ထားသဖြင့်
မှောင်နေလေသည်။

သစ်ပင်ရိပ်မှာရပ်နေသောသူ ထိုနေရာမှာပင် အချိန်အ
တော်ကြာအောင်ရပ်ကာ တိုက်ရှိရာသို့လှမ်းကြည့်နေသည်။

နောက်မှ လမ်းကူးကာ တိုက်ရှိရာသို့ကူးလာလေသည်။

သူသည် ရှေ့ဦးပိတ်ထားသောခြံတံခါးကိုကျော်တက်ကာ
အတွင်းသို့ဝင်သည်။

ပြီးမှတပ်ဆင်ထားသောရေပိုက်မှ တွယ်တက်လာလေ
သည်။ အပေါ်ထပ်ဝရံတာသို့ရောက်သောအခါ မှန်ချပ်ကိုအ
သံမကြားအောင်ခွဲပြီး ချက်ကိုဖြုတ်သည်။

တံခါးနှစ်ချပ်ပွင့်သွားသော်လည်း သံတိုင်များတပ်ဆင်
ထားသောကြောင့် သံတိုင်နှစ်ချောင်းကိုဖြုတ်ထုတ်ပစ်လိုက်
သည်။

ထိုအပေါက်မှပင် အိမ်ထဲသို့ရောက်အောင် ဝင်လာလေ
သည်။ အိမ်ထဲရောက်သောအခါ မျက်နှာဖုံးစွပ်လိုက်သည်။

ထို့နောက် သေနတ်ကို ခါးမှာ အဆင်သင့်ထိုးထားပြီး
ဓားတစ်လက်ကို အဆင်သင့်ကိုင်လိုက်သည်။

ပြီးမှ လက်နှိပ်မီးအသေးစားဖြင့် အိမ်ထဲသို့ထိုးကြည့်
လေသည်။ အပေါ်ထပ်မှာတော့ ဘယ်သူမှမရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



စောစောက အပေါ်ထပ်မှာရှိနေသောခင်မေကြူတို့သုံး ယောက်လည်း မရှိတော့ပေ။

အပေါ်ထပ်သို့ရောက်နေသူက ဓားတစ်ဖက်၊ လက်နှိ မီးတစ်ဖက်ကိုင်ကာ နေရာအနှံ့ရှာကြည့်သည့်အပြင် ပိတ်ထာ သောအခန်းများကိုပါ ဖွင့်ပြီး ကုတင်အောက်ပါမကျန်ရှာကြည့် သော်လည်း တစ်စုံတစ်ယောက်မှမတွေ့ရသဖြင့် မကျေမနပ်ဖြ သွားသည်။

ထို့ကြောင့် လှေကားမှအောက်သို့ပြန်ဆင်းလာသည်

အောက်ထပ်မှာလည်း ဘယ်သူမှမတွေ့ရပြန်ပေ။

ထို့ကြောင့် အိပ်ခန်းများကိုဖွင့်ပြီး နေရာအနှံ့ရှာကြည့် နေသည်။ ကုတင်အောက်နှင့်ဗီရိုများပါဖွင့်ရှာသော်လည်း တ ယောက်မှမတွေ့ရပေ။

"တောက်. . . ."

မကျေမနပ်ဖြင့် အနောက်ဘက်သွားကြည့်သောအခ နောက်ဘက်သို့ထွက်သောတံခါးချပ်မှာ ပွင့်နေလေသည်။

ထိုအခါမှ အခြေအနေကိုသဘောပေါက်သွားတော့ သည်။

သူအပေါ်ထပ်ရောက်နေသောအချိန်မှာ အောက်ထ ၌ရှိနေသောသူများက အပြင်သို့ထွက်သွားကြလေသည်။

"နေနှင့်ဦးပေါ့ကွာ"

ခပ်တိုးတိုးရေရွတ်ရင်း အပြင်ထွက်ရန်လျှောက်လ





တော့ သူ့ရှေ့မှာ သတ္တဝါတစ်ကောင်က သူ့ကိုကြည့်ကာ မာန်ဖီ နေလေသည်။

ထိုအိမ်မှာမွေးထားသောကြောင်ဝါကြီးပင် ဖြစ်သည်။

ကြောင်ဝါကြီးက ထိုလူကိုမြင်သောအခါ အမြီးပွကာ ဘဂီးဂီးနှင့်မာန်ဖီလျက်ရှိသည်။

ထို့နောက်ပြေးလာပြီး ခြေထောက်ကိုကုတ်သည်။

ထိုလူက ကြောင်၏ကုတ်မှဖမ်းကိုင်လိုက်တော့ သူ့လက် ထဲမှာ တန်းလန်းပါလာသည်။

ပြီးမှ အကျီအိတ်ထဲမှာအသင့်ပါလာသောပုလင်းတစ် ဆုံးကိုထုတ်ကာ အရေများကို ကြောင်ကိုယ်ပေါ်သို့လောင်းချ လိုက်ပြီးမှပြန်လွှတ်ပေးလိုက်သည်။

ကြောင်ဝါကြီးက အပေါ်ထပ်သို့ပြေးထွက်သွားလေ သည်။ ထိုလူလည်း နောက်ဘက်ပေါက်မှ အပြင်သို့ပြန်ထွက် သွားလေတော့သည်။

ခဏကြာတော့ လမ်းပေါ်မှခွေးဟောင်သံများကြားရ လေသည်။

ထိုအဖြစ်အပျက်များဖြစ်ပျက်ပြီး အတော်ကြာတော့မှ အိမ်ထဲမှလူသုံးယောက်ထွက်လာကြသည်။

ခင်မေကြူ၊ ဒေါ်စိန်မှုံနှင့်အိမ်ဖော်မလေးတို့ပင်ဖြစ်ကြ လေသည်။ သုံးယောက်စလုံးမှာကြောက်လွန်းသဖြင့် မျက်နှာများ အသွေးဆုတ်နေပြီး အသံပင်မထွက်ဝံ့ကြပေ။



www.burmeseclassic.com

www.burmeseclassic.com



ခင်မေကြူက နောက်ဘက်မှပွင့်နေသောတံခါးချပ်တို့ ပြန်ပိတ်ပြီး ဂျက်ထိုးထားလိုက်သည်။

အပေါ်ထပ်လည်း ပြန်မတက်ဝံ့တော့ဘဲ အောက်ထပ်မှာပင် ထိုင်နေကြရသည်။

နောက်တစ်နေ့ နံနက်ပိုင်းအချိန်မှာပင် ဒေါက်တာမင်းထင်ကျော်နှင့်စုံထောက်ကျော်စွာတို့ ကားဖြင့်ရောက်လာသောအခါ ခင်မေကြူက ညက ကြုံတွေ့ခဲ့ရသောအဖြစ်အပျက်တို့ကို ပြန်ပြောပြလိုက်သည်။

ဒေါက်တာမင်းထင်ကျော်က နားထောင်ပြီး. . . .

"ခင်မေကြူ စိတ်အေးအေးထားနိုင်ပြီး အကြံကောင်းလို့သာ အန္တရာယ်ကလွတ်ခဲ့ကြတာ. . . တခြား ဘာတွေထူးသေးသလဲ"

ဟု မေးလိုက်သည်။

"နောက်ဘက်မှာ ကျွန်မတို့မွေးထားတဲ့ကြောင်ဝါကြီး ဖော်သတော့ တစ်ချက်ကြားလိုက်တယ်"

"အဲဒီကြောင် ဘယ်မှာလဲ"

"အပေါ်ထပ်ရောက်နေတယ် ထင်တယ်"

ဟုပြောသဖြင့် အောက်ထပ်မှာလိုက်ကြည့်သောအခါ ကြောင်ဝါကြီးကိုမတွေ့ရသဖြင့် အပေါ်ထပ်သို့တက်ကြည့်ကြလေသည်။

ခင်မေကြူလည်း အတူလိုက်လာသည်။





ဦးစွာ ညကဝင်လာသောပြတင်းပေါက်နေရာကိုသွားကြည့် ကြသောအခါ ကြမ်းပေါ်ကျနေသောမှန်ကွဲများနှင့်တစ်ခြမ်းပြတ်ကာ နံဘေးသို့ဟထားသောသံတိုင်တို့ကိုတွေ့ရသည်။

"ရေပိုက်ကနေ ဝရံတာပေါ်ရောက်အောင်တက်လာပြီး ဒီတံခါးပေါက်က အတွင်းကိုဝင်တာ"

"ဒါဆို ဒီအိမ်အကြောင်း အတော်အသင့်သိထားတဲ့လူလည်း ဖြစ်နိုင်တာပေါ့"

"အိမ်တစ်အိမ်ရဲ့အကြောင်းကိုသိဖို့ဆိုရင် ကိုယ့်အိမ်သားတွေအပြင် သိဖို့ကတော့ အိမ်ဖော်၊ ခြံစောင့်၊ လက်သမား၊ ပန်းရံသမား၊ မီးကြိုးပြင်တဲ့သူ၊ ရေပိုက်ပြင်တဲ့သူ၊ ဆေးသုတ်တဲ့သူတွေလည်း သိနိုင်ကြတယ်၊ တချို့အလုပ်သမားတွေက ဝမ်းစာအတွက် ရိုးရိုးသားသားလုပ်ကြပေမယ့် အကြံအစည်ရှိတဲ့လူတွေကတော့ အိမ်တစ်အိမ်ရောက်ရင် အသေးစိတ်ကြည့်ပြီးမှတ်ထားတတ်ကြတယ်"

"မှန်ပါတယ်"

"အိမ်မှာ လူဘယ်နှစ်ယောက်ရှိတယ်. . . ယောကျ်ား ဘယ်နှစ်ယောက် မိန်းမကဘယ်နှစ်ယောက်၊ ဘယ်သူက ဘယ်အချိန်မှာအပြင်သွားတယ်. . . ဘယ်သူကျန်ခဲ့တယ်၊ ဝင်ပေါက်ထွက်ပေါက်တွေက ဘယ်နေရာမှာရှိတာကအစ ကြည့်ထားကြတယ်၊ အချို့ကတော့ အတွင်းလူဖြစ်တဲ့အိမ်ဖော်ကိုအပေါင်းသွင်းပြီး ကြံစည်တတ်ကြတာများတယ်၊ အပြင်ဘက်ထွက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သူ ဘယ်နေရာကတက်လာသလဲဆိုတာ ကြည့်ရအောင်"

ဟုပြောပြီး ဝရံတာဘက်ထွက်သောတံခါးချပ်ကိုဖွင့်ပြီး အပြင်ထွက်လိုက်ကြသည်။

"ညောင်. . . ."

ထိုဝရံတာရောက်မှ ကြောင်ဝါကြီးကိုတွေ့ရသည်။

မှန်ခွဲထားသော မှန်ပြတင်းပေါက်မှအပြင်ဘက်ထွက်ပြီး နေပူစာလှုံနေခြင်းဖြစ်သည်။

နံနက်ပိုင်းထွက်လာသောနေရောင်ခြည်က နေစာလှုံနေ သောကြောင်၏ကိုယ်ပေါ်သို့ကျလာသည်။

ကြောင်ဝါကြီးကတော့ သူ့ကိုယ်ပေါ်မှာရေစိုနေသဖြင့် နေစာလှုံရင်း လျှာဖြင့်လျှက်နေလေသည်။

ဒေါက်တာမင်းထင်ကျော်က အပေါ်သို့တက်လာနိုင် သောနေရာတို့ကိုလိုက်လံကြည့်နေစဉ်မှာ နောက်ဘက်မှကြောင် အော်သံ ထပ်ကြားရလေသည်။

"ညောင်. . . ညောင်"

ဒီတစ်ခါကြားရသောအသံက ပုံမှန်မဟုတ်တော့ဘဲ စူးစူးဝါးဝါးအသံမျိုးဖြစ်သဖြင့် လှည့်ကြည့်လိုက်သည်။

နေစာလှုံနေသောကြောင်ကိုယ်ပေါ်မှ မီးခိုးများထွက် လာခြင်းဖြစ်သည်။

"ညောင်. . . ညောင်"

"အောင်မယ်လေး. . . ကျွန်မရဲ့ကြောင် ဘယ်လိုဖြစ်တာလည်း မသိဘူး. . . ကြည့်ကြပါဦး လုပ်ကြပါဦး"





ဟုပြောကာ ခင်မေကြူက ကြောင်အနီးသို့သွားရန် ဆန်ပြင်လိုက်ရာ ဒေါက်တာမင်းထင်ကျော်က သူမလက်ကိုဖမ်း ဆွဲထားလိုက်ရသည်။

"ကြောင်ကိုမကိုင်နဲ့တော့. . . အန္တရာယ်ဖြစ်လိမ့်မယ်"

ထိုသို့ပြောလိုက်သဖြင့် ခင်မေကြူလည်း နောက်ဘက် သို့တွန့်သွားလေသည်။

နေရောင်ခြည်က ကြောင်ကိုယ်ပေါ်သို့တိုက်ရိုက်ကျနေ သည့်နေရင်းနှင့်မီးခိုးများသာမက မီးကျွမ်းသကဲ့သို့ရဲတက်လာ လေသည်။

ကြောင်မှာလည်း ငယ်သံပါအောင်အော်ဟစ်ရင်း ဝရံ တာပေါ်၌ပြေးလွှားနေလေသည်။

သို့သော် ကိုယ်မှာစွဲနေသောမီးများက မငြိမ်းတော့ဘဲ အပြားကို မီးအပူပေးလိုက်သကဲ့သို့ ရဲတက်လာလေတော့သည်။

ကြောင်မွေးများကို မီးလောင်သောအနံ့၊ အသားမီး ကျွမ်းနေသောအနံ့များက ပတ်ဝန်းကျင်တစ်ဝိုက်သို့ပျံ့နှံ့နေ သည်။

ဒေါက်တာမင်းထင်ကျော်၊ စုံထောက်ကျော်စွာနှင့်ခင်မေ ကြူတို့သုံးယောက်မှာတော့ ကြောင်တစ်ကောင်လုံးမီးလောင်နေ သည်ကိုမြင်ရသော်လည်း ဘယ်လိုမှအကူအညီမပေးနိုင်ကြဘဲ ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ရေထိထားသောကြောင်ကိုကိုင်ပါက သူတို့ပါအ
ဆိပ်ရေထိပြီး မီးလောင်ခံကြရပေမည်။

ကြည့်နေရင်းနှင့်ပင် ကြောင်မှာ တစ်ကိုယ်လုံး မီးများ
တက်လာပြီဖြစ်သဖြင့် တိုက်အောက်သို့ခုန်ချရန် ကြိုးစားရှာ
သော်လည်း အထမမြောက်တော့ပေ။

ဝရံတာလက်ရမ်းပေါ်မှ အောက်သို့ခုန်ဆင်းရန် ကြိုး
စားရင်းမှပင် တစ်ကိုယ်လုံး မီးလောင်ကျွမ်းသွားပြီးသေသွားလေ
တော့သည်။

ကြောင်တစ်ကိုယ်လုံးမှာ ပါးသွေးတုံးကဲ့သို့ဖြစ်ကျန်ခဲ့
လေသည်။

ခင်မေကြူမှာ ထိုမြင်ကွင်းကိုကြည့်ရင်း များစွာ ထိတ်
လန့်တုန်လှုပ်နေလေသည်။

"ဖြစ်ရလေ ရွှေဝါကြီးရယ်. . . ဘယ်လိုဖြစ်တာလဲဟင်"

"အဆိပ်မိပြီးသေတာပါ. . . တကယ်တော့ ဒီကြောင်
က ခင်မေကြူတို့သားအမိကိုယ်စား ခံစားခံဖြစ်သွားရတာပါပဲ"

"ဖြစ်မှဖြစ်ရလေရှင်"

"ဦးရွှေကြူသေခဲ့ရတာလည် ဒီလိုအဆိပ်မျိုးထိပြီး အခု
လို မီးလောင်သေခဲ့ရတာပါပဲ"

"ဘယ်သူတွေကများ ကျွန်မတို့မိသားစုကို အခုလို ရက်
ရက်စက်စက်သတ်ဖို့ ကြိုးစားနေကြတာလဲရှင်"

"မကြာခင်တော့ အဖြေသိရတော့မှာပါ. . . ခင်မေကြူ





တို့သားအမိမှာအန္တရာယ်ရှိနေပြီဆိုတာ ညက အဖြစ်ကိုကြည့်ရင်
သိနိုင်ပါတယ်၊ ညကတော့ ကံကောင်းတာလည်း ပါတယ်၊ ခင်မေ
ကြူဖြတ်ထိုးဉာဏ်ကောင်းလို့လွတ်ခဲ့ရပေမယ့် နောက်တစ်ကြိမ်
ဆိုရင်တော့. . . ."

"ကျွန်မတို့လည်း ဒီမှာမနေဝံ့ကြတော့ပါဘူး၊ ဆရာစီ
စဉ်ပေးတဲ့အတိုင်းပဲ လိုက်နာပါတော့မယ်"

ဟု အသံကလေး ကတုန်ကရင်ဖြင့်ပြန်ပြောလေသည်။

ထို့နောက် ဒေါက်တာမင်းထင်ကျော်က စုံထောက်
ကျော်စွာအား. . . .

"ကျွန်တော်ခရီးထွက်နေတဲ့အချိန်မှာ သူတို့သားအမိကို
ကျွန်တော် အိမ်မှာလျှို့ဝှက်ထားခဲ့မယ်. . . ကိုကျော်စွာ စောင့်
ရှောက်ပေးလိုက်ပါ"

ဟု မှာကြားကာ ထိုအိမ်မှပြန်ထွက်ခဲ့ကြလေသည်။

အပြင်ဘက်တွင် နေရောင်ခြည်က စူးစူးရဲရဲတောက်ပ
လျှက် ရှိနေသည်။

ဃဃဃ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၃)

## ရွှေလီမြစ်မှတရုတ်ဈေးရှိသောနေရာ

မြန်မာနိုင်ငံ၏အသက်သွေးကြောကြီးသဖွယ် တည်ရှိ နေသောဧရာဝတီမြစ်သည် မြန်မာနိုင်ငံအလယ်တည့်တည့်ကို ဖြတ်၍ မြောက်ဘက်မှတောင်ဘက်သို့စီးဆင်းသည်။

ဧရာဝတီမြစ်ဟူ၍ စတင်ဖြစ်ပေါ်ကတည်းကပင် မြန် မာနိုင်ငံစည်ပင်ဖွံ့ဖြိုးမှုနှင့်ဆက်စပ်နေသောမြစ်ကြီး ဖြစ်ပေ သည်။

"ဧရာဝတီ"ဟူသောအမည်မှာ ဟိန္ဒူစကား ဣရဝတီမှ လာ၍"ဆင်မြစ်"ဟု အဓိပ္ပာယ်ရသည်ဟု အချို့ကယူဆကြသည်။

သို့ရာတွင် သင်္သကရိုက်စကား"ပရုပဏီ"(ဧရာဝတီ)မှ





ဆင်းသက်လာသောအမည်ဖြစ်သည်ဟူသောအယူအဆက ပို ခိုင်မာနီးစပ်သည်ဟုဆိုကြသည်။

အဓိပ္ပာယ်မှာ"အားသစ်ဖြည့်သူ" (သို့မဟုတ်) "မြစ်"ဟု ဖြစ်သည်။

အိန္ဒိယနိုင်ငံ၊ ပန်ဂပ်နယ်ရှိ မြစ်ငါးစင်းအပါအဝင် အပါ ရာဗီ(ရာဝီ)မြစ်၏ရှေးအခေါ်သည်လည်း ဧရာဝတီပင်ဖြစ်သည်။

ဆာ(ဂျိမ်း)ဂျော့စကော့၏မှတ်တမ်းတွင် မြန်မာပြည်၏ အကြီး ဆုံးမြစ်ဖြစ်သည့်ဧရာဝတီမြစ်၏အမည်မှာ"အင်ဒရာ"၏အ မည်"ဧရဝတီ"မှ ဆင်းသက်လာခြင်းဖြစ်သည်။

အဓိပ္ပာယ်မှာ"ထိုအရပ်တွင် နေထိုင်သူများသည် ဘေး ရန်ကင်း၍ အောင်မြင်မှုများဖြင့်သာ တွေ့ကြရမည်ဖြစ်သည်"ဟု ၍ မှတ် တမ်းတင်ခဲ့သည်။

သို့ဖြစ်၍ ဧရာဝတီမြစ်သည်. . . .

"မြစ်ကြီးဧရာဝတီ"

"လှပသောမြစ်"

"ရွှေသဲမြစ်"

"ရတနာမြစ်"

"ဆင်မြစ်ကြီး"

"အားသစ်ဖြည့်သူ"

"သိဂီနဒီရွှေမြစ်ကြီး" . . .

ဟူသောအမည်နာမများ စုဝေးရာမြစ်ကြီးတစ်ခုဖြစ်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဧရာဝတီမြစ်သည် အရှေ့တောင်အာရှရှိအခြားမြစ် များထက် ထူးခြားသည်မှာ မြန်မာနိုင်ငံထဲ၌ပင် မြစ်ဖျားခံ၍ မာနိုင်ငံကိုသာဖြတ်စီးကာ မြန်မာ့ပင်လယ်ကမ်းခြေမှပင်လယ် သို့စီးဝင်ခဲ့သော မြန်မာမြစ်စစ်စစ်ဖြစ်ပေသည်။

ဧရာဝတီမြစ်သည် မိုင်ပေါင် ၁၃၅၀ ရှည်သည်။

ထိုမြစ်ကြီးသည် မြန်မာနိုင်ငံမြောက်ဘက် တောင်ကု ဒေသ၊ မြန်မာနိုင်ငံအလယ်ပိုင်း မိုးခေါင်ရေရှားဒေသ၊ မြန် နိုင်ငံအောက်ပိုင်းမြေနုကျွန်းပေါ်ဒေသတို့ကိုဖြတ်သန်း၍ ဆင်းလေသည်။

ဧရာဝတီမြစ်ကို သုံးပိုင်းပိုင်းနိုင်သည်။

- အထက်ပိုင်းဧရာဝတီ(ရှေးအကျဆုံးအပိုင်း)
- အောက် ဧရာဝတီ
- မြစ်ဝကျွန်းပေါ် (နောက်ဆုံးပေါ်သည့်အပိုင်း)တို့

ဖြစ်ပေသည်။

ဤဝတ္ထုနှင့် သက်ဆိုင်သောအထက်ဧရာဝတီ ကြောင်းကို အလေးပေး၍ ဖော်ပြပါမည်။

အထက်ဧရာဝတီသည် မေခနှင့်မလိခမြစ်တို့ပေါင်း ပြီး ချင်းတွင်းမြစ်လက်တက်စီးဝင်သည့်နေရာအထိဖြစ်သည်

ပထမမြစ်ကျဉ်းသည် မြစ်ကြီးနားမြို့နယ်၊ ဆင်ဘိုအလွ သုံးမိုင်ကွာရှိ မြင်သာရွာမှဗန်းမော်မြို့အနီးရှိ မြစေတီရွာအထိ





ရာ အလျား(၃၆½)မိုင် ရှိသည်။

ဒုတိယမြစ်ကျဉ်းသည် ဗန်းမော်မြို့နယ်စင်းကန်ရွာမှစ တင်၍ ရွှေကူမြို့အထက်နားရှိ သဘော်အင်းရွာအထိ (၁၄)မိုင် ခန့် အလျားရှိသည်။

ဧရာဝတီမြစ်သည် တောင်ဘက်သို့ကွေ့ဆင်းလာရာ ဘသာမြို့မှတကောင်းမြို့အထိ မြေနုကမ်းပါးများဖြစ်သည်။

အရှေ့ဘက်ကမ်းနှင့်ခပ်လှမ်းလှမ်း၌မူ ရှမ်းကုန်းပြင်မြင့် ၏အဆက်ဖြစ်သောမိုးကုတ်နယ်မှ တောင်ကုန်းများကိုတွေ့ရ သည်။

တကောင်းမြို့မှလွန်သောအခါ သပိတ်ကျင်းမြို့အနီး တွင် တတိယမြစ်ကျဉ်းသို့ရောက်ပြန်သည်။

တတိယမြစ်ကျဉ်းသည် သပိတ်ကျင်းမြို့၏အထက် ၁၀ မိုင်ခန့်ရှိ မလည်ရွာမှစတင်၍ ကျောက်မြောင်းမြို့ထိဖြစ်ပြီး အ လျား(၂၉) မိုင်ခန့်ရှိသည်။ ဧရာဝတီမြစ်တွင် ရေတံခွန်များမရှိ ချေ။

ထိုမြစ်သည် ရေစီးသာသဖြင့် မြစ်ဝမှမိုင်ပေါင်း ၈၀၀ ကျော်ဝေးသောဗန်းမော်မြို့အထိ သင်္ဘောများ ၁၂ ရာသီပတ်လုံး သွားလာဆန်တက်နိုင်သည်။

ထို့ကြောင့် ဧရာဝတီမြစ်သည် မြန်မာနိုင်ငံအထက်ပိုင်း နှင့်အောက်ပိုင်းကူးလူးဆက်ဆံရာ သဘာဝလမ်းမကြီးဟု ခေါ်ဆို နိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဧရာဝတီမြစ်သည် အထက်အောက်ကုန်များ အလူး တကူ ဖလှယ်ရောင်းရသောဗဟိုလမ်းမကြီးလည်း ဖြစ်သည်။

ထို့ကြောင့် ဧရာဝတီမြစ်ကမ်းရိုးမြစ်ဆိပ်မြို့ကြီးများသည် မြစ်ကြောင်းခရီးကိုအမှီပြု၍ စည်ပင်ဝပြောလာကြသည်။

အထက်ဧရာဝတီမြစ်ကမ်းပေါ်ရှိ ထင်ရှားသောမြို့ကြီး များမှာ မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ ထီး ချိုင့်မြို့၊ တကောင်းမြို့ဟောင်း၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့ စစ်ကိုင်းမြို့၊ အင်းဝမြို့၊ မြင်းမူမြို့၊ မြင်းခြံမြို့၊ ပခုက္ကူမြို့စသည် ဖြစ်ကြသည်။

ရှေးမြန်မာမင်းများ၏ မြို့တော်ဟောင်းများဖြစ်ကြသော တကောင်း၊ ပုဂံ၊ အင်းဝ၊ သရေခေတ္တရာ၊ စစ်ကိုင်း၊ အမရပူရ မန္တလေးစသည့်မြို့များသည် ဧရာဝတီမြစ်ကြောင်းပေါ်၌ပင် တည်ရှိခဲ့သည်ကိုထောက်ရှုခြင်းဖြင့် ဧရာဝတီမြစ်၏အသုံးဝင် တန်ဖိုးရှိပုံကိုသိသာနိုင်သည်။

ချင်းတွင်းမြစ်နှင့်အထက်ပိုင်းဧရာဝတီမြစ်ဝှမ်းရှိ သစ် တောများမှသစ်ဖောင်၊ ဝါးဖောင်များကို အောက်မြန်မာနိုင်ငံသို့ ရာဝတီမြစ်တစ်လျှောက် စရိတ်သက်သာစွာဖြင့် အလွယ်တကူ မျှောချနိုင်သည်။

ဧရာဝတီမြစ်ကမ်းဝဲယာရှိ နုန်းတင်မြေနုများသည် သီး နှံစိုက်ပျိုးရေးအတွက် မြေသြဇာအလွန်ကောင်းမွန်သည်။

မြစ်ဝှမ်းတလျှောက် မိုးနည်းပါးသောဒေသများ၌ ဧရာ





ဝတီမြစ်ရေကိုသောက်သုံးခြင်း၊ စိုက်ပျိုးရေးအတွက် ဆည်မြောင်း ဖြင့် သွယ်ယူသုံးစွဲခြင်းများ ပြုကြသည်။

ထို့ကြောင့် ဧရာဝတီမြစ်ကို မြန်မာနိုင်ငံ၏အသက်သွေး ကြောကြီးဟု ခေါ်ဆိုခြင်းဖြစ်သည်။

ဗြိတိသျှခရီးသည် ကပ္ပတိန်ဆိုင်မွန်တန်နေ၏မှတ်တမ်း တွင် အထက်ဧရာဝတီမြစ်နှင့်ပတ်သက်သည့်ဖော်ပြချက်များ ပါ ရှိပေသည်။

၁၈၃၅ ခုနှစ်၊ နိုဝင်ဘာလ ဧရာဝတီမြစ်ရေကျသောရာ သီ၌ မိုးကောင်းမြို့ဝန်အဖွဲ့နှင့်အတူ အင်းဝမှဆန်တက်ခဲ့သည့်အ ဖွဲ့တွင် မြန်မာလှေ(၃၄)စင်း ပါဝင်၏။

ဧရာဝတီမြစ်အထက်ပိုင်းခရီးမှာ အောက်ပိုင်းနှင့်မတူဘဲ အလွန်ပျော်ရွှင်ကြည်နူးဖွယ်ကောင်းသည်။

ဗန်းမော်နှင့်အင်းဝ မိုင်(၃၀၀)ခရီး၌ မြစ်ရိုးတလျှောက်၌ ရွာစဉ် ရွာဆက်အလွန်ဝေး၏။ မြို့ကြီးဆို၍ လမ်းတစ်လျှောက် လုံး၌ ကသာမြို့သာရှိသည်။

အင်းဝအထက်သို့ရောက်သောအခါ ကမ်းတစ်ဘက် တစ်ချက် ရှုမျှော်ခင်းမှာ တောင်ကမ်းပါးပေါ်များလာ၏။

မိုင်လေးဆယ်မျှ ခရီးရှည်သောရာဝတီမြစ်ကျဉ်းနှင့်နီး လေလေ တောင်ထူထပ်လာလေလေဖြစ်၏။

ထိုခရီးသို့ရောက်သောအခါ လှေထိုးသားများသည် ကမ်းပါးစောက်သောကြောင့် ကြိုးဖြင့်မဆွဲနိုင်တော့ဘဲ လှော်



www.burmeseclassic.com

www.burmeseclassic.com



တက်ကို အသုံးပြုကြရသည်။

ဤဒေသ၌ ဧရာဝတီမြစ်မှာ မြစ်နှင့်မတူ၊ တောင်နှ
ဝှမ်း၊ အိုင်ကြီးတစ်အိုင်နှင့်တူသည်။

မြစ်ကွေ့များသို့ရောက်လျှင် ရှေ့၌ တောင်ကမ်းပါး
မိုးလျှက်ရှိနေသည်ကို မြင်ရသောကြောင့် ထွက်ပေါက်မှရှိပါ
လားဟု အောက်မေ့ရသည်။

ကမ်းပေါ်မှသစ်ပင်ရိပ်များသည် မြစ်တွင်းသို့မိုးနေ
သစ်ပင်ပေါ်မှမျောက်အုပ်ကြီးများသည် လှေများနောက်သို့
ကောက်ကောက်ဖြင့် သစ်ကိုင်းပေါ်မှခုန်၍ ပိုင်းအုံလိုက်လေ
ကြောင်း တွေ့ရသည်။

'တတိယမြစ်ကျဉ်းကိုလွန်သော် မိုင်တစ်ရာခန့် နှန်း
လွင်ပြင်ကြီးကိုကျော်ဖြတ်ရ၏။

ဤလွင်ပြင်ကြီးမြောက်ဘက်၌ ဧရာဝတီနှင့်ချင်းတွင်း
မြစ်ကိုပိုင်းခြားထားသောတောင်တန်း ရှိ၏။

ယင်းတောင်တန်း၏ခြေရင်းတွင် ကသာမြို့တည်
သည်။ ကသာမြို့ပေါ်သို့မျှော်ကြည့်လိုက်လျှင် ထီးကိုရွှေချထား
သောစေတီတော်နှစ်ဆူကိုဖူးမြင်ရသည်။

ကသာဈေးတွင် မြန်မာလူမျိုးနှင့်တောင်ပေါ်တိုင်းရင်း
သားအများအပြားကို တွေ့ရသည်။

ဈေးသည်များမှာ တရုတ်၊ မြန်မာရောထွေးနေသည်
ကသာမြို့၌ ရက်အနည်းငယ်နားနေကြရာ မြို့သူ



းများက ပွဲလမ်းသဘင်များနှင့်အလွန်ညွှန့်ဝတ်ပျော်စွာ ညှို့
ကြလေသည်။

ကသာဈေး၌ အင်္ဂလန်နိုင်ငံလုပ်သည့် ကုန်ပစ္စည်းအ
ည်းငယ်ကိုပင် တွေ့ရသည်။

ကသာမြို့အထက် မိုင် ၅၀ ခန့်တွင် ဒုတိယမြစ်ကျဉ်းသို့
ရောက်၏။ ဒုတိယမြစ်ကျဉ်းမှာ ရှုခင်းအလွန်လှပသည်။

ဧရာဝတီမြစ်ကြောင်းသည် တောင်ကြားတွင် ကိုက်
၀ ခန့်မျှသာကျယ်၏။ တစ်နေရာတွင် မြစ်ကမ်းပါးကြီးမှာရိုးရိုး
ပြညီကမ်းပါး မဟုတ်ပေ။

ပေ(၈၀၀)ခန့်မြင့်သော တောင်ကမ်းပါးယံကြီးဖြစ်သည်။

မြစ်ရေတက်ချိန်တွင် မည်သည့်လှေသမ္ဗာန်မျှမသွားနိုင်
အောင် ရေစီးပြင်းထန်သည်ဟုဆို၏။ ရေကျချိန်၌ပင် အလွန်ပင်
န်းကြီးစွာဖြင့် ခရီးနှင်ရသည်။

'ဧရာဝတီမြစ်'ဟူ၍ ပေါ်ပေါက်လာသည်မှစ၍ အထက်
ဧရာဝတီမြစ်တွင်းသို့စီးဝင်ကြသောမြစ်လက်တက်များမှာ လက်
ဘက်မှနမ့်တောင် ခေါ် မိုးကောင်းချောင်း၊ မဲဇာချောင်း၊
မြစ်၊ ချင်းတွင်းမြစ်၊ လက်ဝဲဘက်မှမိုးလယ်ချောင်း၊ တပိန်မြစ်၊
ရွှေလီမြစ်၊ မြစ်ငယ်မြစ် (သို့မဟုတ်) နမ္မတူမြစ်(သို့မဟုတ်)ဒုဌဝ
မြစ်၊ ပန်းလောင်မြစ်၊ စမုန်မြစ်စသည်တို့ဖြစ်ကြသည်။

အထက်ဧရာဝတီမြစ်အကြောင်းကိုပြောလျှင် ရွှေလီမြစ်
အကြောင်းကိုပါထည့်သွင်းဖော်ပြရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဧရာဝတီမြစ်ကြီးထဲသို့ စီးဝင်သောထင်ရှားသည့်မြစ် လက်တက်ကြီးတစ်ခုမှာ ရွှေလီမြစ်ဖြစ်၍ မြန်မာနိုင်ငံ၏အရှေ့ဘက် ခါးပေါက်ကြီးဖြစ်သည်။

တရုတ်နိုင်ငံ၏ထိန်ယွေး(မိုးပျဉ်း)နယ် အရှေ့မြောက် ဘက် မိုင် ၆၀ ခန့်အကွာမှမြစ်ဖျားခံခဲ့ပြီးနောက် အနောက်တောင် ဘက်သို့စီးဆင်းကာ မိုင်းမော၊ နမ့်ခမ်းမြို့များအနီးမှဖြတ်သန်း၍ မိုးမိတ်နယ်သို့ဝင်ပြီးလျှင် မြစ်ဆုံရွာအနီးရောက်သောအခါတွင် မြောက်ဘက်သို့မြစ်ကြောင်းတစ်ဖန်လှည့်၍ ကသာမြို့တောင် ဘက် မိုင် ၂၀ ခန့်ကွာဝေးသော အင်းရွာအနီး၌ ဧရာဝတီမြစ်ထဲ သို့ပေါင်းဆုံစီးဝင်သည်။

ရွှေလီမြစ်သည် ၃၅၀ မိုင်ခန့်ရှည်လျားသည်။

တရုတ်မြန်မာလမ်းမကြီးသည် များသောအားဖြင့် ရွှေ လီမြစ်နှင့်ယှဉ်ပြိုင်သွယ်တန်းလျက်ရှိသည်။

ထို့ကြောင့် ရွှေလီမြစ်သည် တရုတ်၊ ရှမ်း၊ ကချင်ဒေသ တို့ကိုဆက်သွယ်ပေးသောခါးပေါက်ကြီးဟု ဆိုရပေမည်။

ဧရာဝတီနှင့်ရွှေလီမြစ်တို့ပေါင်းဆုံရာဒေသမှာ နုန်းတင် မြေနုကျွန်းများသည် ရေစီးရေလာအရ သဘာဝအလျောက် ပေါ်ထွန်းနေကြသည်။

ဦးပုည၏ရတနာနဒီမြစ်မော်ကွန်းဘွဲ့တွင် နဒီမြစ်အ ကြောင်းကိုဖွဲ့နွဲ့ခဲ့သည်။

နဒီချောင်း ခေါ် နဒီမြစ်သည် မြောက်ဘက်တရုတ်ပြည်





လွန်ကျန်မြစ်မှမြစ်ဖျားခံ စီးဆင်းခဲ့သည်ကိုမြောက်ဆွယ်စိန့်တိုင်း တောင်ယွန်းခိုင်းလျက်'ဟု စပ်ဆိုမော်ကွန်းတင်ခဲ့သည်။

ထိုလွန်ကျန်မြစ်သည် မြန်မာနိုင်ငံသို့စီးဝင်ကာ ရွှေလီ မြစ်အသွင်ကူးပြောင်း၍ မိုးမိတ်အထက် တောတောင်ဘက်ဆီ သို့စီးဆင်းပြီး'မိုင်းဝေ့မဲဝေ၊ တောင်သလာဝန်း၊ နံစခန်းက'ဟူ၍ လည်းကောင်း စပ်ဆိုခဲ့သည်။

'တင်ငုတ်ရွာမိတ်၊ ပတ်ခဲ့ချိတ်မှ၊ မိုးမိတ်နယ်ကုန်၊ ထွေ ထွေစုံသည်၊ မိုင်လုံနယ်ပါ၊ နခါးရွာမှ ဒက္ခိဏာယဉ်၊ ညာစဉ်ပတ် ချပ်၊ စီးခဲ့ဟုတ်သော်'ဟူ၍လည်းကောင်း စပ်ဆိုထားသည်။

'ကိုးတောင်ကိုးမော၊ ကိုးလီဝေါ်နှင့်ကမ္ဘောဇရပ်'ဟူ၍ လည်းကောင်း စပ်ဆိုခဲ့သည်။

'မိုင်းငေါ၊ မိုးမိတ်၊ မိုးကုတ်၊ မိုင်းလုံ၊ တင်ခုတ်ရွာ၊ ညောင် ကုန်းရွာစသည့် တောတောင်အထပ်ထပ်ကျော်ဖြတ်ကာ စီး ဆင်းခဲ့သောမေတ္တာစီးကြောင်းကြီးဖြစ်ကြောင်း 'ကမ္ဘည်းမော် ကွန်း'ရေးဖွဲ့ခဲ့ပါသည်။

ရွှေလီမြစ်ကို ချီပင်လွင်ပြင်သို့မရောက်မီ တရုတ်တို့က 'လွန်ကျန်၊ လွန်ချွန်းကျန်'ဟုခေါ်၍ ရှမ်းတို့က'နမ့်ယမ်မြစ်'ဟု ခေါ်သည်။

ချီပင်လွင်ပြင်ကျော်လာသောအခါ 'နမ့်မောမြစ်'ဟု ခေါ်ကြပြန်သည်။

မြန်မာတို့သည် ဧရာဝတီမြစ်၏လက်တက်ဖြစ်သော နမ့်



www.burmeseclassic.com

www.burmeseclassic.com



မင်'(Nanmao)ကို'ရွှေလီ'ဟု ခေါ်သည်။

နမ့်မင်ကို မြန်မာပြန်သော်'မောမြစ်'ဟု ခေါ်သည်။

ရွှေလီမြစ်အညာပိုင်း'မောမြစ်'တွင် နေထိုင်သောတိုင်
(ရှမ်း)အမျိုးသားတို့သည် မိမိတို့ကိုယ်ကို'မောမြစ်ဝှမ်းမှတိုင်(သို့
ဟုတ်)ရှမ်းများ'(Taimao)ဟု ခေါ်ကြသည်။

တောတောင် စိမ့်စမ်းလျှိုမြောင်ကြားမှဖြတ်စီးရသော
ကြောင့် မြစ်ကျဉ်းများ၊ ရေတံခွန်များ ပေါများသဖြင့် အချို့နေရာ
၌ ကူးသန်းသွားလာရေးခက်ခဲသည်။

မြစ်ဆုံရွာ အောက်ဘက်တွင် မြစ်ကြောင်းသည်ကျယ်
သော် လည်း မြစ်ဆုံရွာအထက်ဘက်မြစ်ကြောင်းသည် အလွန်
ကျဉ်းသည်။

မိုးကုတ်နယ် ရွှေညောင်ပင်ရွာနားမှစီးဆင်းလာသော
ကင်း ချောင်းနှင့် မိုးမိတ်မြို့ကိုဖြတ်သန်းစီးဆင်းသော နမ့်မိတ်
မြစ် သည် ပေါင်းဆုံပြီးနောက် မြစ်ဆုံရွာနားတွင် ရွှေလီမြစ်ထဲ
သို့ လက်ဝဲဘက်မှ စီးဝင်သည်။

ရွှေလီမြစ်သည်ကူးသန်းသွားလာရန် များစွာ အသုံးမ
ဝင်သော်လည်း ယင်းကို သစ်ဝါးမျှောရန် အသုံးပြုကြသည်။

နမ့်ခမ်းမြို့အနီး ဆွပ်ခန်းရွာအောက်နားတွင် ရွှေလီမြစ်
သည် တောင်ကုန်းကိုဖြတ်၍စီးရသဖြင့် ကိုက် ၁၀၀ ခန့်သာ
ကျယ်သည်။

ရောဝတီမြစ်သို့ဝင်ကာနီး ရွှေလီမြစ်၏ အောက်ပိုင်းဒေ

ဝဏ္ဏထွန်းစာပေ



သ၌ သစ်တောကြီးများရှိသည်။

ရွှေလီမြစ်ကမ်းပေါ်ရှိ ထင်ရှားသော ကူးတို့ဆိပ်များမှာ
နောင်ခမ်း၊ ဆွပ်ခမ်း၊ တကျယ်အေအောက်၊ ဆာလီ၊ ပိန်းခါ၊ ဖုံ
မော၊ မိုင်းဆတ်တို့ဖြစ်ကြသည်။

မိုင်းမောနှင့်နန်ခမ်းလွင်ပြင်ဒေသတွင် ရွှေလီမြစ်သည်
လွင်ပြင်ကိုစီးဆင်းရသော်လည်း အကွေ့အကောက်များသည်။

ထိုနေရာရှိ ရွှေလီမြစ်ဝှမ်းဒေသသည် အရှေ့နှင့်အ
နောက် မိုင် ၃၀ ခန့်ရှိပြီး တောင်နှင့်မြောက် ခုနှစ်မိုင်ခန့်ရှည်လျား
သည်။

ထိုဒေသသည် ရွှေလီမြစ်တစ်လျှောက်တွင် လူဦးရေ
အများဆုံးဖြစ်သည်။

ရွှေလီမြစ်ဝှမ်းတွင် ရှမ်းလူမျိုးများ အများဆုံးနေထိုင်ကြ
သည်။

ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး လယ်ယာကိုင်းကျွန်းလုပ်
ငန်းလုပ်ကိုင်စားသောက်ကြသည်။

ထိုဒေသ၏ထင်ရှားသောထွက်ကုန်များမှာ လက်ဖက်
ခြောက်၊ ကျောက်ကျော၊ မက်မုံသီး၊ သစ်တော်သီး၊ သစ်အယ်သီး၊
ဘယ်သီး၊ ဝါး၊ လွယ်အိတ်၊ ခမောက်စသည်တို့ဖြစ်ကြသည်။

ရွှေလီမြစ်ဝှမ်းနေ ရှမ်းတို့ကကျဉ်းမြောင်းသောချောက်
ကြိုမြောင်ကြားမှ စီးဆင်းလာသည်ကိုစွဲ၍'ရှည်လီ၊ ဖွေလီ'ဟူ၍
လည်းကောင်း ခေါ်ကြသည်။

ဝဏ္ဏထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



မြနီညိုရောင်အဆင်းရှိသောရွှေလီမြစ်သည် ငါးမည်
မြစ်ဖြစ်သည်။

ဧရာဝတီနှင့်ရွှေလီတို့သည် တရုတ်ပြည်သို့ဝင်ရော
လျှင် လမ်းကြောင်းအဖြစ် အရေးပါပုံကို ဒေါ်ရော်သီစုမင်း
အောက်ပါအတိုင်းရေးသားထားသည်။

မင်းတုန်းမင်းဘုရင်နှင့်အလွမ်းသင့်သူ ဒေါက်တာကာ
မင့်ဗီလျှံက ဧရာဝတီမြစ်ညာတစ်ခွင်လှည့်လည်လေ့လာခဲ့သည်

၁၈၆၃ ခုနှစ် မင်းတုန်းမင်း၏ခွင့်ပြုချက်ဖြင့် ဗန်းမော်
ဆန်တက်ကာ တရုတ်ပြည်သို့ဝင်ရာလမ်းကြောင်းနှင့်ပတ်သ
၍ စူးစမ်းရာ ဝင်လမ်းလေးလမ်းရှိသည်။

ယင်းတို့မှာ တာလီလမ်း၊ ဗန်းမော်လမ်း၊ ဧရာဝတီလ
နှင့်ရွှေလီလမ်းတို့ဖြစ်သည်။

ရွှေလီမြစ်သာယာပုံကို ကိုယ်တိုင်ရောက်ဖူးခဲ့သည့်ဆ
ကြီး ရွှေဥဒေါင်း၏မှတ်တမ်းတင်ရေးဖွဲ့မှုကို ဖော်ပြပါဦးမည်

ကျွန်ုပ်သည် နံနက်စာ ထမင်းစားပြီးချိန်တွင် အင်းကြီး
ရွာမှဖောင်ဖြင့် ခုန်ခဲ့ရာ မလုပ်ဖူးသောအလုပ်တစ်ခုတွင် ပျော်
တတ်သောကျွန်ုပ်မှာ ဖောင်ကလေးပေါ်တွင် အလကားနေရ
အရှွင်လှုက်ရှိ၏။

ဖောင်ကလေးမှုကား တရွေ့ရွေ့မျှောဆင်းခြင်းဖြစ်
သောကြောင့် ရွှေလီမြစ်၏ရှုခင်းကိုဝဝကြီး ကြည့်ရှုနိုင်ခွင့်ရှိ
သည်။





ထို့ပြင် စိတ်၏ဆန်းကြယ်ခြင်းကလည်း ရှိသေး၏။

ရှုခင်းတစ်ခုတည်းကိုပင် သင်္ဘောပေါ်မှကြည့်ရခြင်းနှင့်
ဖောင်ကလေးပေါ်မှကြည့်ရခြင်းသည် တူသည်မဟုတ်ချေ။

သင်္ဘောပေါ်တွင် လူတွေကြားထဲမှမျှော်ကြည့်ရခြင်း
သည် ဖောင်ကလေးပေါ်မှဇိမ်နှင့်ကြည့်ရခြင်းကဲ့သို့ စိတ်ထဲ၌
နှိုးရွတမဖြစ်လှပေ။

သင်္ဘောပေါ်မှမူ တမင်တကာကြည့်ရ၍မြင်ရပြန်တော့
သည်း တစ်မျက်နှာသာမြင်နိုင်ပေရာ ဖောင်ကလေးပေါ်မှမူကား
လေးမျက်နှာလုံးကိုကြည့်ချင်ရာ လှမ်းကြည့်နိုင်၏။

သင်္ဘောနှင့်သွားစဉ်က ချောင်းထဲသို့ရေဆင်းသောက်
နေ ကြသောတိရစ္ဆာန်ရိုင်းများသည် သင်္ဘောသံကြားသည်နှင့်
ခုန်လျှိုးကွယ်ပျောက်သွားကြသည်ဖြစ်ရာ ဖောင်ကလေးကိုမူ
ကား ထိုတိရစ္ဆာန်များသည်ထိတ်လန့်ကြောက်ရွံ့ခြင်းမရှိဘဲ ရဲရဲ
ကြီး မော့ကြည့်နေကြသည်။

သို့ဖြစ်၍ ထိုတိရစ္ဆာန်ရိုင်းတို့၏ဘာသာဘာဝနေထိုင်
ကြသောအခြင်းအရာကို အားရအောင်မြင်နိုင်ပေသည်။

အင်းကြီးမှထွက်လာစက ထမင်းစားပြီးသောအခါ တစ်
နေ့အိပ်တတ်သောကျွန်ုပ်၏ထုံးစံအတိုင်း တဲကလေးထဲတွင်
တစ်ရေးအိပ်မည်ကြံသော်လည်း ကျွန်ုပ်တစ်ခဏအိပ်လိုက်လျှင်
ရှုခင်းတွေ အများကြီး လက်လွတ်သွားနိုင်သဖြင့် မအိပ်ဘဲထိုင်၍
ရှုခင်းများကိုကြည့်ကာ လိုက်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေခင်းပိုင်းသို့ရောက်သောအခါ နေရောင်ပျော့လ
သည်နှင့်လွမ်းချင်သောစိတ်များသည် ရင်ဘတ်ကိုတိုးဝှေ့လျက်
ရာ ကျွန်ုပ်အဖို့ စိတ်ထိခိုက်ဆုံးသောအချိန်အပိုင်းအခြားဟု
အသိအမှတ်ပြုခဲ့မိပါသည်။

ကျွန်ုပ်စီးလာသည့်ဖောင်သည် ညနေခင်းအချိန်တွ
ရွှေလီဝသို့ရောက်၍ ပိန်းတောရွာကလေးသို့ချဉ်းကပ်လာလေ
ထို့နောက် ရွှေလီဝ၌ရှိသောအင်းရွာကိုကျော်လွန်၍
ရာဝတီမြစ်ပြင်ကြီးသို့ရောက်ကြသောအခါ နေဝင်စုတ်စုတ်
ချိန်ရှိနေလေပြီ။

'ဒေါ်ရော်သီစု'မင်းရေးသားခဲ့သောမှတ်တမ်းများမှာ
ထက်ပါအတိုင်းပင်ဖြစ်သည်။

မည်သို့ပင်ရှိစေ. . . .

မြန်မာပြည်၏ သင်္ကေတတစ်ခုဖြစ်သောဧရာဝတီမြ
နှင့် ပတ်သက်သောအကြောင်းများက ရေးဖွဲ့မကုန်နိုင်အောင်
လေသည်။

ထို့အတူ ဧရာဝတီမြစ်အတွင်းသို့စီးဝင်လျက်ရှိသော
များအနက် ရွှေလီမြစ်သည်လည်းထင်ရှားသောမြစ်တစ်ခုအ
ထင်ရှားလေသည်။

ဧရာဝတီမြစ်ကဲ့သို့ မြန်မာပြည်အတွင်းမှမြစ်များမခံ
ကာမူ လူသိများသောမြစ်တစ်စင်း ဖြစ်ပေသည်။

ရွှေလီမြစ်ကိုလူသိများခြင်းအကြောင်းရင်းမှာ. . . .





အခါက ရွှေလီမြစ်ဝှမ်းတစ်လျှောက်တွင် ကျွန်းသစ်တောကြီး
များရှိရာ သစ်ထုတ်လုပ်ရေးစခန်းများရှိခြင်းနှင့်သစ်ဖောင်ကြီးများ
ရာတွင် များစွာ အသုံးဝင်သောကြောင့်ဖြစ်သည်။

ထို့ပြင် ရွှေလီမြစ်ဝှမ်းတစ်လျှောက်တွင် စိတ်ဝင်စား
ယ်ရာကောင်းသောနေရာအတော်များများလည်း ရှိလေသည်။

ထိုနေရာများထဲတွင်'တရွှေဈေး'ရှိသောနေရာလည်း
တစ်နေရာအပါအဝင်ဖြစ်ပေသည်။

ဿဿဿ



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၄)

## ပဏ္ဏဝနှင့်တန္တွေဈေး

ရွှေလီမြစ်ဝှမ်းတစ်လျှောက်၌ 'တန္တွေဈေး'ရှိသည်။

ထိုနေရာမှာ တရုတ်ပြည်နယ်စပ်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ထိစပ်လျက်ရှိသောနေရာ၌ရှိသည်။

တိတိကျကျရေးရလျှင်တော့ နမ့်ခမ်းမြို့အနောက်ဘက် ရွှေလီမြစ်မြောက်ဘက်ယွန်းယွန်း ရှမ်းပြည်နယ်အတွင်း၌ပင် ရှိလေသည်။

သို့သော်လည်း ရွှေလီမြစ်ကိုအဓိကထားပြီး ကချင်ပြည်နယ်သို့လည်းကောင်း၊ တရုတ်ပြည်နယ်ထဲသို့သော်လည်းကောင်း အလွယ်တကူသွားလာနိုင်ကြလေသည်။



ထိုအရပ်ဒေသတစ်ဝိုက်မှာ ရှမ်း၊ တရုတ်တို့အနေများကြလေသည်။

ထိုခေတ် ထိုအခါက အဓိကထားပြီးစိုက်ပျိုးသောလုပ်ငန်းမှာ ဘိန်းစိုက်ပျိုးခြင်းပင်ဖြစ်သည်။

ရှမ်းပြည်နယ်အရှေ့ဘက်တကြောမှာ တရုတ်ပြည်နှင့်နယ်မြေချင်းထိစပ်နေသောကြောင့် ရှမ်းနှင့်တရုတ်တို့မှာ ဆက်ဆံမှုများကြလေသည်။

နောက်ပိုင်း ရှမ်းတရုတ်များပေါ်ပေါက်လာခြင်းမှာ ထိုနေရာများမှပင်ဖြစ်၏။

နယ်စပ်ဒေသတစ်လျှောက်တွင် ဘိန်းစိုက်ပျိုးမှုများပြီးဆိုလုပ်ငန်းဖြင့်ပင် စီးပွားရှာသူများလေသည်။

နမ့်ခမ်းအနောက်ဘက် ရွှေလီမြစ်ဝှမ်းတစ်လျှောက်မှာတော့ လူနေမများလှဘဲ သစ်တောကြီးများနှင့်ကျောက်ဂူများကျောက်တောင်များသာပေါလေသည်။

တန္တွေဈေးရှိသောနေရာမှာ ကျောက်ဂူကြီးတစ်လုံးအတွင်း၌ဖြစ်ပြီး လှေများနှင့်သွားလာကြလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့နှစ်ယောက်မှာ တန္တွေဈေးသို့လာရန်အတွက် ရန်ကုန်မှစတင် ခရီးထွက်ခဲ့ကြလေသည်။

ရန်ကုန်မှမန္တလေးပြေးဆွဲနေသောရထားဖြင့် မန္တလေးသို့ရောက်အောင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



မန္တလေးရောက်တော့မှ ပြင်ဦးလွင်သို့ ကားဖြင့်တက်သည်။

ပြင်ဦးလွင်မှ နောင်ချို၊ ကျောက်မဲ၊ သီပေါ၊ စသောမြို့များသို့ရောက်အောင် တစ်ဆင့်ပြီးတစ်ဆင့်၊ တစ်နေရာပြီးတစ်နေရာ ခရီးဆက်ကြရသည်။

လားရှိုးအထိ မီးရထားလမ်းရှိသော်လည်း ရထားဖြင့်မသွားဘဲ ကားဖြင့်သာသွားကြလေသည်။

ဒေါက်တာမင်းထင်ကျော်အနေဖြင့် နမ္မတူဘော်တွင်းများရှိရာသို့ အကြိမ်ကြိမ်ရောက်ဖူးခဲ့ပြီးဖြစ်သဖြင့် ထိုခရီးလမ်းများသည် သူ့အတွက်တော့ အသစ်အဆန်းမဟုတ်တော့ပါချေ။

လားရှိုး၊ မိုင်းလီ၊ သိန္နီ၊ ကွတ်ခိုင်အထိ တက်သွားကြရာ ခရီးအတော်ပေါက်ခဲ့ကြလေသည်။

ထိုအရပ်ဒေသဘက်ရောက်သွားတော့ အအေးဓာတ်က အတော်ပင်များရာ အနွေးထည်များ အထပ်ထပ်ဝတ်ထားကြရသည်။

"အတော်အေးတယ်နော်"

ဦးဗန်ကောင်းက ဦးခေါင်းပေါ်၌ဆောင်းထားသော သိုးမွှေးပွကက်ဦးထုပ်ကိုမျက်နှာပိတ်လုနီးပါးဆွဲချရင်း ပြောလိုက်လေသည်။

"ဒါတောင် ဒီဇင်ဘာမရောက်သေးဘူး. . . ဒီဇင်ဘာရောက်ရင် သွေးခဲမတတ်အေးတယ်"





ဟု ပြန်ပြောလိုက်သည်။

ကွတ်ခိုင်ရောက်တော့မှ မြောက်ပိုင်းဘက်သို့သွားသော ကားများဖြင့် အဆင်ပြေသလိုသွားကြရာ ရက်အတန်ကြာသောအခါ နမ့်ခမ်းသို့ရောက်သွားကြလေသည်။

ထိုနေရာရောက်တော့ မြန်မာလူမျိုးမတွေ့ရသလောက်ဖြစ်သွားပြီး ရှမ်း၊ တရုတ်နှင့်ရှမ်းတရုတ်သွေးရောနှောနေသူတို့သာ တွေ့ရတော့သည်။

မြန်မာစကားနားမလည်သူက များသည်။

အချို့လည်း ထမင်းစားရေသောက်၊ မတောက်တခေါက် ပြောတတ်ကြသည်။

ထိုနေရာရောက်တော့ တစ္ဆေဈေးအကြောင်းမေးမြန်းစုံစမ်းကြည့်တော့ မသိသူများသည်။ နောက်ဆုံး အဘိုးကြီးတစ်ယောက်နှင့်တွေ့တော့မှ လမ်းညွှန်ပေးသည်။

"ရွှေလီမြစ်အတိုင်း အနောက်ဘက်ကိုစုန်သွားရင် ကျောက်တောင်၊ ကျောက်ဂူတွေအများကြီးရှိတဲ့နေရာမှာရှိတယ်၊ တစ္ဆေဈေးရောက်အောင် သွားချင်ရင်တော့ ဂူကြီးတစ်ဂူထဲဝင်သွားရင် အထဲမှာ ရေအိုင်ကြီးလိုဖြစ်နေတဲ့နေရာရှိတယ်၊ အဲဒီကနေ လှေနဲ့သွားရင် ရောက်နိုင်ပါတယ်"

ဟု ပြောပြလေသည်။

ဒေါက်တာမင်းထင်ကျော်က အဘိုးကြီးကို ငွေဒင်္ဂါးအချို့ပေးလိုက်ရာ ကျေးဇူးတင်ကြောင်းပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီဂူထဲကို ဘဘရောက်ဖူးသလား"

"ငယ်ငယ်ကတော့ ရောက်ဖူးပါတယ်"

"တစ္ဆေဈေးဆိုတော့ တစ္ဆေတွေချည်းပဲနေတာလား"

"တစ္ဆေတွေအပြင် လူတွေလည်း နေကြပါတယ်၊ ဒါပေ မယ့် အဲဒီလူတွေက အပြင်ဘက်ကိုမထွက်ဘူး၊ ဂူထဲမှာပဲနေကြ တယ်"

"ဘာဖြစ်လို့လဲ"

"သူတို့က နေရောင်ခြည်အထိမခံဝံ့ကြဘူး. . . နေ ရောင်ခြည်ထိတာနဲ့မီးလောင်ပြီး သေတာပဲ"

ထိုသို့ပြောသောအခါ ဒေါက်တာမင်းထင်ကျော်က သ ဘောပေါက်သွားလေတော့သည်။

"တစ်လက်စတည်း မေးပါရစေဦး. . . တစ္ဆေဈေးမှာ ဘာတွေရောင်းသလဲ"

"အဓိကကတော့ စားသောက်စရာတွေပါပဲ. . . တစ္ဆေ တွေနှစ်သက်တဲ့အမဲသားငါးတွေပေါ့၊ ဒါပေမယ့် အဲဒီဈေးရောက် ရင်တော့ သတိထားပေ့ါ၊ လူတွေပေးတဲ့ငွေက စိတ်ချရပေမယ့် တစ္ဆေတွေပေးတဲ့ငွေကတော့ စိတ်မချရဘူး"

"အခုလိုပြောပြတာ ကျေးဇူးတင်ပါတယ်"

ဟုပြောဆိုကာ ထိုအဘိုးကြီးအားနှုတ်ဆက်ပြီးနောက် ရွှေလီမြစ်ကမ်းဘက်သို့ထွက်ခဲ့ကြသည်။

"ဒီအဘိုးကြီးနဲ့တွေ့ရတာ အတော်ကလေး အဆင်ပြေ





သွားတယ်"

ဟု လမ်းရောက်တော့ ဦးဇန်ကောင်းကပြောသည်။

"ဒီလိုပေါ့ ဒဇာရယ်. . . မေးပါများတော့ စကားရဆို တော့လည်း ဒီလိုပဲတွေ့တဲ့လူ မေးမြန်းရတာပေါ့၊ နောက်ပြီး ကျွန်တော်တို့က အမှန်တရားအတွက်လုပ်နေကြတာဆိုတော့ အမှန်တရားဆိုတာ နတ်ကောင်းတွေက စောင့်ရှောက်ပေးကြပါ တယ်"

ဟု စကားတပြောပြောဖြင့် လျှောက်လာကြရာ မကြာမီ ရွှေလီမြစ်ကမ်းသို့ရောက်လာကြသည်။

နမ့်ခမ်းမှာ ရွှေလီမြစ်ကမ်းနှင့်မဝေးလှသောနေရာ၌ တည်ထားသောမြို့ဖြစ်သည်။

မြစ်ကမ်းတစ်ဝိုက်မှာတော့ ကမ်း၌ ရပ်ထားသောလှေအ ချို့ကိုတွေ့ရသည်။

ထိုလှေများမှာအသုံးပြုစရာရှိပါက အသုံးပြုပြီးလာဝယ် သူရှိပါက ရောင်းချပေးသည်။

ထိုနေရာတစ်ဝိုက်မှာ ကျွန်းသစ်များကပေါလှပေရာ ကျွန်းပင်ကိုလှဲဖြတ်ပြီး လက်ဆွဲလွှဖြင့် ပျဉ်ချပ်စွဲကာ လှေတစ်စင်း ဆိုသောအလုပ်မှာ ဒေသခံများအတွက် မခက်ခဲလှပေ။

ရွှေလီမြစ်အောက်ပိုင်းသို့အရောင်းအဝယ်များကို သူ များက ကုန်းလမ်းမှသွားပါက ခရီးကြမ်းသောကြောင့် လှေတစ် စင်းဝယ်ကာ ရေလမ်းခရီးမှသွားကြသည်သည်က များလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခရီးသည်ဆုံးသောနေရာရောက်လျှင် ထိုလှေကိုရသည့်ဈေးဖြင့် ရောင်းချထားခဲ့ကြသည်။

ထို့ကြောင့် နမ့်ခမ်းနှင့်နီးသောရွှေလီမြစ်ကမ်းတစ်လျှောက်တွင် လှေစပ်ရောင်းသူအချို့ရှိနေခြင်း ဖြစ်ပေသည်။

မြစ်ကမ်းရောက်သောအခါ ဒေါက်တာမင်းထင်ကျော်တို့နှစ် ယောက်မှာ ကျွန်းသားလှေတစ်စင်းကိုသင့်တော်သောဈေးဖြင့် ဝယ် ယူလိုက်သည်။

လှေမှာ ၁၂ တောင်ခန့်အလျားရှည်ပြီး ၃ ပေခန့် ဗျက်အကျယ်ရှိသည်။

လှေထဲမှာ လှော်တက်နှစ်ချောင်း၊ ရေပက်ခွက်တစ်လုံးနှင့်ပွဲ့လျက်ထုပ်တစ်ထုပ်ကို အဆင်သင့်ထည့်ပေးထားသည်။

လှော်တက်က လှေလှော်ရန်ဖြစ်ပြီး ရေပက်ခွက်က လှေထဲရေဝင်လျှင် ပက်ထုတ်ရန်နှင့်ပွဲ့လျက်ထုပ်က ရေယိုလျှင် ပိတ်ရန်အတွက် ကြိုတင်ထည့်ထားပေးခြင်းဖြစ်လေသည်။

လှေဝယ်ပြီးသောအခါ လိုအပ်သောပစ္စည်းအချို့ကို ထပ်မံဖြည့်ဆည်းပြီးနောက် နှစ်ယောက်သား လှေဖြင့် ခုန်ဆင်းကြလေသည်။

နှစ်ယောက်စလုံး လှေကို ကျွမ်းကျွမ်းကျင်ကျင်မလှော်တတ်စေကာမူ ရေစီးအတိုင်း စုန်ဆင်းကြရသဖြင့် အခက်အခဲမရှိလှပေ။ တက်မကိုဖြောင့်အောင်ကိုင်သွားရုံသာ ရှိသည်။

ရေစီးအရှိန်များသောကြောင့် လှော်တက်ဖြင့် မလှော်စေကာမူ စက်တပ်ထားသောယာဉ်ပမာ အသွားနှုန်းမြန်လှပေသည်။



နေ့လည်ပိုင်းအချိန်က နမ့်ခမ်းမှစုန်ဆင်းလာကြရာ ညနေပိုင်းအချိန်လောက်တွင် အဘိုးကြီးပြောပြလိုက်သောနေရာသို့ ရောက်သွားကြသည်။

မြောက်ဘက်၌ရှိသောလမ်းပေါ်တွင် ကျောက်ဆောင်ကျောက်တောင်ကြီးများကိုလှမ်းမြင်ရသည်။

"ဒီနေရာပဲဖြစ်မယ်ထင်တယ်. . . ဝင်ပြီးစုံစမ်းကြည့်ရင် ကောင်းမယ်"

ဟုပြောပြီး ကမ်းနံဘေး၌ လှေကပ်ကာ မြစ်ထဲမှသွားလာကြသောလှေအချို့ကိုမေးမြန်းစုံစမ်းကြည့်ရာ ထိုနေရာတစ်ပိုက်မှာပင် တရွှေဈေးရှိကြောင်း ပြောသွားကြလေသည်။

ထို့ကြောင့် လှေကို ကမ်းပေါ်ရောက်အောင်ဆွဲကင်ကာ နွယ်ကြိုးများဖြင့် ခိုင်ခံ့အောင်ချည်ထားခဲ့ပြီးမှ ကမ်းပေါ်တက်ကြလေသည်။

"မမှောင်ခင် ဒီတစ်ညနားဖို့နေရာရှာမှဖြစ်မယ်. . . အမြင့်မှာနေရင် အေးလွန်းလို့သွေးခဲပြီး သေသွားနိုင်တယ်"

ဟု ဦးဗန်ကောင်းကပြောသည်။

ပတ်ဝန်းကျင်သို့ကြည့်သောအခါ ကမ်းခြေနှင့်နီးသောနေရာတစ်ဝိုက်တွင် သစ်တောများရှိပြီး သစ်တောများအတွင်းဘက်မှာတော့ ကျောက်တောင်ကြီးများကိုလှမ်းမြင်ကြရလေ





www.burmeseclassic.com

www.burmeseclassic.com



သည်။

ထို့ကြောင့် တွေတွေထူးထူးစဉ်းစားမနေကြတော့ဘဲ သစ်တောများအတွင်းမှဖြတ်ကာ အနီးဆုံးကျောက်တောင်တန်း တောင်ရှိရာသို့သွားကြလေသည်။

ဒေါက်တာမင်းထင်ကျော်က သေနတ်ကို အဆင်သင့် ကိုင်ကာ သတိဖြင့်သွားသော်လည်း သစ်တောများထဲမှဖြတ်သွား စဉ်မှာတော့ မည်သည့်အန္တရာယ်မှမတွေ့ကြရပေ။

နေဝင်ကာနီးမှာတော့ သစ်တောမှထွက်ကာ ကျောက် တောင်ကြီးများရှိသောနေရာသို့ ရောက်သွားကြလေတော့သည်။

ကျောက်တောင်ကြီးများမှာ အရှေ့နှင့်အနောက်သွယ် တန်းထားကာ ဂူပေါက်ဝများလည်းရှိသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ဦးဖန်ကောင်းတို့နှစ် ယောက်မှာ ထိုဂူပေါက်များထဲမှာဝင်နားရန် စိတ်ကူးပေါ်သော် လည်း မမျှော်လင့်သောအခြေအနေကပေါ်လာလေသည်။

နှစ်ယောက်သား ဂူပေါက်ဝနားမှာထိုင်နားနေကြစဉ် သစ်တောထဲမှသော်လည်းကောင်း၊ ဂူပေါက်ဝများအတွင်းမှ သော်လည်းကောင်း လူအချို့ထွက်လာသည်ကိုလှမ်းမြင်ကြ သည်။

အချို့လက်ထဲမှာ ခြင်းတောင်းများ၊ အထုပ်များပါပြီး အချို့လက်ထဲမှာတော့ မီးတိုင်များပါလာကြသည်။

ဒေါက်တာမင်းထင်ကျော်က အနားရောက်လာသော တစ်ယောက်ကိုလှမ်းမေးလိုက်သည်။





"ဘယ်သွားကြမှာလဲဗျ"

"တစ္ဆေဈေး"

ထိုလူက ဒါပဲပြောသွားသည်။

နောက်တစ်ယောက်မေးတော့လည်း ထိုအတိုင်းပင် ပြန်ဖြေသွားလေသည်။

ထို့ကြောင့် နှစ်ယောက်သားမနားတော့ဘဲ ထိုလူများနှင့် အတူ ရောနှောမဝေးမှလိုက်သွားကြလေသည်။

ရှေ့မှသွားနေကြသူများက အတော်ကျယ်သောဂူ ပေါက်ကြီး ဟစ်ပေါက်ထဲသို့ဝင်သွားရာ သူတို့လည်းလိုက်သွားကြ လေသည်။

ဂူကြီးအတွင်းရောက်သောအခါ အလင်းရောင်မရှိသ ဖြင့် မှောင်နေသော်လည်း အချို့သွားလာနေသူတို့တွင် မီးတုတ်၊ မီးတိုင်များပါကြသဖြင့် အလင်းရောင်ရနေလေသည်။

ကျောက်ဂူကြီးမှ သဘာဝအတိုင်းရှိနေသောကျောက်ဂူ ဖြစ်ပြီး အပေါ်မှကျောက်ပန်းဆွဲများက ပုံသဏ္ဌာန်အမျိုးမျိုး ဖြင့် တွဲလောင်းကျနေကြသည်။

အချို့နေရာများတွင် ရေစီးသံများကြားနေရသည်။

အတွင်းဘက်ရောက်သောအခါ ယှသံသူသံများကို စ တင်ကြားလာရသည်။

"ဒီဂူထဲမှာ လူတွေရှိပါလား"



www.burmeseclassic.com

www.burmeseclassic.com



"နှမ့်ခမ်းမှာတုန်းက တွေ့တဲ့အဘိုးကြီးပြောလိုက်တ
လေ၊ ဂူထဲမှာနေရောင်ခြည်အထိ မခံဝံ့တဲ့လူတွေနေကြတယ်
တာ သူတို့ဖြစ်မှာပေါ့"

"စိတ်ဝင်စားစရာပဲ"

"ကမ္ဘာ့နေရာအနှံ့အပြားရောက်ဖို့မဆိုထားနဲ့ ကျွန်တေ
တို့နေတဲ့မြန်မာပြည်ထဲမှာပဲ ကျွန်တော်တို့မရောက်ဖူးသေးတဲ့
ရာတွေ အများကြီးရှိသလို လူတွေနဲ့အဆက်အသွယ်မရှိဘဲ
ခြားနေတဲ့လူစုတွေလည်း အများကြီးရှိသေးတယ်"

"မှန်ပါတယ်"

နှစ်ယောက်သားတီးတိုးပြောဆိုရင်းနှင့် ရှေ့မှသွားနေ
များ နောက်မှလိုက်သွားကြရာ အတော်ကြာတော့ ရေအို
သဖွယ်ဖြစ်နေသောနေရာ၏ကမ်းစပ်သို့ရောက်သွားကြသည်

ထူးဆန်းအံ့သြဖွယ်ရာကောင်းသောမြင်ကွင်းမျိုး
သည်။

ရေအိုင်ကြီးမှာ မည်းမှောင်မည်းမျှကျယ်ဝန်းသည်မသိ
မျက်စိတစ်ဆုံးရှိနေလေသည်။ ရေက သိပ်မနက်လှပေ။

ရေပေါ်မှာသွားလာနေသောလှေများမှာ လှော်တ
သုံးဘဲ ထိုးဝါးဖြင့် ထောက်လျက်သွားလာနေကြခြင်းဖြစ်သ

ရေမျက်နှာပြင်ပေါ်သို့ အောက်မှကျောက်စွန်းအချို
ထိုးထွက်နေသည်။

ဂူမျက်နှာကျက်မှတွဲလဲကျနေသော ကျောက်ပန်းဆွဲ





ဘလည်း အချို့ရေပြင်အထိရောက်နေသောကြောင့် လှေများမှာ
ကျောက်စွန်းများကြားမှတိမ်းရှောင်သွားနေကြရပေသည်။

လှေများပေါ်မှာ မီးရောင်များထွန်းထားကြသဖြင့် ဂူအ
တွင်းမှာနေ့အချိန်ကဲ့သို့ လင်းထိန်နေသည်။

ကမ်းစပ်မှာ လှေအချို့ရပ်ထားရာ နောက်မှရောက်မှ
ရောက်လာသူတို့မှာ ထိုလှေတို့ကိုခေါ်ယူပြီး သွားကြလေသည်။

ဒေါက်တာမင်းထင်ကျော်က မနီးမဝေးကမ်းစပ်မှာရပ်
ထားသောလှေတစ်စင်းရှိရာသို့ဆင်းသွားကာ မေးလိုက်သည်။

"လှေအားရင် ငှားချင်လို့ပါ"

သူ့အသံကြောင့် လှေနောက်ဘက်မှာဆောင့်ကြောင့်
ထိုင်နေသူက ဦးခေါင်းပေါ်မှာဆောင်းထားသည့်ခမောက်ကို အ
ပေါ်မ,တင်ပြီး တစ်ချက်ကြည့်သည်။

"ဘယ်သွားမှာလဲ"

"တခွေးဈေး သွားချင်လို့ပါ"

"ရတယ်. . . တစ်ယောက်ကို ငွေဒင်္ဂါးတစ်ပြားပေးရ
မယ်"

"ပေးပါ့မယ်"

"ငွေအရင် ပေးပါ"

ဟု တောင်းသဖြင့် ဒေါက်တာမင်းထင်ကျော်က ငွေဒင်္ဂါး
နှစ်ပြားကိုထုတ်ပေးလိုက်သောအခါ ထလာပြီး လှမ်းယူသည်။

သူ့လက်ထဲသို့ငွေဒင်္ဂါးရောက်သောအခါ ရေထဲသို့ပစ်ချ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ဘာလုပ်တာလဲ"

"ငွေဒင်္ဂါးစစ်မစစ် စမ်းကြည့်ရတယ်. . . တစ္ဆေတွေကျွတ်တွေပေးတဲ့ပိုက်ဆံက မစစ်ဘူး၊ ရေထဲချလိုက်ရင် သစ်ရွက်တွေဖြစ်ပြီး ပေါ်လာတယ်"

ဟု ရှင်းပြသည်။

"အခုလို ရေထဲပစ်ချလိုက်တော့ ပြန်ရပါ့မလား"

"စိတ်မပူပါနဲ့. . . ရေကတိမ်တိမ်လေးပါ"

ဟု ပြောသဖြင့် ငုံ့ကြည့်လိုက်တော့ မီးရောင်များကြောင့် အောက်ဘက်ကျောက်သားပေါ်မှာတင်နေသည့် ငွေဒင်္ဂါးနှစ်ပြားကိုမြင်နေရသည်။

ရေက နှစ်ပေလောက်သာအနက်ရှိသည်။

လှေသမားက ငွေဒင်္ဂါးနှစ်ပြားကိုပြန်ကောက်ယူပြီး သူတို့နှစ်ယောက်ကို လှေပေါ် အတက်ခိုင်းသဖြင့် တက်လိုက်ကြသည်။

သူတို့လှေပေါ်ရောက်တော့ လှေသမားက ထိုးဝါးဖြင့်ထောက်ကာ လှေထွက်လာသည်။

ဂူထဲမှာရှိနေသောရေမှာ ကန်သဖွယ်ဖြစ်နေသောကြောင့် ရေမစီးဘဲ ငြိမ်နေသောကြောင့် တစ်နေရာမှတစ်နေရာအလွယ်တကူ သွားလာနိုင်သည်။

ဂူထဲမှာတော့ မီးရောင်များရှိနေပြီး တစ်နေရာမှတစ်



ရာ ဥဒဟိုသွားလာနေကြသောလှေငယ်များကိုတွေ့ရလေသည်။

ထိုရေကန်ထဲမှာ ကူးတို့လှေဆွဲပြီး ဝမ်းစာရှာနေကြသူ အတော်များများရှိကြဟန်တူသည်။

လှေသမားက နေရာအတော်များများကိုကျော်ဖြတ်သွားပြီးနောက် လူသွားလူလာများသောနေရာရောက်သောအခါ လှေကိုကမ်းစပ်၌ ကပ်ပေးလိုက်သည်။

"ဘာရောင်းဖို့ပါသလဲ"

"မပါဘူး"

"ဘာဝယ်ကြမှာလဲ"

"မှခကောင်ဝယ်ချင်လို့"

"မှခကောင်ရောင်းတဲ့လူက များများမရှိဘူး"

"ဘယ်သူရှိသလဲ"

"တစ္ဆေဈေးရောက်ရင်'ပဏ္ဏဝ'ကိုတွေ့အောင်ရှာ သူနဲ့တွေ့မှရမယ်"

"သူ့ကို ဘယ်နေရာမှာရှာရမလဲ"

"ဈေးတန်းထဲမှာ အစားအသောက်လိုက်တောင်းစားနေမှာပေါ့. . . သူက သူတောင်းစားပဲ"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်သည်း ကမ်းပေါ် တက်ခဲ့ကြလေသည်။

ဂူကြီး၏အတွင်းပိုင်းမှာတော့ မီးရောင်တထိန်ထိန်ဖြင့်အချိန်ပင်ဖြစ်နေသော်လည်း နေ့ဘက်အချိန်ကဲ့သို့ဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ဈေးတန်းတစ်လျှောက်မှာတော့ ဈေးရောင်းဈေးဝယ်… လုပ်နေကြသူ အတော်များများရှိရာ ဈေးတန်းကြီးသဖွယ်ဖြစ်… တော့သည်။ ထို့ပြင် ဈေးဝယ်သူတို့ကလည်း အတော်များသ…

ထိုအထဲတွင် လူအစစ်များရော၊ တစ္ဆေနှင့်ကျတ်… လည်း ရောနှောလျက်ရှိသည်။

လူယောင်ဆောင်ထားကြသောတစ္ဆေနှင့် ကျတ်များ… ပိုက်ဆံအတု၊ ငွေဒင်္ဂါးအတုများဖြင့် လူများနှင့်ရောနှောကာ … ဝယ်ရန် ကြိုးစားနေကြသည်။

ဈေးရောင်းသူများကလည်း လူရှုပ်နေသောအချိန်… သဖြင့် လူနှင့်တစ္ဆေများကိုခွဲခြားဖို့ရန် အတော်ပင်ခက်လှ… သည်။

တစ္ဆေနှင့်ကျတ်များကလည်း လူယောင်ဆောင်ထား… ဖြင့် ထိုနေရာမျိုးမှာ ဘယ်လိုမှမခွဲခြားနိုင်ပေ။

ထိုဂူထဲမှာနေကြသူများမှာလည်း နေရောင်ခြ… ကြောက်သဖြင့် နေ့အချိန်တွင် အပြင်မထွက်ဝံ့ဘဲ ညအ… ရောက်မှသာ အပြင်ထွက်ဝံ့ကြသောကြောင့် လူဟုသာဆိုရသေ… လည်း လူတစ်ပိုင်း တစ္ဆေတစ်ပိုင်းဘဝရောက်နေကြသူများ… သည်။

တစ္ဆေများက သူတို့ကိုမကြောက်ကြသလို သူတို့… လည်း တစ္ဆေများကိုမကြောက်တော့ပေ။





တစ္ဆေဈေးဟု ခေါ်ဝေါ်ကြခြင်းမှာ ထိုဈေးသို့တစ္ဆေများ …ရောက်ပြီး ဈေးဝယ်ကြသောကြောင့်ဖြစ်သည်။

တချို့တစ္ဆေနှင့်ကျတ်များက ငွေအစစ်၊ ရွှေအစစ်များ …င့် ၎င်းတို့ အလိုရှိသောအစားအသောက်တို့ကိုဝယ်ယူကြလေ …ည်။

အချို့တစ္ဆေနှင့်ကျတ်များကတော့ ရွှေအစစ်၊ ငွေအစစ် …ကြသောကြောင့် သစ်ရွက်များနှင့်ကျောက်တုံးကျောက်ခဲတို့ …င့် ရွှေတုံးများ၊ ငွေဒင်္ဂါးများဟန်ဆောင်ပြီး လာရောက်ဝယ်ယူ …ရှိကြသည်။

ဈေးရောင်းသူများက နံဘေးတွင် ရေထည့်ထားသော …င်တုံတစ်လုံးချထားပြီး ဈေးဝယ်သူများပေးသောငွေဒင်္ဂါး …င့်ရွှေတုံးများကို ရေထဲပစ်ချကြည့်သည်။

ရေထဲရောက်လျှင် ပုံမှန်သဘာဝအတိုင်းပြန်ပေါ်လာ …ည်။ ရွှေတုံးက ကျောက်တုံးကျောက်ခဲဖြစ်နေပြီး ငွေဒင်္ဂါးက …စ်ရွက်များဖြစ်နေတတ်သည်။

ထို့ကြောင့်ဈေးဝယ်လာလျှင် ငွေကို အရင်တောင်းပြီး …ရထဲပစ်ချကြည့်ပြီး စစ်မှန်တော့မှ ကုန်ပစ္စည်းပေးသည်။

ပစ္စည်းအရင်ပေးလိုက်ပါက ငွေဒင်္ဂါးကသစ်ရွက်ဖြစ်နေ …င်လည်း ဝယ်သူကိုလိုက်ရှာ၍ တွေ့တော့မည်မဟုတ်ပေ။

ဒေါက်တာမင်းထင်ကျော်နှင့် ဦးပန်ကောင်းတို့န… …ာက်လည်း အနွေးထည်များ အထပ်ထပ်ဝတ်ကာ ခေါင်းစွပ်



www.burmeseclassic.com

www.burmeseclassic.com



များကို မျက်နှာပေါ် ရုံလေးသာရှိသည်အထိ စွပ်ထားကြကာ ...
စ္ဆေဈေးတန်းအတွင်းသို့လျှောက်လာကြလေသည်။

အနီးဝန်းကျင်မှာသွားလာနေကြသူများမှာ ဘယ်ဟာက
လူ၊ ဘယ်ဟာက တစ္ဆေဆိုသည်ကိုတော့ ခွဲခြားရန်ခက်ခဲ
သည်။

နံဘေးမှာသွားလာနေကြသူများကလည်း သူတို့နှ
ယောက်ကိုဂရုပြုမိဟန်မရှိဘဲ ကိုယ့်အလုပ်ကိုယ်လုပ်နေ ကိုယ်
သွားရမည့်လမ်း ကိုယ့်ဘာသာသွားနေကြလေသည်။

"လေသမားပြောလိုက်တဲ့အတိုင်း ပဏ္ဏဝကိုတွေ့အောင်
ရှာရမယ်"

"သူပြောတဲ့ပဏ္ဏဝဆိုတဲ့လူကို တစ်ခါမှမမြင်ဖူးတော့
ဘယ်လိုရှာမလဲ"

"ဈေးတန်းလျှောက်ကြည့်ရင်းနဲ့ရှာကြတာပေါ့"

ဟုပြောကာ ဈေးတန်းတစ်လျှောက် လျှောက်လာကြ
သည်။

ဈေးသည်များရောင်းချနေသောကုန်ပစ္စည်းများမှာ အ
ခြားများများစားစားမပါဘဲ အစားအသောက်များကိုသာ ဦးစ
ပေးရောင်းချခြင်းဖြစ်သည်။

ခြံထွက်အသီးအနှံများ၊ ဆန်စပါး၊ ဂျုံ၊ ဘိန်း၊ လက်ဖက်
အသားခြောက်၊ ငါးခြောက်၊ ပျားရည်တို့ဖြစ်သည်။

ထိုအထဲတွင် ငါး၊ အမဲသား၊ ဝက်သားစသောအသား





များကို အစိမ်းလိုက်ရောင်းချနေသူများလည်းရှိသည်။

တစ္ဆေနှင့်ကျတ်များမှာ အသားစိမ်း၊ ငါးစိမ်းများကို
ကြိုက်နှစ်သက်ကြသဖြင့် ထိုဈေးသည်များအနီးတွင် လူအများ
ဆုံးဖြစ်သည်။

ထိုကဲ့သို့ အသားစိမ်း၊ ငါးစိမ်းရောင်းချသူတို့မှာ တစ်
ယောက်တည်း မရောင်းဝံ့သဖြင့် နှစ်ယောက်သုံးယောက်ဝိုင်းအုံ
ထားရသည်။

နံဘေးမှဝင်လုမည့်ကျတ်များ၊ တစ္ဆေများကိုကြည့်သူက
ကြည့်၊ အသားထည့်သည့်တောင်းကိုကြည့်သူက ကြည့်၊ အသား
ဖိုးပေးသောငွေကိုစစ်မစစ် စစ်ဆေးသူက စစ်ဆေးပေးကြရ
သည်။

တစ်နေရာရောက်သောအခါ လူတစ်ယောက်ကို လူနှစ်
ယောက် သုံးယောက်က အတင်းဆွဲထုတ်လာသည်ကိုတွေ့ကြရ
သည်။

ထိုသူမှာ အဝတ်အစားစုတ်စုတ်ပြတ်ပြတ်နှင့်တစ်ကိုယ်
လုံး သွေးမရှိတော့သလို ဖြူဖတ်ဖြူလျော်ဖြစ်နေသည်။

ပိန်ကပ်ကာ အရိုးပေါ် အရေတင်နေသကဲ့သို့ရှိသည်။

"သူ့ကို ဘာကြောင့်ဆွဲထုတ်လာတာလဲ"

"အစားအသောက်တွေကို ပိုက်ဆံမပေးနိုင်ဘဲ အတင်း
ဝင်လုစားနေလို့ဗျ"

တစ်ယောက် ပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူနာမည် ဘယ်သူလဲ"

"ပဏ္ဏဝတဲ့ သူတောင်းစားပဏ္ဏဝဆိုရင် လူတိုင်းသိတယ်"

"ဒီလိုဆိုရင် သူစားချင်တဲ့အစားအသောက်တွေကိုပေးလိုက်ပါဗျာ. . . ကျသင့်တဲ့ငွေကို ကျုပ်ပေးပါ့မယ်"

ဒေါက်တာမင်းထင်ကျော်က ပြောလိုက်သည်။

"ငွေအရင်ပေးပါ"

ပဏ္ဏဝကိုဆွဲခေါ်လာသူများက လှမ်းပေးလိုက်ပြီး ငွေတောင်းသဖြင့် ဒေါက်တာမင်းထင်ကျော်က ငွေဒင်္ဂါးအချို့ပေးလိုက်လေသည်။

ထိုငွေများကို ရေအင်တုံထဲထည့်စမ်းကြည့်ပြီး ကျေနပ်တော့မှ ပဏ္ဏဝလိုချင်သောအစားအသောက်များကို ယူခွင့်ပေးလိုက်လေသည်။

ပဏ္ဏဝဆိုသူမှာလည်း ရင်းလိုချင်သောအစားအသောက်များကိုရသဖြင့် များစွာ သဘောကျနေဟန်ရှိသည်။

သူသည် အိုမင်းရင့်ရော်သည့်ပုံသဏ္ဌာန်မျိုးဖြစ်နေသောကြောင့် အသက်အရွယ်ဘယ်လောက်ရှိနေပြီကိုပင် ခန့်မှန်းရခက်လှသည်။

"မင်းတို့က ဘယ်သူတွေလဲ. . . ဘာကြောင့် အခုလိုဝင်ပြီး အကူအညီပေးတာလဲ"

"ခင်ဗျားနာမည်က ဘယ်သူလဲ"





"ပဏ္ဏဝလို့ခေါ်တယ်. . . ငါက အထင်ကြီးစရာလူတစ်ယောက်တော့ မဟုတ်ပါဘူး။ တောင်းရမ်းစားသောက်နေရတဲ့သူပါကွာ"

ဟု လေသံတိုးတိုးဖြင့် ပြောပြလေသည်။

"ကျွန်တော်တို့က ပြည်မဘက်ကလာကြတာပါ"

"ဗမာလူမျိုးတွေလား"

"ဟုတ်ပါတယ်"

"ဘာကိစ္စရှိလို့ ဒီနေရာမျိုးကိုရောက်လာတာလဲ"

"ခင်ဗျားနဲ့တွေ့ချင်လို့ပါ"

"ဘာအတွက် ငါနဲ့တွေ့ချင်ရတာလဲ"

"မုခကောင်နဲ့အဆိပ်ရေလိုချင်လို့ပါ"

"ဒီအဆိပ်ကောင်နဲ့အဆိပ်ရေ ငါ့ဆီမှာရှိတယ်ဆိုတာမင်းတို့ ဘယ်ကသိတာလဲ"

"ဒီဗွစက္ကူကာလုနဲ့ ဆရာတစ်ဆူပေတလူပြောပြလိုက်လို့သိခဲ့တာပါ"

ထိုစကားကြားသောအခါ အံ့ဩသောအမူအယာဖြင့် တစ်ချက်ကြည့်လိုက်သည်။

ယခုအခါမှာတော့ ပဏ္ဏဝ၏အမူအယာမှာ စောစောကလို့မတူတော့ဘဲ တည်တည်ငြိမ်ငြိမ်ဖြစ်လာလေသည်။

"ဒီအကြောင်းတွေကို ဒီလိုလူတွေကြားမှာပြောလို့မသင့်ဘူး ဒီတော့ မင်းတို့နှစ်ယောက် ငါနေတဲ့ဂူထဲကိုလိုက်ခဲ့ကြပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောကာ လှေတစ်စင်းကိုခေါ်ပြီး ငုပ်နေသောဂူ
ခေါ်သွားရာ ဒေါက်တာမင်းထင်ကျော်နှင့်ဦးဗန်ကောင်းတို့မှ
ယောက်လည်း လိုက်သွားကြလေသည်။

ညဦးနက်ပိုင်းအချိန်ရောက်လာလေလေ တစ္ဆေဈေး
သောနေရာမှာ လူပိုများလာပြီး ပိုမိုစည်ကားလာလေတော့
သည်။

ဿဿဿ





# အခန်း(၁၅)
# သစ္စာဖြင့်ရသောအဆိပ်ဆေး

ပဏ္ဏဝနေသောနေရာမှာ တစ္ဆေဈေးရှိသောနေရာနှင့်
အတော်ပင် ဝေးသောအတွင်းပိုင်းတစ်နေရာ၌ ဖြစ်သည်။

လိုက်ပို့သောလှေသမားက ကျောက်စွန်းကျောက်စွယ်
များ ရှုပ်ထွေးသောနေရာတစ်ခုသို့လိုက်ပို့ပေးသည်။

ဒေါက်တာမင်းထင်ကျော်က အပြန်အတွက် လှေသမား
ကိုစောင့်နိုင်းထားရာ လှေသမားကလည်း သဘောတူသည်။

လှေပေါ်မှ အပေါ်တက်ပြီးနောက် ပဏ္ဏဝက သူတို့နှင့်
ယောက်ကို ငုပ်နေသောဂူပေါက်ထဲသို့ခေါ်သွားလေသည်။

ထိုဂူထဲမှာမှောင်နေရာ သူတို့ရောက်သွားတော့မှ မီးတိုင်



www.burmeseclassic.com

www.burmeseclassic.com



တစ်တိုင်ထွန်းလိုက်လေသည်။

ဂူထဲမှာတော့ အသုံးအဆောင်ပစ္စည်းများများ မရှိပေ။ လူတစ်ယောက် နေထိုင်ဖြစ်ရုံလောက်သာ ရှိဟန်တူသည်။

"ဒီနေရာက ငါနေတဲ့နေရာပဲ. . . ငါက မှောင်နေတဲ့နေရာမျိုးမှာပဲ နေလို့ရတယ်"

"ဘာကြောင့်လဲ"

"ငါမွေးထားတဲ့သတ္တဝါတွေက အလင်းရောင်မကြိုက်ဘူး. . . ဒါကြောင့် မှောင်ထဲမှာပဲ အမြဲနေရတယ်"

ပဏ္ဏဝမှာ အမှောင်ထဲမှာအနေများသူဖြစ်သောကြောင့် အပြင်ဘက်သို့ထွက်လာသောအခါ လူနှင့်မတူတော့ဘဲ နံ့ကောင်ဖြူတစ်ကောင်နှင့်တူနေခြင်းဖြစ်ပေသည်။

အစားအသောက်ချို့တဲ့သောကြောင့် တစ်ကိုယ်လုံး အရိုးပေါ် အရေတင်အနေအထားမျိုးရှိနေပြီး အမှောင်ထဲမှာသာ အနေများသောကြောင့် ဖြူဖပ်ဖြူလျော်ဖြစ်နေလေသည်။

"ခင်ဗျား ဘာကြောင့်အပြင်မထွက်တာလဲ"

"အပြင်ထွက်လို့နေရောင်နဲ့ထိရင် မီးလောင်ပြီးသေမှာပေါ့. . . ဒါကြောင့် အစားအသောက်တောင် ထွက်မရှာဝံ့လို့ ဂူထဲမှာပဲ တောင်းရမ်းစားသောက်နေရတာပေါ့။ မင်းတို့နဲ့တွေ့မှပဲ ဗိုက်ပြည့်အောင်စားရတော့တယ်"

ဟု ပြောပြောဆိုဆိုနှင့်ဈေးသည်ထံမှ ဒေါက်တာမင်း





ထင်ကျော်ဝယ်ပေးခဲ့သောအစားအသောက်များကို ပလုတ်ပလောင်း ထိုင်စားနေလေသည်။

ဒေါက်တာမင်းထင်ကျော်တို့ကလည်း သူစားသောက်ပြီးသည်အထိ ထိုင်ကြည့်နေသည်။

သူ့အမူအယာမှာ လူတစ်ယောက်စားသောက်နေသည်နှင့်မတူတော့ဘဲ တစ္ဆေသရဲတစ်ကောင်စားသောက်နေသည်နှင့် ပင် ပိုတူလေသည်။ ပြီးမှ. . . .

"မင်းတို့က မုကောင်ရဲ့အဆိပ်ရေလိုချင်လို့လာကြတာတော့ ဟုတ်ပါပြီ၊ ဘယ်နေရာမှာသုံးဖို့လဲ"

"သုတေသနလုပ်ဖို့လိုချင်တာပါ. . . ဘာကြောင့် ဒီလိုမေးတာလဲ"

"ဒီအဆိပ်က သာမန်အဆိပ်မျိုးမဟုတ်ဘူး. . . အဆိပ်ရေထိမိတာနဲ့နေရောင်ခြည်အထိခံလို့မရတော့ဘူး။ နေရောင်ခြည်ထိတာနဲ့မီးလောင်သေတာပဲ၊ တခြားအဆိပ်က အဆိပ်ဖြေဆေးရှိချင်ရှိမယ်၊ မုခဆိပ်က ဖြေဆေးမရှိဘူး. . . အဆိပ်ရေထိပြီးတာနဲ့ အလင်းရောင်ရှိတဲ့နေရာကိုမထွက်ရတော့ဘဲ အမှောင်ထဲမှာ တစ်သက်လုံး နေရလိမ့်မယ်"

"ကျွန်တော်တို့လည်း သိသင့်သလောက်သိခဲ့ရပါပြီ"

"ဘယ်လိုသိတာလဲ"

"လူတစ်ယောက်က အဲဒီအဆိပ်ရေကိုသုံးပြီး တခြားတစ်ယောက်ကိုသတ်ဖြတ်လိုက်တယ်. . . နောက်ထပ်သတ်



www.burmeseclassic.com

www.burmeseclassic.com



မယ့်သူတွေ ရှိသေးတယ်"

"ဟင်. . . ဒီစကား အမှန်ပဲလား"

"အမှန်ပါပဲ. . . ခင်ဗျားကိုမမှန်တဲ့စကားပြောဖို့ ဘာအကျိုးရှိမှာလဲ၊ အဲဒီအဆိပ်ရေက တခြားမှာမရနိုင်ဘူး. . . ခင်ဗျားပေးလိုက်တဲ့အဆိပ်ရေ မဟုတ်လား"

"ဟုတ်တယ်. . . လွန်ခဲ့တဲ့နှစ်လလောက်က လူတစ်ယောက် ဒီကိုရောက်လာပြီး ငါ့ဆီက အဆိပ်ရေလာယူသွားတယ်၊ ဒါပေမယ့် အဆိပ်ရေယူတဲ့အခါမှာ သစ္စာဆိုပြီး ယူရတယ်၊ သစ္စာပျက်ရင် အဲဒီအဆိပ်ရေနဲ့ပဲ သူသေလိမ့်မယ်"

"ဘယ်လိုသစ္စာပြုရတာလဲ"

"အဆိပ်ရေနဲ့သူတစ်ပါးကိုမနှိပ်စက်ရဘူး. . . မသတ်ရဘူးလို့သစ္စာဆိုထားရတယ်၊ သစ္စာဖောက်ရင်တော့ သူ သေမှာပဲ"

"ခင်ဗျားဆီရောက်လာတဲ့လူရဲ့နာမည်ကိုသိသလား"

"နာမည်တော့ ငါမသိဘူး"

"ဒါဖြင့် လူရဲ့ပုံပန်းသဏ္ဌာန်ကိုမှတ်မိသလောက် ပြောပြပေးပါ"

ပဏ္ဏဝက သူ့ဆီမှာအဆိပ်ရေယူသွားသူ၏အသက်အရွယ်နှင့် ပုံပန်းသဏ္ဌာန်တို့ကိုမှတ်မိသမျှ ပြန်ပြောပြသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ဦးဇန်ကောင်းတို့နှစ်ယောက်ကလည်း အသေအချာမှတ်ထားကြသည်။

"ဒီလူ ဘယ်အရပ်ကလာတာတဲ့လဲ"



"မင်းတို့လိုပဲ ဗမာလူမျိုးဖြစ်မယ်ထင်တာပဲ. . . အောက်နယ်ဘက်ကလာတာ ဖြစ်မှာပေါ့"

ဟု ပြောပြသည်။

"အခုလိုပြောပြတာ ကျေးဇူးတင်ပါတယ်. . . ကျွန်တော်တို့ကိုလည်း အဆိပ်ရေနဲ့အဆိပ်ကောင်ပေးပါဦး"

"ဒီအတိုင်းတော့ မရဘူး. . . သစ္စာဆိုပြီး ယူနိုင်မှပေးမယ်"

"ဆိုပါ့မယ်"

ဟု ကတိပေးတော့မှ သူနေသောဂူအတွင်းသို့ခေါ်သွားလေသည်။

ထိုနေရာတွင် ကျောက်သေတ္တာနှင့်တူသောသဘာဝရေအိုင်တစ်ခုရှိပြီး အပေါ်မှကျောက်ပြားချပ်ဖြင့် ဖုံးထားလေသည်။ လေးပေပတ်လည်ခန့် ကျယ်ဝန်းလေသည်။

ပဏ္ဏဝက အဖုံးဖွင့်လိုက်သောအခါ ရေအိုင်ထဲမှာ ပြာလဲ့သောအရောင်တောက်ပနေသည့်အဆိပ်ရေများထဲမှာ မုခကောင်ပေါက်ကိုပါတွေ့ရလေသည်။

မုခကောင်၏ပုံသဏ္ဌာန်က ထူးခြားသည်။ ဦးခေါင်းနှင့်အမြီးပိုင်းက နဂါးတစ်ကောင်နှင့်တူပြီး ကိုယ်လုံးက ချေးပိုးထိုးကောင်နှင့်တူသည်။ အလျားလေးလက်မခန့်သာရှည်ပြီး ကိုယ်လုံးကတော့ သိပ်မကြီးလှပေ။

ကိုယ်ပေါ်၌ နဂါးတစ်ကောင်ကဲ့သို့အကြေးခွံသေးသေး

www.burmeseclassic.com

www.burmeseclassic.com



များရှိပြီး အဆိပ်ရေများက ၎င်းကိုယ်မှစိမ့်ထွက်နေလေသည်။

ရေအိုင်ထဲ၌ရှိနေသော အဆိပ်ရေများမှာ ရေအိုင်ထဲမှ ရှိနေသောမုခကောင်များကိုယ်မှ စိမ့်ထွက်နေသောအဆိပ်ရေ များ ဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်တို့ တစ်သက်နှင့်တစ်ကိုယ်မ တွေ့ဖူးခြင်းမရှိသေးသော အဆိပ်ကောင်များကိုကြည့်ပြီး မှာ အံ့သြနေကြလေသည်။

"ဒီလောက် အန္တရာယ်များတဲ့အဆိပ်ကောင်တွေကို ဘာ ကြောင့်မွေးထားတာလဲ"

"အဆိပ်လည်းသုံးကတတ်ရင် ဆေးဖြစ်တယ်... ဒီအ ဆိပ်ရေကို ကိုယ်ပေါ်မှာသုတ်ထားရင် နေရောင်ခြည်နဲ့မထိ ချင်း ဘယ်လိုရောဂါမှမဖြစ်ဘူး၊ လူကိုဒုက္ခပေးတဲ့ပိုးတွေ အဆိပ်ရေနဲ့ထိလိုက်တာနဲ့သေတာပဲ၊ ဒီဂူထဲမှာနေကြသူတွေ ရောဂါမဖြစ်အောင် အဆိပ်ရေကို ကိုယ်မှာသုတ်ထားကြတယ် ဒါကြောင့် သူတို့ ဘာရောဂါမှမဖြစ်ကြဘူး"

"ဒါပေမယ့် သူတို့အပြင်ဘက်တော့ ထွက်လို့မဖြစ်တော့ ဘူးပေါ့နော်"

"နေရောင်ခြည်မထိအောင် သတိထားပြီးနေကြရတာ ပေါ့... ဒါကြောင့် လုပ်စရာရှိတဲ့အလုပ်တွေရှိရင် ညအချိန် ထွက်လုပ်ကြတယ်... မနက်ပိုင်း နေထွက်ချိန်ကိုရောက်ကာ လာရင် ဂူထဲမှာပြန်ဝင်နေကြတယ်"





ဟု ပြောပြလေသည်။

လောကတွင် ထူးခြားဆန်းကြယ်သောအကြောင်းများသည် နေရာများစွာ ရှိကြလေသည်။

သို့သော် ထိုကဲ့သို့သောထူးခြားဆန်းကြယ်မှုမျိုးတော့ တစ်ကြိမ်တစ်ခါမှမကြုံဘူး... မကြားဘူးကြသေးပေ။

ထို့နောက်မှာတော့ ပဏ္ဏဝထံမှာသစ္စာဆိုရမည်။

ထိုအဆိပ်ရေဖြင့် လူနှင့်တိရစ္ဆာန်တို့အား မသတ်ဖြတ်၊ မနှိပ်စက်ပါဟူသည့်သစ္စာစကားဖြစ်သည်။

အကယ်၍ သတ်ဖြတ်နှိပ်စက်မိပါက ထိုအဆိပ်ရေနှင့်ပင် အသက်သေရပါစေသားဟူသော သစ္စာပြုရခြင်းပင်ဖြစ်လေသည်။

ပြီးတော့မှ ပဏ္ဏဝက အဖုံးပါသောဝါးဆစ်ပိုင်းထဲသို့အဆိပ်ရေထည့်ပြီး မုခကောင်တစ်ကောင်ကိုပါဖမ်းပြီး ထည့်ပေးလေသည်။ ပြီးမှ အဖုံးကိုလုံခြုံအောင်ပြန်ပိတ်ကာ ပေးသည်။

အဆိပ်ရေနှင့်အဆိပ်ကောင်ရသောအခါ ပါလာသော ငွေများထဲမှ ငွေအချို့ကို ပဏ္ဏဝအားပေးထားခဲ့ပြီး အပြင်သို့ပြန် ထွက်လာကြသည်။

ထို့နောက်မှာတော့ စောင့်ခိုင်းထားသောလှေသမားနှင့်အတူ ဂူပေါက်ဝရောက်သည်အထိ ပြန်ထွက်ခဲ့ကြသည်။

အချိန်က မနည်းတော့ပေ။

သန်းခေါင်ယံအချိန်ကျော်ခဲ့ပြီဖြစ်သောကြောင့် ပင်ပန်း



www.burmeseclassic.com

www.burmeseclassic.com



ကျင်တစ်ခုလုံး နှင်းများက ပိတ်ဆီးနေပြီး အအေးဓာတ်ကလည်း များနေသည်။

ထို့ကြောင့် ဂူအတွင်းမှာပင်နေကြပြီး မိုးလင်းပြီးနှင်းကွဲ ပြုတော့မှ လှေရှိရာသို့ပြန်ဆင်းခဲ့ကြသည်။

ကမ်းဆိပ်မှာတော့ သူတို့ထားခဲ့သောလှေက ခြေရာ လက်ရာမပျက်ရှိနေသေးသည်။

ထို့နောက်မှာတော့ ရေစီးသန်သောရွှေလီမြစ်ကြောင်း အတိုင်း မိုးလိုသို့ရောက်အောင် စုန်ဆင်းခဲ့ကြသည်။

မိုးလိုရောက်တော့မှခရီးသည်တင်ကားများကို အဆင့်ဆင့်စီးကာ မန္တလေးရောက်အောင် ပြန်ဆင်းကြသည်။

မန္တလေးရောက်မှ တစ်ရက်နှစ်ရက်နားပြီး ရန်ကုန်သို့ ထားဖြင့် ပြန်ခဲ့ကြလေသည်။

ဿဿဿ



# အခန်း(၁၆)

## အဝိဟာယ်အရှိဆုံးအပြုံးများ

တစ်နေ့သ၌ နေ့လည်ပိုင်းအချိန်တွင် ခင်မေကြူတစ် ဘက်တည်း ရေကျော်စျေးဘက်မှ သူမ နေအိမ်ရှိရာဘက်သို့ လာလေသည်။

အချိန်က နေ့လည်ဘက်အချိန်သာသာပင်ရှိသေးသော် ည်း ကောင်းကင်မှာ တိမ်များဖုံးနေသဖြင့် နေရောင်ခြည် ဘက်ကွယ်နေကာ မိုးရွာတော့မည့်အခြေအနေမျိုးပေါ်နေ သည်။

ဦးရွှေကြူသေဆုံးခဲ့သည်မှာ လကျော်ခဲ့ပြီဖြစ်သဖြင့် အ အနေက အေးအေးချမ်းချမ်းနှင့်နောက်ထပ်မထူးခြားပဲရှိနေ

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ခင်မကြူလည်း အပြင်ဘက်သို့သွားလာဝံ့သောအခြေအနေမျိုး ပြန်ရောက်နေလေပြီ။

ယခင်ရက်များက အပြင်ထွက်လျှင် တစ်ယောက်တည်း မထွက်ဘဲ အိမ်ဖော်မလေးခေါ်သွားလေ့ရှိသော်လည်း ဒီနေ့တော့ မပါလာပေ။

ဒေါ်စိန်မှုံနေမကောင်းဖြစ်နေသဖြင့် အိမ်မှာခိုင်းစေရန် အတွက်ထားခဲ့ရသဖြင့် ယခုကဲ့သို့ တစ်ယောက်တည်း ထွက်လာခဲ့ခြင်းဖြစ်သည်။

သို့သော်လည်း စိတ်ထဲ၌ ကထင့်ထင့်နှင့်နောက်ဆံငင်နေသောကြောင့် ဈေးထဲတွင်လိုအပ်သောပစ္စည်းများကိုဝယ်ယူပြီး ဈေးရှေ့မှာတွေ့သောလံချားတစ်စီးကိုခေါ်ပြီး အိမ်သို့ပြန်လာလေသည်။

လံချားက ရေမြောင်းကြီးအနီး လူပြတ်သောနေရာရောက်သောအခါ လမ်းဘေး၌ရပ်လိုက်သည်။

"ဘာကြောင့် လံချားရပ်လိုက်တာလဲ"

"ပြောစရာရှိလို့ပါ"

"ဟင်. . . ."

အသံကြားတော့မှ လံချားဆွဲလာသူမှာ ကုလားတစ်ယောက်လိုရုပ်ဖျက်ထားသော်လည်း မဟုတ်မှန်းသိရလေသည်။

"ရှင် ဘယ်သူလဲ"

"အသံတောင်မမှတ်မိတော့ဘူးလား ခင်ရဲ့. . . ကိုတိုး





ပါ"

ဟုပြောဆိုကာ သူမအနီးသို့လာရပ်လေသည်။

ဒီတော့မှ ခင်မောင်တင့်မှန်း သိရလေတော့သည်။

"ရှင် ဘယ်လိုအကြံအစည်ရှိလို့ ဒီလိုလုပ်တာလဲ"

"ခင်နဲ့မခွဲနိုင်လို့ပေါ့. . . အခု ကိုယ်တို့နှစ်ယောက်ကို တားဖျက်ကယက်လုပ်မယ့် ခင် ဖေဖေလည်း မရှိတော့ဘူးဆိုတော့ ခင် ကိုယ်နဲ့လက်ထပ်ပါ။ တစ်ခါတည်း ကိုယ့်နောက်လိုက်ခဲ့ပါ"

"အို. . . ဘယ်နည်းနဲ့မှမလိုက်နိုင်ဘူး။ ရှင်ပြောတာလည်း ဘယ်နည်းနဲ့မှ လက်မခံနိုင်တော့ဘူး"

"ဘာဖြစ်လို့ ခါးခါးသီးသီးငြင်းနေတာလဲ. . . ကိုယ်တို့က ဆင်းရဲနေလို့လား။ ဘယ်လိုပဲဖြစ်ဖြစ် ခင့်ကိုတော့ လူတန်းစေ့အောင် ထားနိုင်ပါသေးတယ်"

"ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ ရှင်နဲ့ပတ်သက်ပြီး စိတ်ထဲမှာ ဘာမှမရှိတော့ဘူး။ ကျွန်မကိုသွားခွင့်ပေးပါ"

"ရက်စက်လှချည်လား ခင်. . . ခင်တို့မိသားစုတွေ ဆင်းရဲကျပ်တည်းနေတဲ့အချိန်မျိုးမှာ ကိုယ်တို့မိသားစုတွေက ထောက်ပံ့ပေးခဲ့တဲ့ကျေးဇူးကိုမှ မငဲ့တော့ဘူးလား"

"အဲဒါတွေ ကျွန်မ မသိဘူး. . . အခုအချိန်မှာ ကျေးဇူးရှိခဲ့ဖူးရုံနဲ့လူတစ်ယောက်ကို လက်ထပ်ဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး"

"ပြတ်သားလှချည်လား ခင်. . . အရင်က ချစ်ခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



တာတွေကို မေ့ပစ်လိုက်ပြီလား၊ အရင်က ကိုယ်တို့နှစ်ယောင် ချစ် လျက်နဲ့ဝေးခဲ့ကြတာ ကိုယ်တို့နှစ်ယောက်အပြစ်မှမရှိတာ ခင် ဖေဖေရက်စက်မှုကြောင့် ဝေးခဲ့ရတာပဲ၊ အခု သူမှမရှိတော့ တာ . . . ကိုယ့်ဘက်ကနည်းနည်းဖြစ်ဖြစ် စဉ်းစားပေးစေချင် တယ်"

"ကျွန်မ ရှင်ကိုအပြတ်ပြောပြီးသား ကိုခင်မောင်တင့် ဖေဖေဆုံးသွားတဲ့နောက်မှာ ကျွန်မ ဒီကိစ္စတွေကို ဘယ်လိုမှစိတ် ကူးလို့မရတော့တာမို့ ကျွန်မသွားပါရစေတော့"

ဟုပြောကာ ခင်မေကြူက လံချားပေါ်မှအောက်သို့ ရောက်အောင်ခုန်ဆင်းလိုက်ရာ ခင်မောင်တင့်က ရှေ့မှပိတ်ရပ် လိုက်သည်။

ထို့နောက် အိတ်ထဲမှာ အသင့်ဆောင်ယူလာသော လင်းတစ်လုံးကိုထုတ်ကာ ခင်မေကြူမြင်သာအောင်ပြသည်။

"ခင်သွားလို့ မရဘူး. . . ဒီကနေ့က ဆုံးဖြတ်ချက်ချပြီး မှထွက်လာခဲ့တာ၊ ခင်မပါပဲနဲ့တော့ မပြန်တော့ဘူး၊ ဒီပုလင်းထဲ မှာ ထူးဆန်းတဲ့အဆိပ်ရေပါတယ်၊ အဆိပ်ရေထိပြီး နေပူမိလိုက် တာနဲ့မီးလောင်သေမှာပဲ၊ ခင်မလိုက်ရင် ဒီအဆိပ်ရေကို ခင့် ကိုယ်ပေါ်လောင်းချထားခဲ့မယ်"

"ဟင်. . . ဒီအဆိပ်ရေကို ရှင် ဘယ်ကရသလဲ၊ အဲ က ကြောင်ဝါကြီးနဲ့ကျွန်မဖေဖေကို ဒီအဆိပ်ရေနဲ့ပဲ သတ်ပစ် တာ မဟုတ်လား"





ဟု ဒေါသသံဖြင့် မေးလိုက်လေသည်။

"ဟင်. . . ဒါတွေကို ခင် ဘယ်လိုသိနေတာလဲ"

ထိုသို့ပြောဆိုနေစဉ် သူ့နောက်ဘက်သို့ လူတစ်ယောက် ရောက်လာလေသည်။ သေနတ်တစ်လက်ကိုင်ထားသော ဒေါက် တာမဲ်င်းထင်ကျော်ပင် ဖြစ်သည်။

"သိတာပေ့ါ ခင်မောင်တင့်ရယ်၊ မင်းအဖေ ဦးဘတင့်က တစ္ဆေဈေးက မှခအဆိပ်ရေရအောင်ယူလာခဲ့ပြီး ဒီရောက်တော့ ဦးရွှေကြူကိုမသေသေအောင်ကြံစည်ပြီး သတ်ခဲ့တာတွေပါ စုံ စမ်းသိပြီးပါပြီ၊ မင်းလက်ထဲက အဆိပ်ရေပုလင်းကိုသာပေးပါ"

ခင်မောင်တင့်မှာ ပထမတော့ အံ့ဩသွားလေသည်။

နောက်မှ လက်ပူးလက်ကြပ်မိတော့မည်ကိုသိသဖြင့် မ ထူးတော့ဟန်ဖြင့် လက်ထဲမှာကိုင်ထားသောအဆိပ်ရေထည့် ထားသောပုလင်းအဖုံးကို ဖွင့်လိုက်သည်။

"ဒိုင်း. . . ."

"ခွမ်း. . . ."

သေနတ်ကျည်ဆံက အဆိပ်ပုလင်းကိုထိပြီးကွဲသွားရာ အဆိပ်ရေများက ခင်မောင်တင့်ကိုယ်ပေါ်သို့ လောင်းချလိုက်သ ကဲ့သို့ဖြစ်သွားလေတော့သည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် မိုးအုံ့နေရာမှ တိမ်တိုက်များ ကြားမှထွက်လာသောနေရောင်ခြည်က ခင်မောင်တင့်ကိုယ်ပေါ် သို့ ထိုးကျလာရာ ချက်ချင်းဆိုသလို မီးခိုးငွေ့များထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။

မရေးမနှောင်းမှာပင် မီးတောက်များထလာပြီး တစ်ကိုယ်လုံးကို လောင်လေတော့သည်။

ပထမတော့ တအံ့တသြကြည့်နေသည်။

နောက်မှာတော့ တစ်ကိုယ်လုံးမီးကျွမ်းကာ မြေပေါ်သို့ လဲကျသွားလေတော့သည်။

ခင်မေကြူမှာ ထိုမြင်ကွင်းကိုကြည့်ပြီး မေ့လဲလုမတတ် ဖြစ်နေသောကြောင့် ဒေါက်တာမင်းထင်ကျော်က ပွေ့ဖက်ကာ ထိန်းပေးထားရသည်။ မိနစ်ပိုင်းအတွင်းမှာပင် ခင်မောင်တင့် ခန္ဓာကိုယ်မှာ မီးကျွမ်းသွားခဲ့လေပြီ။

အဆိပ်ရေကိုယူခဲ့စဉ်က သစ္စာဆိုခဲ့သည်ကိုဖျက်သဖြင့် အဆိပ်ရေကြောင့် သေရသလား။ ဒါမှမဟုတ် ဦးရွှေကြူအပေါ် ပြုခဲ့သောဝဋ်ကြွေးက တစ်ကျော့ပြန်လည်လာသလားတော့ မပြောတတ်ပါချေ။

အဆိပ်ကိုအသုံးချသောသူမှာ အဆိပ်ဖြင့်ပင် အသက်သေဆုံးခဲ့ရပေသည်။

နောက်တစ်နေ့မှာ ဗိုလ်တထောင်ဂါတ်တဲ အတွင်း၌ လူစုံတက်စုံ ရှိနေကြလေသည်။

စုံထောက်ကျော်စွာတို့အဖွဲ့က ခင်မောင်တင့်၏ဖခင်ဦး ဘတင့်ကိုဖမ်းခေါ်လာသည့်အပြင် ၎င်းတို့ထံမှာရှိသောအဆိပ် ရေများကိုပါ တစ်ပါတည်း သိမ်းယူလာကြလေသည်။





ဦးဘတင့်က မငြင်းပေ။ ဒေါက်တာမင်းထင်ကျော်က မေးသောအခါ အကြောင်းစုံပြောပြလေသည်။

"ကျုပ်နဲ့ကိုရွှေကြူက တစ်နယ်ထဲ တစ်ရပ်တည်းသား ချင်းတွေပဲ. . . သူနိမ့်ပါးနေချိန်က ကျုပ်က အကူအညီပေးခဲ့ ရတယ်၊ သူ အမတ်ဖြစ်တဲ့အချိန်မှာ ကျုပ်တို့မိသားစုက အတော် လေး နိမ့်ပါးသွားခဲ့တယ်၊ အဲဒီအချိန်ရောက်တော့မှ သူ့ဆီက ဘာမှအကူအညီမရတဲ့အပြင် လက်ထပ်ဖို့အထိစီစဉ်ထားတဲ့ ကျုပ်သားနဲ့သူ့သမီးကိုခွဲပစ်ခဲ့တယ်၊ ဒါကြောင့်. . . ."

ဦးဘတင့်က အံတင်းတင်းကြိတ်လျက် ပြောပြသည်။

"ဒါထက် မုခအဆိပ်ရေကို ဘယ်လိုရခဲ့တာလဲ"

"ကျုပ်ထောင်ထဲရောက်တော့ တစ္ဆေဈေးနဲ့မုခကောင် အဆိပ်အကြောင်းကို သိခဲ့ရတယ်၊ အဲဒီထောင်ကပဲ လမ်းညွှန် ပေးခဲ့တာကြောင့် ထောင်ကလွတ်လာတော့ ပေတလူဆိုတဲ့လူကို တွေ့အောင်ရှာပြီး သေချာအောင် မေးခဲ့တယ်"

"အဲဒီတုန်းက တာမွေသင်္ချိုင်းသွားတော့ ကုလားလိုဝတ် သွားတယ်မဟုတ်လား"

"ခင်ဗျားက ဒီအထိ သိနေမှကိုး"

"သိပါတယ်. . . အတွင်းဝန်ရုံးကို ရေပိုက်ပြင်သမား ယောင်ဆောင်ပြီးသွားတော့လည်း ကုလားလိုရုပ်ဖျက်ပြီးသွားခဲ့ တာပဲ မဟုတ်လား။ ဒါကြောင့် ဦးရွှေကြူသေသွားပြီး မကြာ ခင်မှာ အလောင်းကို ဗီရိုလှည်းခေါ်ပြီး ချက်ချင်းပို့ပေးနိုင်တာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့"

"ခင်ဗျားက ဒီလောက်သိနေမှတော့ မငြင်းတော့ပါဘူး"

"ရုပ်ဖျက်တာ တခြားနည်းမသုံးဘဲ ဘာဖြစ်လို့ ကုလားလို ရုပ်ဖျက်တာလဲ"

"ဦးရွှေကြူက ပုဇွန်တောင်ဘက်က နတ်ဘုရားကျောင်း ဖျက်တာနဲ့ပတ်သက်ပြီး ကုလားတွေကမကျေမနပ်ဖြစ်နေတော့ အထင်မှားအောင် တမင်လုပ်တာပါ"

"ဆက်ပြောပါဦး"

"နောက်တော့ တရွှေဈေးမှာရှိတဲ့ ပဏ္ဍဝဆီက မုခအ ဆိပ်ရေကိုရအောင်ယူလာခဲ့တယ်၊ ဒီရောက်တော့ နတ်ဘုရား ကျောင်းနဲ့ပြဿနာဖြစ်နေတာကို အခွင့်ကောင်းယူလိုက်တယ် ပုံမှားရိုက်ပြီး သူ့ကိုသတ်ဖို့ကြံစည်ခဲ့တာပါပဲ"

"ခင်ဗျားလည်း လူပါးတစ်ယောက်ပါပဲ. . . ကျွန်တော် တို့ ဒီအမှုလိုက်နေမှန်းသိတော့ အဂ္ဂိမုခဆိုတဲ့နာမည်နဲ့ကျွန် တော်အိမ်ကို စာတစ်စောင်ပို့ပေးခဲ့သေးတယ် မဟုတ်လား"

"ဟုတ်ပါတယ်. . . အခုတော့ ကျုပ်တို့မိသားစုအပေါ် ကျေးဇူးကန်းခဲ့တဲ့လူယုတ်မာကိုလည်း လက်စားချေပြီးပြီ. . . ကံဆိုးတဲ့ ကျုပ်သားလည်းသေပြီဆိုတော့ ကျုပ်ကိုကြိုက်သလို သာ အပြစ်ပေးကြပါတော့ဗျာ"

ထို့နောက်မှာတော့ ဦးဘတင့်၏ထွက်ဆိုချက်များကိုစင် ချက်ယူပြီး အချုပ်ခန်းထဲသို့ပို့လိုက်ကြသည်။



ထိုအခါမှ စုံထောက်ကျော်စွာက တိုးတိုးမေးသည်။

"ဆရာ သဲလွန်စရအောင် ဘယ်ပုံဘယ်နည်းကောက် တယ်ဆိုတာလည်း တဆိတ်လောက် ရှင်းပြပေးပါဦး"

ထိုအခါ ဒေါက်တာမင်းထင်ကျော်က ကပ္ပိတန်စီးက ရက်ကိုစိမ်ပြေနပြေဖွာရင်း ရှင်းပြသည်။

"ဦးရွှေကြူသေဆုံးတဲ့ပုံကထူးဆန်းမှာတော့ သာမန်မ ဟုတ်ဘူးဆိုတာတော့ ကိုကျော်စွာလည်း ရိပ်မိမှာပါ"

"ဒါတော့သိတယ် ဆရာ"

"ဒါဖြင့် တစ်စုံတစ်ယောက်ရဲ့လက်ချက်ဆိုတာ သိဖို့ဖြစ် နိုင်ခြေရှိတဲ့လူတွေကိုခွဲထုတ်တော့ သုံးမျိုးထွက်လာတယ်"

"ဟုတ်ကဲ့"

"အနီးကပ်ဆုံးသံသယရှိသူတွေကို ခွဲထုတ်လိုက်ရင် ဦး ရွှေကြူကပါလီမန်အမတ်ဆိုတော့ ပါလီမန်အမတ်ရွေးပွဲကလည်း နီးနေပြီမဟုတ်လား၊ ဒီတော့ သူနဲ့အနီးဆုံးမှာရှိတဲ့ပြိုင်ဘက်အ မတ်လောင်းတွေကိုလည်း ကြည့်ရတယ်"

"ဟုတ်ကဲ့"

"နတ်ဘုရားကျောင်းနဲ့ပြဿနာဖြစ်ထားတော့ အဲဒါနဲ့ သက်ဆိုင်တဲ့လူတွေလည်း သတိထားကြည့်ရတယ်၊ ခင်မောင် တင့်တို့သားအဖကတော့ ဆွမ်းကျွေးသွားတဲ့နေ့ရောက်တော့မှ သူတို့အကြောင်းကို ခင်မေကြူဆီကသိရတာပါ"

"ဆက်ပြောပါဦး ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ဒိဗ္ဗစက္ခုကာလုနဲ့ဆရာတစ်ဆူပေတလူတို့နဲ့ တွေ့ပြီးတဲ့အခါ ထူးဆန်းတဲ့မုခအဆိပ်အကြောင်း သိရတယ် . . . နောက်ပြီး ပေတလူဆီကိုလာတဲ့သူက ကုလားလိုရုပ်ဖျက်ထားပေမယ့် ဗမာလိုပြောတာရယ် အတွင်းဝန်ရုံးစောင့်တဲ့စန္ဒရီကရေပိုက်ပြင်ဖို့လာတဲ့လူက ကုလားဆိုပေမယ့် ဗမာသံနဲ့ပြောတယ်လို့ပြောလိုက်တော့ တရားခံက ကုလားလို အယောင်ဆောင်ထားတဲ့ ဗမာတစ်ယောက်ဖြစ်ရမယ်လို့ ကောက်ချက်ချမိတယ်"

"ဟုတ်ကဲ့"

"တစ္ဆေဈေးရောက်ပြီး ပဏ္ဍုဝနဲ့တွေ့တော့မှ မုခအဆိပ်လာယူသွားတဲ့လူရဲ့ပုံပန်းသဏ္ဍာန်ကိုမေးကြည့်တဲ့အခါ ဦးဘတင့်နဲ့တထေရာတည်းတူနေတာကို သိလာခဲ့ရတယ်၊ ဒါကြောင့် ရန်ကုန်ပြန်ရောက်တာနဲ့ခင်မေကြူကိုအကျိုးအကြောင်းပြောပြပြီး အကူအညီတောင်းရတယ်၊ ဒီကိစ္စမှာ ခင်မေကြူက အမိကပစ်မှတ်ဖြစ်နေလေတော့ ပစ်မှတ်ကိုပဲတည်ကြည်အသုံးပြုခဲ့လို့ တရားခံတွေကိုဖမ်းမိခဲ့တာ ဖြစ်ပါတယ်"

ဟု ဒေါက်တာမင်းထင်ကျော်ကရှင်းပြလိုက်သည်။

"အခုမှပဲရှင်းသွားတော့တယ် . . . ဆရာ့ကျေးဇူးကြောင့် အမှုမှန်ပေါ်ပေမယ့် သတင်းစာနဲ့ဂျာနယ်တွေက ကျွန်တော်လိုက်လို့ပေါ်တယ်ထင်ပြီး ကျွန်တော့်နာမည်ပဲတပ်ပြီး ရေးကြဦးမှာပါပဲ"

"ဒါက အရေးမကြီးလှပါဘူး ကိုကျော်စွာရယ် . . . အမှု





မှန်ပေါ်ဖို့သာ အဓိကပါ"

"ဘာပဲဖြစ်ဖြစ် အမှုမှန်မြန်မြန်ပေါ်တော့ ကျွန်တော်တို့စခန်းက ဌာနအုပ်ဦးဘကျော်လည်း မျက်နှာကောင်းရ . . . ကျွန်တော်လည်း စုံထောက်မင်းကြီး မစ္စတာစမစ်ဆီကို အစီရင်ခံစာ(Report)တင်တဲ့အခါ နာမည်ကောင်းရပြန်တာပေါ့"

ဟု ပြောဆိုလေသည်။

ထို့နောက် ဒေါက်တာမင်းထင်ကျော်က ဗိုလ်တထောင်ဝါတ်တဲမှပြန်ထွက်လာပြီးနောက် တစ်လက်စတည်းနှင့်ခင်မေကြူတို့တိုက်သို့ဝင်လေရာ အဆင်သင့်တွေ့ရသဖြင့် အကြောင်းစုံပြောပြလိုက်သည်။

"ခင်မေကြူတို့လည်း အန္တရာယ်တွေကင်းသွားပြီမို့ အေးအေးချမ်းချမ်းနေရပါပြီ"

"ဘာပဲဖြစ်ဖြစ် ကျွန်မတို့သားအမိကို အခုလိုအကူအညီပေးတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်၊ ကူညီစောင့်ရှောက်ပေးခဲ့တာကိုလည်း ဘယ်တော့မှမမေ့ပါဘူး"

"ကျွန်တော်လည်း နတ်ဘုရားကျောင်းသွားပြီး ကျေးဇူးတင်စကားပြောရဦးမယ်၊ သူတို့အပေါ် အထင်လွဲခဲ့မိတာတွေတောင်းပန်ရမယ်"

ထိုစကားကြားတော့ ခင်မေကြူက . . .

"ကျွန်မလည်း လိုက်ခဲ့လို့ရမလား ဆရာ"

ဟု မေးသည်။

"ရပါတယ် . . . လိုက်ခဲ့လေ၊ ကျွန်တော်ပြန်ပို့ပေးပါ့



www.burmeseclassic.com

www.burmeseclassic.com



မယ်"

ဟု ပြောကာ ကားဖြင့် တစ်ပါတည်း ခေါ်သွားလေသည်။ ဘုရားကျောင်းရောက်တော့ နတ်ဆရာချန္ဒရာနှင့်တွေ့ရလေသည်။

ဒေါက်တာမင်းထင်ကျော်ကိုမြင်တော့ သူကမေးသည်။

"အားလုံးအဆင်ပြေသွားပြီ မဟုတ်လား"

"ကာလီမယ်တော်လမ်းစဖော်ပေးလိုက်လို့ အခုတော့ အားလုံးအမှုမှန်ပေါ်သွားပါပြီ၊ ဒီအတွက် ကျေးဇူးတင်ပါတယ်။ အထင်လွဲမိတာတွေကိုလည်း တောင်းပန်ပါတယ်"

"တောင်းပန်စရာမလိုပါဘူး. . . မယ်တော်ကြီးက ခင်ဗျားတို့ကိုခွင့်လွှတ်ပါတယ်. . . သူသာ စိတ်ဆိုးရင် ခင်ဗျားတို့ သေတာကြာပြီ"

"ဖျက်ဆီးခံရတဲ့ဘုရားကျောင်းနေရာ တစ်နေရာရိုလည်း ကျွန်တော်ဆောင်ရွက်ပေးပါ့မယ်"

"ဒီစကားကြားရတာ ဝမ်းသာပါတယ်. . . မယ်တော်ကြီးကလည်း ခင်ဗျားတို့လင်မယားနှစ်ယောက်အတွက် စောင့်ရှောက်ပေးမှာပါ"

ဟုပြောရာ ဒေါက်တာမင်းထင်ကျော်ကနံဘေးမှာရှိနေသည့်ခင်မေကြူကိုတစ်ချက်လှည့်ကြည့်လိုက်ရာ သူမကတော့ ဘယ်လိုမှမထူးခြားသောဟန်အမူအယာဖြင့် ရှိနေလေသည်။

ထို့နောက် နတ်ဘုရားကျောင်းမှပြန်လာသောအခါ ဒေါက်တာမင်းထင်ကျော်က တောင်းပန်လိုက်သည်။





"စောစောက နတ်ဆရာရဲ့စကားအတွက် တောင်းပန်ပါတယ်"

"တောင်းပန်စရာမလိုပါဘူး ဆရာရယ်. . . ကျွန်မဘာယ်လိုမှသဘောမထားပါဘူး"

"အလုပ်ကိစ္စတွေပြီးသွားတော့ ခင်မေကြူဆီကလာလည်လို့ရမလား"

"တကယ်တော့ အခုအခြေအနေမျိုးမှာ ကျွန်မတို့သားအမိအတွက် အားကိုးရမယ့်သူမရှိပါဘူး. . . ဆရာလာရင် ဝမ်းသာရမှာပေါ့"

"ဒီလိုဆိုရင်တော့ အချိန်ရရင် လာခဲ့ပါဦးမယ်. . . ခင်မေကြူကိုပြောစရာစကားလေးတွေလည်း ရှိနေလို့ပါ"

ခင်မေကြူကရှက်သွေးဖြာသောမျက်နှာလေးဖြင့် ခေါင်းညိတ်ပြလေသည်။

သူမအနေနှင့် ဒေါက်တာမင်းထင်ကျော်ရင်ထဲမှအခြေအနေကို တစ်စွန်းတစ်စသိရပြီဖြစ်သလို လူအကဲခတ်ကောင်းသော ဒေါက်တာမင်းထင်ကျော်ကလည်း မပြောခင်ကတည်းက သူမ ရင်ထဲမှအခြေအနေကို အမူအယာများအကဲခတ်ကြည့်ရုံဖြင့် သိနေပေပြီ။

တကယ်တော့ ရင်ထဲမှဖြစ်ပေါ်နေသောစကားလုံးများမှာ တခါတစ်ရံ အသံမရှိဘဲဟန်အမူအယာဖြင့်သာ ပေါ်လာတတ်ပေသည်။

စကားလုံးမရှိသောဟန်အမူအယာများမှာလည်း ချစ်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းမေတ္တာအတွက် လိုအပ်သောသင်္ကေတများပင်ဖြစ်ကြ လေသည်။

ဒေါက်တာမင်းထင်ကျော်က ကားမောင်းနေရင်းမှ ခင်မေကြူအမူအယာကို အကဲခတ်မိသဖြင့် ကျေနပ်စွာဖြင့် မသိမသာ ပြုံးလိုက်သလို. . . .၊

ခင်မေကြူကလည်း သူ့အပြုံးကိုမြင်သောအခါ မလုံမလဲဖြစ်သွားဟန်ဖြင့် ရှက်ပြုံးလေးတစ်ချက်ပြုံးလိုက်လေသည်။

ထိုအပြုံးများကပင် နှစ်ဦးစလုံးအတွက် အဓိပ္ပာယ်အရှိဆုံး၊ ချစ်စရာအကောင်းဆုံးအပြုံးများ ဖြစ်နေချေတော့သည်။


ဤနေရာတွင် ကျွန်ုပ်ရေးသားသော(တစ္ဆေဈေး)အမည်ရှိ ဂန္ထဝင်ရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ်အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။

အနီယာဟောတုသုခီအတ္တာနံပရိဟရန္တု။

ကြိုသင်

စာပြီးချိန်- ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ(၁၁)ရက် ကြာသပတေးနေ့၊ ညနေ (၆)နာရီ. . . .။

BURMESE CLASSIC .com






www.burmeseclassic.com